# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### အကျိုးထူးတရားလေးပါး

အမြဲရှိခိုးလေ့ရှိ၍ မိမိထက် ဂုဏ်အသက်သိက္ခာအားဖြင့် ကြီးသောသူတို့၌ အရိုအသေပြုလေ့ရှိသူအား အသက်ရှည်ခြင်း၊ အဆင်းလှခြင်း၊ ချမ်းသာခြင်း၊ ခွန်အားကြီးခြင်းဟူသော ဤအကျိုးထူးတရားလေးပါးတို့သည် တိုးပွားကုန်၏။

သဟဿဝဂ်(ဓမ္မပဒ-၁၀၉)


၁၃၈၂ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်　၂၀၂၁ ခုနှစ်၊ မတ် ၃၀ ရက်၊ အင်္ဂါနေ့　အတွဲ (၆၀)၊ အမှတ် (၁၈၁)


# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြား

## တိုင်းပြည်တိုးတက်ကောင်းမွန်ရေးကိုသာ အဓိကလိုလားပြီး မည်သည့် အစိုးရတက်လာသည်ဖြစ်စေ အတူတကွလက်တွဲ၍ နိုင်ငံ၏ ကောင်းရာကောင်းကျိုးများကို ကြိုးပမ်းဆောင်ရွက်သွားမည်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

သတင်းစဉ်

နေပြည်တော် မတ် ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲပိုင်းတွင် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ် ပြည်ငြိမ်းအေးခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊


စာမျက်နှာ ၃ ကော်လံ ၁ ❖


- ❒ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမစတင်မီ ကြိုတင်ပြင်ဆင်မှုကာလ၌ နိုင်ငံရေးပါတီများ၏ ပါတီမဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများကို တွေ့ရှိရ၊
- ❒ ထို့ပြင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဆောင်ရွက်၍ မရသော်လည်း COVID-19 ကို အကြောင်းပြု၍ အမိန့်အမျိုးမျိုးထုတ်ပြန်ကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်လုပ်ဆောင်မှုများကို တွေ့ရှိရ၊

## လေဖိအားနည်းရပ်ဝန်း ဖြစ်ပေါ်နိုင်

နေပြည်တော် မတ် ၂၉

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ယနေ့မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် နောက် ၄၈ နာရီအတွင်း လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းထားကြောင်း သိရသည်။

မြန်မာ့အလင်း

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်


ပြည်တွင်းသတင်း (စာ » ၁၀)


## တိုကျိုတွင် ကိုဗစ် -၁၉ စတုတ္ထအကျော့ကို ကာကွယ်ဆေးဖြင့် မကာကွယ်နိုင်ဟု လေ့လာထား


နိုင်ငံတကာသတင်း (စာ » ၁၃)

မြန်မာ့အလင်း

# ခေါင်းဆောင်ကောင်းနှင့် နိုင်ငံသားကောင်း

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို အဖြေရှာကြရာတွင် ရင်းနှီးမြှုပ်နှံမှု၊ နည်းပညာနှင့် အတတ်ပညာ လိုအပ်မှု၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးမှု၊ နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်တာများတွင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှု၊ နိုင်ငံရေး ဖွံ့ဖြိုးမှု စသည်ဖြင့် အဖြေများစွာ ထွက်ပေါ်လာခဲ့သော်လည်း အချုပ်အားဖြင့်မူ လူသာအဓိကဟူ၍ သုတေသီတို့က ကောက်ချက် ချခဲ့ကြသည်။ နိုင်ငံကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက် ရာတွင် အစိုးရနှင့်ပြည်သူတို့ကသာ ဖန်တီးဖော်ဆောင်ကြရခြင်း ဖြစ်ရာ ဦးစီးဦးဆောင်မှုကောင်းသလို လိုက်ပါဆောင်ရွက်မှုတို့ ကောင်းမွန်ပါက ဖွံ့ဖြိုးတိုးတက်မှုကို လျင်မြန်စွာ ရရှိနိုင်ကြမည် ဖြစ်သည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် ရင်ဆိုင်ကြရမည့် အခက်အခဲများမှ ကျော်လွှားနိုင်ရေး၊ မဖွံ့ဖြိုး မတိုးတက်သည့် အခြေအနေမှ ရုန်းထွက်နိုင်ရေးအတွက် တွန်းအားပေး ဆော်ဩရေး၊ ပြည်သူလူထုက ၎င်းတို့၏ အရင်းအမြစ်များကို စိုက်ထုတ်ကာ ပါဝင်ဆောင်ရွက်လာရေး၊ ယင်းသို့ ဆောင်ရွက်လာနိုင်ရန် အခွင့် အလမ်းများနှင့် အခင်းအကျင်းများ ဖန်တီးပေးရေး စသည်တို့ကို နိုင်ငံ၏ ခေါင်းဆောင်တို့က ဦးဆောင်ပြုလုပ်ပေးကြပြီး မှန်ကန် ကောင်းမွန်သောမူဝါဒများကို ချမှတ်ပေးကြရသည်။ နိုင်ငံဖွံ့ဖြိုး တိုးတက်ရေးအတွက် စိတ်အားထက်သန်သူသည် ခေါင်းဆောင် သည့်နေရာတွင်ရောက်ရှိနေပြီး နိုင်ငံသားပြည်သူများက ကိုယ်ရော စိတ်ပါ လိုက်ပါဆောင်ရွက်ကြခြင်းဖြင့် နိုင်ငံ၏ယန္တရားကိုကောင်းစွာ လည်ပတ်နိုင်ပြီး အရှိန်အဟုန်ရလာသည်နှင့်အမျှ ဆင်းရဲနိမ့်ကျသည့် အခြေအနေမှ ရုန်းထွက်လာနိုင်မည်။ ယင်းနောက် ဖွံ့ဖြိုးတိုးတက် သည့် အခြေအနေသို့ရောက်ရှိလာမည်ဖြစ်သည်။ အရေးပါသည့် အချက်မှာ နိုင်ငံ၏လူ့အဖွဲ့အစည်းအတွင်း အပြုသဘောဆောင် သည့်စိတ်ထားများနှင့် ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည့် သဘော ထားများ ပျံ့နှံ့ရှင်သန်နေဖို့ပင် ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံသားကောင်း များသည်လည်း အဓိကလိုအပ်ချက်ဖြစ်သည်။ ပျင်းရိသူများ၊ ပညာရည်နိမ့်ပါးသူများ၊ အမြော်အမြင်ကင်းမဲ့သူများ၊ ကိုယ်ကျိုး စီးပွားကိုသာ အဓိကထားသူများ၊ အစွဲကြီးသူများမှာ နိုင်ငံကို ကောင်းစွာတည်ဆောက်နိုင်မည့် နိုင်ငံသားကောင်းများ ဖြစ်မလာ နိုင်။ အရည်အသွေးညံ့ဖျင်းသည့် သစ်၊ ဝါး အညံ့များဖြင့် အိမ်ကောင်း တစ်ဆောင်ကို မဆောက်နိုင်သကဲ့သို့ပင် အရည်အသွေးနိမ့်သည့် နိုင်ငံသားများဖြင့် ကမ္ဘာ့အလယ်တွင်ထည်ဝါမည့် နိုင်ငံမျိုးကို တည်ဆောက်နိုင်မည်မဟုတ်။ သို့ဖြစ်သည့်အတွက် လုံ့လဝီရိယ ရှိသူ၊ ပညာရည်မြင့်မားသူ၊ ဉာဏ်အမြော်အမြင်ကြီးမားသူ၊ အများ အကျိုးဆောင်လိုသည့် ပရဟိတစိတ်ဓာတ်ရှိသူ၊ လူစွဲ မူစွဲ အစွဲ ကင်းပြီး နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးကို ရှေးရှုသူ နိုင်ငံသားကောင်း များကို ပြုစုပျိုးထောင်ပြီး နိုင်ငံတည်ဆောက်ရေးတွင် တစ်တပ် တစ်အားပါဝင်လာနိုင်မည့် အခြေအနေအခွင့်အလမ်းများ ဖန်တီး ပေးရမည်ဖြစ်သလို နိုင်ငံသားတိုင်းကလည်း မိမိတို့ကိုယ်ကိုယ် နိုင်ငံသားကောင်းတစ်ယောက်အဖြစ် လေ့ကျင့်ဖြည့်ဆည်း ကြရမည်ဖြစ်သည်။

ယခုအခါ မိမိတို့နိုင်ငံသည် နိုင်ငံရေးအလိုလောဘကြီးမား သူတို့ကြောင့် ညစ်နွမ်းခဲ့ရသည့် ဒီမိုကရေစီကို ပြန်လည်သန့်စင် ရန်၊ ရေရှည်တည်ငြိမ်ရှင်သန်နိုင်ရန်အတွက် ဆောင်ရွက်နေသည့် ကာလတစ်ရပ်ကို ဖြတ်သန်းနေရချိန်ဖြစ်သည်။ ယင်းကာလ၏ လုပ်ငန်းဆောင်တာများ ပြီးမြောက်သည့်အခါ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲနှင့် ပြည်သူတို့က ရွေးကောက် တင်မြှောက်သည့် အစိုးရတို့ ဖြစ်ပေါ်လာမည်ဖြစ်သည်။ ပြီးခဲ့သည့် ဖြစ်စဉ်များမှ နိုင်ငံရေးသင်ခန်းစာများကို သုံးသပ်မြင်တွေ့နိုင် မည်ဖြစ်သလို အနာဂတ်တွင်လည်း ခေါင်းဆောင်ကောင်းများ ပေါ်ပေါက်လာရေး၊ နိုင်ငံသားကောင်းများအဖြစ် ဖြည့်ကျင့် နိုင်ရေးအတွက် ကိုယ်စီကြိုးပမ်းနိုင်ကြပါစေကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါ အဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန် အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်း များဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကရင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး လှိုင်းဘွဲ့မျိုးစေ့ထုတ်ခြံနှင့် ရှာသာအေး မွေးမြူရေးဇုန်တို့ကို ကြည့်ရှု

ဘားအံ မတ် ၂၉

ကရင်ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန် ရှိသူများသည် မတ် ၂၉ ရက် နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူ ရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကရင် ပြည်နယ်စိုက်ပျိုးရေး ဦးစီး ဌာန လှိုင်းဘွဲ့မျိုးစေ့ထုတ်ခြံနှင့် ရှာသာအေးမွေးမြူရေးဇုန်တို့ကို သွားရောက်ကြည့်ရှု အားပေးခဲ့ ကြသည်။(ယာပုံ)

ရှေးဦးစွာ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့သည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာ နှစ် ပြည်နယ်ရန်ပုံငွေဖြင့် ဆောင်ရွက်သော စိုက်ပျိုးရေး ဦးစီးဌာန၊ မျိုးစေ့ဌာနခွဲ၊ လှိုင်းဘွဲ့ မျိုးသန့်ခြံ၊ ခြံတာဝန်ခံရုံး တည် ဆောက်ပြီးစီးမှု အခြေအနေ များကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းထိုက်နှင့် တာဝန်ရှိသူများက တည်ဆောက် ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ က လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့သည်။

ထို့နောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်းဘွဲ့မျိုးစေ့ထုတ် ခြံတွင် စိုက်ပျိုးထားသော ဆင်းသုခနွေစပါး မျိုးစေ့ထုတ် စိုက်ခင်း ၇ ဧက၊ ပိုက်ဆံလျှော် စိုက်ခင်း ၁၅ ဧက စိုက်ပျိုးထားရှိ မှုအခြေအနေများနှင့် သိုလှောင်ရုံ၊ အခြောက်ခံစက်ရုံ၊ မျိုးစေ့ သန့်စင်စက်လည်ပတ်မှု အခြေ အနေနှင့် ၂၀၂၁-၂၀၂၂ ခုနှစ်တွင် အဆိုပါ မျိုးစေ့ ထုတ်ခြံအဝင်လမ်း ကွန်ကရစ်လမ်းခင်းမည့် နေရာ တို့ကို ကြည့်ရှုအားပေးခဲ့ပြီး ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက မျိုးစေ့ထုတ်ခြံ အတွင်း စိမ်းလန်းစိုပြည်ရေး လုပ်ငန်းများကို ယခုထက် ပိုမို ဆောင်ရွက်ရန်၊ တောင်သူများ အား ဒေသနှင့် ကိုက်ညီသည့် စပါးမျိုးစေ့ များ ဖြန့်ဖြူးပေးသွား ရန်၊ မျိုးစေ့သန့်စင်စက်ရုံတွင် ဒေသခံတောင်သူများ၏ မျိုးစပါး များ လာရောက် သန့်စင်နိုင်ရေး အတွက် စည်းရုံးဆောင်ရွက် သွားကြရန် မှာကြားခဲ့သည်။

ယင်းနောက် ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့သည် လှိုင်းဘွဲ့မြို့နယ် ရှာသာအေး မွေးမြူရေးဇုန် ရှင်းလင်းဆောင်သို့ ရောက်ရှိပြီး ဒေသခံမွေးမြူရေးလုပ်ငန်းရှင် များနှင့်တွေ့ဆုံရာ ပြည်နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာ အောင်မြင့်ဟန်နှင့် မွေးမြူရေးဇုန် ကော်မတီဥက္ကဋ္ဌ ဒေါ်အေးနုတို့က ဇုန်အတွင်း မွေးမြူထားသော တိရစ္ဆာန်အမျိုးအစားနှင့် အရေ အတွက်များ၊ လိုအပ်ချက်များနှင့် အခက်အခဲများအား ရှင်းလင်း တင်ပြကြရာ ပြည်နယ်စီမံအုပ်ချုပ် ရေးကောင်စီဥက္ကဋ္ဌက ဌာန ဆိုင်ရာ တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက် ပေးခဲ့ပြီး မွေးမြူရေးဇုန်အတွင်း မွေးမြူထားရှိမှု အခြေအနေများ ကို လိုက်လံကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

စောမျိုးမင်းသိန်း(ပြန်/ဆက်)



## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် မတ် ၂၉

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသ ကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်မည်။ မိုး/ဇလ




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကိုပေးအပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး လက်ခံရယူစဉ်။

သတင်းစဉ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ဇနီး ဒေါ်ကြူကြူလှက တိုင်းစစ်ဌာနချုပ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တြိဂံဒေသတိုင်းစစ်ဌာနချုပ်တိုင်းမှူး၏ဇနီး လက်ခံရယူစဉ်။

သတင်းစဉ်

**"တပ်မတော်မှ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှ စတင်၍ NLD ပါတီဝင်များနှင့် ထောက်ခံသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှ တစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်းကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေးအဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာနေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့်လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရ"**

❖ ရှေ့ဖုံးမှ

ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် ကျိုင်းတုံတပ်နယ်မှ အရာရှိ၊ စစ်သည်မိသားစုများ တက်ရောက်ကြသည်။

### တာဝန်ပေးအပ်လာခဲ့ခြင်းဖြစ်

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် မိမိတို့နိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုအခြေအနေများကို အရာရှိ၊ စစ်သည်မိသားစုများ သိရှိစေရန် အနည်းငယ်ပြောကြား လိုကြောင်း၊ ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ကြောင်း။ နိုင်ငံတကာ၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့ချိန်၊ ကပ်ရောဂါကြုံတွေ့ချိန်၊ လုံခြုံရေးအရ ဥပဒေကြောင်းအရ ပိုမိုထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်ချိန်များတွင် အရေးပေါ်အခြေအနေကို ကြေညာလေ့ရှိကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများနှင့် မဲစာရင်းမှားယွင်းမှုများကို ဒီမိုကရေစီ နည်းလမ်းများနှင့်အညီ အတတ်နိုင်ဆုံး ဖြေရှင်း ဆောင်ရွက်ရန် ကြိုးစားခဲ့သော်လည်း မည်သို့မျှ ဆွေးနွေးညှိနှိုင်းဖြေရှင်းမရသည့်အပြင် တတိယအကြိမ် လွှတ်တော်ခေါ်ယူ၍ အစိုးရအသစ်ဖွဲ့ရန် အတင်းအဓမ္မ ကြံစည်ကြိုးပမ်းလာမှုများကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေးပြုလုပ်ကာ နိုင်ငံတော်ကို နိုင်ငံရေးအရ အရေးပေါ်အခြေအနေအဖြစ် ကြေညာခဲ့ပြီး ယာယီသမ္မတက တပ်မတော်ကို ထိန်းသိမ်းဆောင်ရွက်ပေးရန် တာဝန်ပေးအပ်လာခဲ့ခြင်းဖြစ်ကြောင်း။

မိမိအနေဖြင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) သို့ ရွေးကောက်ပွဲမတိုင်မီကာလတွင် လာရောက်ခဲ့ပြီး တပ်မတော်သားများ၊ မိသားစုများနှင့် တွေ့ဆုံစဉ် ရွေးကောက်ပွဲနှင့် ပတ်သက်၍ တရားမျှတပြီး ရိုးသားသည့် ရွေးကောက်ပွဲဖြစ်စေလိုကြောင်း၊ မိမိဒေသနှင့် တိုင်းပြည်၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည့်သူများကို ရွေးချယ်မဲပေးကြစေလိုပြီး မဲမပေးပါက မိမိတို့၏ သဘောထားနှင့် ကိုက်ညီမှုမရှိသူကို ရရှိမည်ဖြစ်သဖြင့် အားလုံးဆန္ဒမဲပေးကြစေလိုကြောင်းဖြင့် တိုက်တွန်းပြောကြားခဲ့ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူအားလုံး လိုလားတောင့်တနေကြသည့် ပါတီစုံဒီမိုကရေစီစနစ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေ ၂၀၀၈ ခုနှစ်နှင့်အညီ ဖော်ဆောင်ပေးခဲ့ကြောင်း၊ တိုင်းပြည်တိုးတက်ကောင်းမွန်ရေးကိုသာ အဓိကလိုလားပြီး မည်သည့်အစိုးရ တက်လာသည်ဖြစ်စေ အတူတကွလက်တွဲ၍ နိုင်ငံ၏ ကောင်းရာကောင်းကျိုးများကို ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

### ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်လုပ်ဆောင်

၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် ရွေးကောက်ပွဲမစတင်မီ ကြိုတင်ပြင်ဆင်မှုကာလ၌ နိုင်ငံရေးပါတီများ၏ ပါတီမဲဆွယ်စည်းရုံးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပါတီများ၏ ပြောဆိုလုပ်ပိုင်ခွင့်နှင့်ပတ်သက်၍ တရားမျှတမှု သံသယဖြစ်စရာများကို တွေ့ရှိရကြောင်း၊ ထို့ပြင် ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်ဆောင်ရွက်၍ မရသော်လည်း COVID-19 ကို အကြောင်းပြု၍ အမိန့်အမျိုးမျိုးထုတ်ပြန်ကာ ဥပဒေ၊ နည်းဥပဒေများကို ကျော်လွန်လုပ်ဆောင်မှုများကို တွေ့ရှိရကြောင်း။

လက်ရှိအချိန်တွင် မဲစာရင်းများ စစ်ဆေးခြင်းကို အသစ်ဖွဲ့စည်းထားရှိသည့် ရွေးကောက်ပွဲကော်မရှင်က စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း၊ ယခင်ရွေးကောက်ပွဲကော်မရှင်မှ ထိပ်ပိုင်းတာဝန်ရှိသူများကို စစ်ဆေးမေးမြန်းခဲ့ရာတွင်လည်း ၎င်းတို့ကော်မရှင်အနေဖြင့် လွတ်လပ်မှုမရှိဘဲ သမ္မတ၏ ထိန်းချုပ်မှု၊ ပြောဆိုမှုများအတိုင်းသာ ဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်ဟု ပြောဆိုခဲ့သည်ကို သတင်းစာရှင်းလင်းပွဲများ၌လည်း ထည့်သွင်းရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရွေးကောက်ပွဲကော်မရှင်အနေဖြင့် မြေပြင်စစ်ဆေးတွေ့ရှိချက်များကို မြို့နယ်တစ်မြို့နယ်ချင်းအလိုက် နေ့စဉ်အသေးစိတ်ထုတ်ပြန်ပေးလျက်ရှိပြီး ယခင် တပ်မတော်မှ ထုတ်ပြန်ခဲ့သည့် စစ်ဆေးတွေ့ရှိချက်ထက်ပင် မဲမသမာမှုများ ပိုမိုများပြားနေသည်ကိုတွေ့ရှိရကြောင်း။

### ကူးစက်အသွင်ပြောင်းလာခဲ့

တပ်မတော်မှ စတင်တာဝန်ယူသည့် ပထမရက်သတ္တပတ်အတွင်း တည်ငြိမ်အေးချမ်းခဲ့သော်လည်း ဒုတိယအပတ်မှစတင်၍ NLD ပါတီဝင်များနှင့် ထောက်ခံသူများ၏ သွေးထိုးလှုံ့ဆော်မှုများကြောင့် ဆူပူမှု၊ ဆန္ဒပြမှုများဖြစ်ပေါ်ခဲ့ကြောင်း၊ ယခုအခါ ဆူပူဆန္ဒပြသည့်အဆင့်မှ မင်းမဲ့စရိုက်ဆန်သည့် ဥပဒေချိုးဖောက်မှုအဆင့်များမှ တစ်ဆင့် ပွိုင့် ၂၂ သေနတ်၊ တူမီးသေနတ်၊ လေသေနတ်၊ လက်လုပ်သေနတ်၊ လက်လုပ်လက်ပစ်ဗုံးများ၊ မီးပုလင်း၊ မီးကွင်း ကဲ့သို့သော အဖျက်အမှောင့်လက်နက်များကို ကိုင်စွဲ၍ နိုင်ငံတော်အုပ်ချုပ်ရေး အဆောက်အဦများ၊ ရဲစခန်းများ၊ တရားရေးဆိုင်ရာ အဆောက်အဦများအပြင် ရိုးသားအေးချမ်းစွာ နေထိုင်လိုသည့် ပြည်သူတို့၏ နေအိမ် အဆောက်အဦများ၊ စက်ရုံ၊ အလုပ်ရုံများအား မီးရှို့ဖျက်ဆီးခြင်းများ၊ ဝင်ရောက်စီးနင်းရန် ကြိုးပမ်းအားထုတ်မှုများ စသည့်လက်နက်ကိုင်အကြမ်းဖက်သည့်အဆင့်သို့ ကူးစက်အသွင်ပြောင်းလာခဲ့သည်ကို တွေ့ရှိလာရကြောင်း။

### စစ်အုပ်ချုပ်ရေးထုတ်ပြန်

ထို့ပြင် ပြည်တွင်းပြည်ပ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ထားသော စက်ရုံ၊ အလုပ်ရုံများကို မီးရှို့ဖျက်ဆီးခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်လာခြင်းတို့ ပြုလုပ်လာကြောင်း၊ ထို့ကြောင့် မည်သို့မျှ မတတ်သာသည့်အဆုံး လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးတို့ကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၊ ရွှေပြည်သာမြို့နယ်၊ ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်နှင့် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်တို့တွင် စစ်အုပ်ချုပ်ရေး (Martial Law) ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ ယင်းသို့ ဆူပူဆန္ဒပြမှုများသည် အခြားနိုင်ငံများတွင်လည်း ဖြစ်ပွားလေ့ရှိပြီး ငြိမ်းချမ်းစွာ သတ်မှတ်ချက်များနှင့်အညီ ဆန္ဒပြခြင်းများရှိသကဲ့သို့ စည်းကမ်းနှင့် ကိုက်ညီမှုမရှိသဖြင့် ဥပဒေနှင့်အညီ ဖြိုခွင်းခဲ့ရမှုများလည်း ရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့များအနေဖြင့် လူကိုသေစေအောင် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်း၊ အမိန့်ပေးခြင်းများမရှိခဲ့ဘဲ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့်

စာမျက်နှာ ၄ သို့

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

---

*စာမျက်နှာ ၃ မှ*

အေးချမ်းစွာနေထိုင်လိုသူများ၏ အသက် အန္တရာယ် ထိခိုက်စေသည်အထိ လုပ်ဆောင်လာခဲ့၍ သာလျှင် မလွဲသာမရှောင်သာ ဆောင်ရွက်ခဲ့ရခြင်းများ ရှိခဲ့ကြောင်း။

**မဲစာရင်းများကို စိစစ်လျက်ရှိ**

လက်ရှိအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိပြီး ပထမဦးစားပေးအနေဖြင့် မဲစာရင်းများကို စိစစ်လျက်ရှိပြီး တွေ့ရှိချက်များကို ထုတ်ပြန်ကြေညာလျက်ရှိကာ အလုံးစုံပြီးစီးပါက ပေါင်းချုပ်စာရင်းများကို ဆက်လက် ထုတ်ပြန်ကြေညာသွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရမည်ဖြစ်ပြီး COVID-19 ရောဂါဖြစ်ပွားမှုကြောင့် ကျောင်းများပိတ်ထားခြင်းသည် ကျောင်းသားကျောင်းသူများနှင့် မိဘတစ်ဦးချင်းစီ၏ နစ်နာဆုံးရှုံးမှုအပြင် တိုင်းပြည်အတွက်လည်း နစ်နာဆုံးရှုံးမှုပင် ဖြစ်သောကြောင့် ကျောင်းများ စနစ်တကျပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင်လုပ်ဆောင်လျက်ရှိကြောင်း။

တပ်မတော်သည် တိုင်းပြည်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူက အားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ပြီး ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန် အမြဲအသင့်ပြင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ တပ်မတော်အပေါ်၊ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သည့် စိတ်ရင်း၊ စိတ်ဓာတ်များအတွက်လည်း လေးစားချီးကျူးပါကြောင်း၊ တပ်ရင်းတပ်ဖွဲ့များအားလုံးအနေဖြင့် စစ်သည်တစ်ဦးချင်းမှစ၍ အရည်အချင်းရှိအောင်၊ တိုးတက်အောင်တည်ဆောက်ပြီး မိမိတို့၏ လုပ်ဆောင်ချက်အားလုံးသည် တိုင်းပြည်အတွက် ဖြစ်ရမည်ဟူသည့် စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်၊ အကျိုးရှိအောင် လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့ တစ်ဦးချင်း၏ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားနှင့် အဖွဲ့လိုက်လုပ်ဆောင်ရသည့် အားကစားပြိုင်ပွဲများကို လုပ်ဆောင်ကြရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတများ ကြွယ်ဝစေရေးအတွက် မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်ပြီး မိမိတို့၏ ကလေးငယ်များကိုလည်း စာဖတ်အောင် တွန်းအားပေးကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ဗုဒ္ဓဘာသာယဉ်ကျေးမှုထုံးတမ်းစဉ်လာများကို သိရှိအောင်လည်း သင်ကြားပေးကြရမည် ဖြစ်ကြောင်း၊ တပ်မတော်ကို ကောင်းမွန်အောင်၊ တိုးတက်အောင် လုပ်ဆောင်ရန်မှာ မိမိတို့ပစ္စုပ္ပန်တွင် တာဝန်ထမ်းဆောင်နေကြသူများ၏ တာဝန်ဖြစ်ပြီး ကောင်းမွန်သောအမွေများကို လက်ဆင့်ကမ်းနိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် တိုင်းပြည်ကို စစ်မှန်သည့် ဒီမိုကရေစီလမ်းကြောင်းပေါ်သို့ ပြန်လည်ရောက်ရှိစေရေး နိုင်နိုင်မာမာ ယုံကြည်ချက်ရှိရှိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

> **"တပ်မတော်သည် တိုင်းပြည်အကျိုးအတွက် ကြိုးပမ်းဆောင်ရွက်နေချိန်တွင် ပြည်သူက အားကိုးရသည့်၊ တိုင်းပြည်က အားထားရသည့် တပ်မတော်ဖြစ်စေရေး အားလုံးကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပြီး ပြည်သူ့အကျိုးကို ဖော်ဆောင်ပေးရန်၊ တိုင်းပြည်ကို ကာကွယ်နိုင်ရန် အမြဲအသင့်ပြင် ဆောင်ရွက်ကြရမည်ဖြစ်၊ တပ်မတော်သားများနှင့် မိသားစုဝင်များ၏ တပ်မတော်အပေါ်၊ တိုင်းပြည်အပေါ်ထားရှိသည့် ကောင်းမွန်သည့်စိတ်ရင်း၊ စိတ်ဓာတ်များအတွက်လည်း လေးစားချီးကျူး၊ တပ်ရင်းတပ်ဖွဲ့များ အားလုံးအနေဖြင့် စစ်သည်တစ်ဦးချင်းမှစ၍ အရည်အချင်းရှိအောင်၊ တိုးတက်အောင်တည်ဆောက်ပြီး မိမိတို့၏ လုပ်ဆောင်ချက်အားလုံးသည် တိုင်းပြည်အတွက် ဖြစ်ရမည်ဟူသည့် စိတ်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြစေလို၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အောင်မြင်အောင်၊ အကျိုးရှိအောင် လုပ်ဆောင်ကြရမည်ဖြစ်"**

**ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်**

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် လူသုံးကုန်ပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ ဇနီး ဒေါ်ကြူကြူလှက တိုင်းစစ်ဌာနချုပ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းအတွက် ချီးမြှင့်ငွေများကိုပေးအပ်ရာ တိုင်းမှူး၏ဇနီးက လည်းကောင်း အသီးသီးလက်ခံရယူကြသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် တပ်နယ်အသီးသီးမှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြသည်။

**ရှင်းလင်းတင်ပြ**

ယနေ့ နံနက်ပိုင်းတွင်လည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းက တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်ရင်း၊ တပ်ဖွဲ့များ၏ တပ်တည်ဆောက်ရေးလုပ်ငန်းကြီး ၄ ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် အခြေအနေများ၊ နယ်မြေဒေသလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး၊ တပ်မိသားစုသက်သာချောင်ချိရေးဆောင်ရွက်နေသည့် အခြေအနေများ၊ COVID-19 ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် တပ်မိသားစုဝင်များနှင့် ဒေသခံပြည်သူများသို့ ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တိုင်းစစ်ဌာနချုပ်အနေဖြင့် မိမိတို့နိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် ထိုင်း၊ လာအို၊ တရုတ် နိုင်ငံတို့နှင့် နယ်စပ်ဒေသများ တစ်လျှောက် တည်ငြိမ်အေးချမ်းရေး၊ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးနှင့် သတင်းအချက်အလက် ဖူးပေါင်းဆောင်ရွက်ရေးများကို ထိရောက်စွာ လုပ်ဆောင်ကြရန်လိုကြောင်း၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် မတရားသောနည်းလမ်းများ အသုံးပြုကာ နိုင်ငံတော်၏ အာဏာကိုရယူရန် ဆောင်ရွက်ခဲ့မှုများဖြစ်ပေါ်ခဲ့သောကြောင့် တပ်မတော်အနေဖြင့် နိုင်ငံတော်၏ တာဝန်ကို ထိန်းသိမ်းတာဝန်ယူခဲ့ရသည်ကို သိရှိကြမည်ဖြစ်ကြောင်း၊ NLD ပါတီအနေဖြင့် မသက်ဘဖွယ်မဲစာရင်းပေါင်း ၁၀ သန်းကျော်အထိ မသမာမှုများ လုပ်ဆောင်ခဲ့ခြင်းသည် ဒီမိုကရေစီနည်းလမ်းမကျသည့် လုပ်ရပ်ဖြစ်သဖြင့် လက်ခံ၍ ရနိုင်မည်မဟုတ်ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် ကြေညာလုပ်ဆောင်ခဲ့ရကြောင်း၊ တပ်မတော်၏ တရားဥပဒေနှင့်အညီ လုပ်ဆောင်ခဲ့မှုအပေါ် NLD ပါတီအဖွဲ့ဝင်များနှင့် မလိုလားသူများက လက်မခံနိုင်သည့် လုပ်ဆောင်ချက်များကို ပြုလုပ်လာသည်ကို တွေ့ရှိရပြီး EAOs များကလည်း သံယောင်လိုက်ပြောဆိုမှုများ လုပ်ဆောင်လာကြကြောင်း၊ RCSS/SSA အဖွဲ့အနေဖြင့် တပ်မတော်၏ နိုင်ငံတော်၏ တာဝန်ထိန်းသိမ်းဆောင်ရွက်မှုများကို ဦးစွာဝေဖန် ပြောကြားခဲ့ကြောင်း၊ KNLA တပ်မဟာ (၅)အနေဖြင့် KNU ဗဟိုဦးစီးကော်မတီဝင်များနှင့် KNLA စစ်ဦးစီးချုပ်တို့၏ တားမြစ်ချက်များကို လိုက်နာမှုမရှိဘဲ ယခုလ ၂၇ ရက်နေ့တွင် တပ်မတော်က အခြေပြုထားသည့် ထီးမူထစခန်းအား NCA ကို လိုက်နာမှုမရှိဘဲ အင်အားအလုံးအရင်းဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့ကြောင်း။

**အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်**

ထိုကဲ့သို့ ဆောင်ရွက်နေခြင်းများမှာ ၎င်းတို့၏ နောက်ကွယ်မှ ထောက်ပံ့နေသည့် နိုင်ငံများနှင့် အဖွဲ့အစည်းများ၏ အလိုကျပြောဆိုလုပ်ကိုင်နေကြရခြင်းဖြစ်ကြောင်း၊ ၎င်းနိုင်ငံများနှင့် အဖွဲ့အစည်းများသည်လည်း NLD အစိုးရ ဆက်လက်ရှိနေမှ သာလျှင် ၎င်းတို့လိုချင်သည့် ပုံစံနှင့် ၎င်းတို့ပြောသည့်အတိုင်း လုပ်ဆောင်သည့် အစိုးရကို ရရှိမည်ဖြစ်သဖြင့် ယခုကဲ့သို့ ပြောကြားစေခြင်းဖြစ်ကြောင်း၊ EAOs များ၏ လုပ်ဆောင်မှုများကို မပြတ်စောင့်ကြည့်ပြီး ဆက်စပ်နိုင်ငံများကိုလည်း သတင်းဖလှယ်မှု အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နေရန်လိုကြောင်း၊ တပ်ရင်း၊ တပ်ဖွဲ့များအနေဖြင့် တိုင်းစစ်ဌာနချုပ်အလိုက် စစ်ဆင်ရေးနှင့် လုံခြုံရေးတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်ရေး အမြဲစစ်ရေးသတိ၊ စစ်ရေးအသိ ရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေး ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းဖြင့် ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လို

**ဒီမိုကရေစီဆိုသည်မှာ အများ၏ဆန္ဒနှင့် ဆောင်ရွက်ခြင်းဖြစ်ပြီး အများ၏ ဆန္ဒနှင့် ဆောင်ရွက်သည်ဆိုသော်လည်း အများ၏ဆန္ဒသည် စစ်မှန်ပြီး ရိုးသားသည့် နိုင်ငံရေးဖြစ်ရန်လိုကြောင်း၊ အများဆန္ဒသည် ရိုးသားမှုမရှိပါက ယင်းနိုင်ငံရေးသည် ဒီမိုကရေစီဟု ပြောနိုင်ရန်ခဲယဉ်းကြောင်း၊ တက်လာသည့်အစိုးရများသည် ဒီမိုကရေစီကို မှန်မှန်ကန်ကန်နှင့် အမှန်တကယ်အလုပ်လုပ်နိုင်မည့် အစိုးရဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၀-၃-၂၀၂၂ ရက်နေ့တွင် မြိတ်၊ ကျွန်းစုနှင့် ကိုကိုးကျွန်းတပ်နယ်တို့မှ အရာရှိ၊ စစ်သည်မိသားစုများနှင့် တွေ့ဆုံစဉ် ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှောင်လမ်းဖောက်လုပ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကျိုင်းတုံမြို့ရှောင်လမ်း ဖောက်လုပ်နေမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးစဉ်။ သတင်းစဉ်

နေပြည်တော် မတ် ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ညနေပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် ဦးစိုင်းလုံးဆိုင်၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းတို့ လိုက်ပါ၍ ကျိုင်းတုံမြို့ရှောင်လမ်းဖောက်လုပ်နေမှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ရှမ်းပြည်နယ်(အရှေ့ပိုင်း) လမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး (မြို့ပြ) ဦးရဲလင်းက မိတ္ထီလာ-တောင်ကြီး-ကျိုင်းတုံ-တာချီလိတ် လမ်းကြောင်းပေါ်ရှိ ကျိုင်းတုံမြို့ရှောင် (ကတ္တရာ-ကွန်ကရစ်) လမ်း၊ လမ်းအရှည် ၁၀ ကီလိုမီတာ၊ အကျယ် ၇ မီတာကို ဖောက်လုပ်လျက်ရှိသည့်အခြေအနေများ၊ လက်ရှိအချိန်တွင် ၁ ဒသမ ၂၃ ကီလိုမီတာအထိ ဖောက်လုပ်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ပြန်လည်ဆွေးနွေးမှာကြား

ရှင်းလင်းတင်ပြမှုများအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က (ကတ္တရာ-ကွန်ကရစ်) လမ်းခင်းကျင်းရာတွင် သတ်မှတ်ချက်များနှင့် ပြည့်မီစွာခင်းကျင်းရေး၊ လမ်းကြောင်းပေါ်တွင် ရေတင်ကျန်ပြီး လမ်းပျက်စီးမှုမရှိစေရေးအတွက် လမ်းကြောင်းတစ်လျှောက် ရေနုတ်မြောင်းဖောက်လုပ်မှုကို လမ်းအနိမ့်အမြင့်အလိုက် ထားရှိသင့်သည့် မြောင်းအကျယ်ပမာဏကို တွက်ချက်လုပ်ဆောင်နိုင်ရေးနှင့် ကျိုင်းတုံမြို့၏ ရာသီဥတုအခြေအနေကို ချိန်ထိုးကိုက်ညှိ၍ တွက်ချက်ဖောက်လုပ်နိုင်ရေး၊ လမ်းကြောင်းပေါ်တွင် ဆောင်ရွက်ရန်လိုအပ်သည့် တံတားများကို ပုံစံဒီဇိုင်းရေးဆွဲထားရှိရေး လိုအပ်သည်များကို ပြန်လည်ဆွေးနွေးမှာကြားသည်။

ထို့နောက် မြို့ရှောင်လမ်းဖောက်လုပ်ထားမည့် လျာထားမြေသားလမ်းကြောင်းပေါ်တွင် ယာဉ်ယန္တရားများ အသုံးပြု၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများအား မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ ညှိနှိုင်းဆွေးနွေး မှာကြားခဲ့သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ ကျက်သရေဆောင် မဟာမြတ်မုနိဘုရားကြီးသို့ သွားရောက်ဖူးမြော်ကြည်ညိုကြရာ ဂေါပကအဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် မဟာမြတ်မုနိ ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီးအား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်ပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့က လက်ခံရယူခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က တန်ဆောင်မုန်းလပြည့်နေ့တွင်ကျရောက်မည့် မဟာမြတ်မုနိဘုရားကြီးရာပြည့်ပွဲတော်အတွက် လိုအပ်သည်များကို ပြင်ဆင်လုပ်ဆောင်ထားရှိရန် ဂေါပကအဖွဲ့နှင့် တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ သတင်းစဉ်

# ဒီမိုကရေစီပုံပြင် ဇာတ်လမ်းများ

ကိုရေချမ်း

ရှေးက အိပ်ရာဝင်ပုံပြင်၊ သားချော့ပုံပြင်တို့ကို ယနေ့လူကြီးများအားလုံး သိရှိမှတ်မိကြဦးမည်ဖြစ်သည်။ လူငယ်လူရွယ်များအနေဖြင့် သိရှိသူနည်းပါးသွားပြီဟု ထင်သည်။ မွေးဖွားစမှ လူလားမမြောက်သေးသည့် ကလေးငယ်ဘဝအထိ လူကြီးမိဘများက ကလေးငယ်များအား ပုံပြောပြသည့် အလေ့အထရှိခဲ့ပါသည်။

အမေသည် သားငယ်အား ရင်ခွင်တွင် ပိုက်ထွေးပြီး နို့ချိုတိုက်ကျွေးရင်း ပြူးတတ်၊ ရယ်တတ်၊ ကြည့်တတ်သည့်အချိန်မှစ၍ -

"ဖိုးလမင်းကြီးရေ . . . ထမင်းဆီဆမ်း၊ ရွှေလင်ပန်းနှင့်ပေးပါ . . ဝါး . . . ဝါး . . . ဝါး . . ." အမေသည် ဖိုးလမင်းကြီးဆီသို့ မော့၍ တောင်းဟန်၊ ပေး၍ စားရဟန် ဝါး . . . ဝါး . . .ဝါး လုပ်ပြခဲ့သည်။ သားငယ် တစ်နေ့တခြား ဖွံ့ဖြိုးလာသည့် အရွယ်အလိုက် ကလေးနားမျက်စိနှင့်သင့်တော်အောင်-

"လူကလေးအိပ်ချိန်တန် ဗျိုင်းရှေ့ကပျံ" "ကြောင်ဖားကြီး မြီးတံတို" စသည့် ကလေးသိပ်၊ သားချော့ စသည့် တေးသီချင်း၊ ကဗျာ၊ ပုံတိုပတ်စများဖြင့် မိခင်ဖြစ်သူက ရုပ်အာဟာရ နို့ချိုတိုက်ကျွေးခြင်းနှင့်အတူ အသိအာဟာရများကို ကျွေးမွေးပေးခဲ့ကြပါသည်။

## ဘဝလမ်းညွှန် မှာတမ်း

လူမျိုးတကာတွင် ကိုယ့်အတွေး၊ ကိုယ့်ဒေသ၊ ကိုယ့်ဘာသာဖြင့် ဒဏ္ဍာရီပုံပြင်များ ထုတ်လွှတ်နေကြသူချည်းဖြစ်ပါသည်။ ရှေးက မိဘတိုးဘွားများ ပြောဆိုသွားသမျှ ဒဏ္ဍာရီပုံပြင်များကို စစ်တမ်းထုတ်လျှင် ဘဝလမ်းညွှန် မှာတမ်းသဖွယ် ဆောင်ရန်၊ ရှောင်ရန် နီတိသဘောများပင်ဖြစ်ပါသည်။ မွေးဖွားလာသော သားမြေးဆက်တို့အား အတတ်၊ အသိ အလိမ္မာ တိုးတက်ရေးအတွက် သင်ကြားပေးရန် ဘာသာရပ်သဖွယ် ဒဏ္ဍာရီပုံပြင်အလားဟု ယူဆဖွယ်ဖြစ်စေသည်။

လူ့အဖွဲ့အစည်းတွင် ကောင်းသောစေတနာဖြင့် ဒဏ္ဍာရီပုံပြင်များ ဖန်တီးခဲ့သူများရှိသလို မကောင်းသောစေတနာဖြင့် ဒဏ္ဍာရီပုံပြင်များ ဖန်တီးနေသူများလည်းရှိခဲ့၊ ရှိနေကြပါသည်။

အပြုသဘောမဆောင်သော ထင်ယောင်ထင်မှား ဖြစ်စေသည့် ဖန်တီးမှုများကို အသိဉာဏ်ရှိသူတို့က ချေဖျက်ကြသည်သာဖြစ်သည်။ ဆရာကြီး ဦးဘဂျမ်းက ကလေးများအား တစ္ဆေသရဲ စိတ်ခြောက်လှန့်ခြင်းကို ချေဖျက်ခဲ့သလို ဆရာဇဝနကလည်း ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်အချို့ဖြင့် နတ်အစွဲအလမ်းများကို ချေဖျက်ခဲ့ပါသည်။ မျက်မှောက်ကာလတွင် အချို့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက မဖြစ်နိုင်သော ပုံပြင်ဇာတ်လမ်းများဖြင့် လူတို့အား စည်းရုံးဆွဲဆောင်ဖြားယောင်းခြင်း၊ ခြောက်လှန့်ခြင်း၊ ဖိအားပေးခြင်းတို့ ပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ထိုမမှန်ကန်သော ပုံပြင်ဇာတ်လမ်းများကို ဖန်တီး၍ လူတို့အား လမ်းမှားရောက်အောင် ဖန်တီးနေမှုများကို တားဆီးကြရမည် ဖြစ်သည်။

## လုပ်ကြံဇာတ်လမ်းဆင်ထား

ပုံပြင်ဆိုသည်မှာ လူတို့၏ စိတ်ကို ဖမ်းစားထားသော စိတ်ကူးယဉ်ဇာတ်လမ်း သက်သက်သာဖြစ်ပါသည်။ အမှန်တကယ်မဟုတ်ဘဲ တကယ်အဟုတ်ဖြစ်သလိုလို လုပ်ကြံဇာတ်လမ်းဆင်ထားခြင်း ဖြစ်ပါသည်။ ယခုဆိုလိုချင်သော ပုံပြင်ဇာတ်လမ်းများမှာ နိုင်ငံရေးကလိမ်ခြုံ အမှန်တကယ်မဟုတ်နိုင်သည့် အကြံပုပ်ဇာတ်လမ်းများဖြစ်ပါသည်။ နိုင်ငံရေးပုံပြင်များကို အာဏာမက်မောသူများ၊ အာဏာလက်လွှတ်လိုက်ရသူများ၊ တည်ဆဲအစိုးရကို မလိုလားသူများ၊ တိုင်းပြည်ကို ဖျက်လိုဖျက်ဆီးလုပ်လိုသူများက တမင်ဖန်တီးပြုလုပ်ကြပါသည်။ ပုံပြင်ဇာတ်လမ်းများတွင်၍ မိမိတို့အာဏာရရှိရေးအတွက် ပေါ်လာသော လမ်းကြောင်းပေါ်လိုက်ကာ အလုပ်လုပ်နေကြသူများဖြစ်ပါသည်။

ပုံပြင်ဇာတ်လမ်းတို့ကို လေလှိုင်းများပေါ်မှ နိုင်ငံရေးဇာတ်လမ်း၊ ဇာတ်ကွက်များအဖြစ် ဖန်တီးခဲ့ကြပါသည်။ တစ်နည်းဆိုလျှင် မအောင်မြင်သော စိတ်ကူးယဉ်အစိုးရကို ဖန်တီးကြခြင်းဖြစ်သည်။ အစောပိုင်းက ဗမာပြည်ကွန်မြူနစ်ပါတီသည် မြန်မာပြည်သူများ ထင်ယောင်ထင်မှားဖြစ်အောင် လေလှိုင်းကြားမှ ဇာတ်လမ်း အမျိုးမျိုးကို တစ်ဖက်နိုင်ငံမှ လွှင့်ထုတ်ခဲ့ကြဖူးသည်။ ပြည်တွင်းမှ အမာခံများက မြေအောက်လှုပ်ရှားမှုများ၊ မြေပေါ်လှုပ်ရှားမှုများ၊ ထိပ်တိုက်ရင်ဆိုင်ရေး နည်းလမ်းများ၊ အဖျက်လုပ်ရပ်များလုပ်ကိုင်ကြသည်။ မြန်မာပြည်၏ ပထမဆုံးဝန်ကြီးချုပ်ကြီးတစ်ဦးဖြစ်ခဲ့သူကလည်း တစ်ဖက်နိုင်ငံတွင် ခိုလှုံ၍ ပြည်ပြေးအစိုးရဖွဲ့စည်းပြီး နိုင်ငံတော်အာဏာပြန်ရရေး လုပ်ခဲ့သေးသည်။

တကယ်မဟုတ်သော စိတ်ကူးယဉ် နိုင်ငံရေး ပုံပြင်ဇာတ်လမ်းများကို ထုတ်နုတ်ပြရမည်ဆိုလျှင် တစ်ထောင့်တစ်ည ပုံပြင်မက ရှည်လျားသွားနိုင်သည်။ မြန်မာနိုင်ငံမှ နိုင်ငံရေးခေါင်းဆောင်အချို့၏ စိတ်ကူးယဉ်အိပ်မက်များမှာ ပုံပြင်ဆန်ဆန်သာဖြစ်သည်။ ၎င်းတို့သည် နိုင်ငံတော်တွင် အာဏာရရှိခဲ့ဖူးပါသည်။ ၎င်းတို့ နိုင်ငံ့တာဝန်ယူခဲ့သည့် ကာလက တိုင်းပြည်သိသိသာသာ ပြောင်းလဲတိုးတက်အောင် လက်တွေ့လုပ်ပြနိုင်ခြင်း မရှိပေ။ နိုင်ငံရေးခေါင်းဆောင်တို့သည် တိုင်းပြည်တိုးတက်အောင် လက်တွေ့လုပ်မပြခဲ့ဘဲ စိတ်ကူးယဉ်ပုံပြင်များ ပြောခြင်းဖြင့်သာ ဘဝတစ်ခန်းရပ်သည်အထိ အချိန်ကုန်ဆုံးခဲ့သည်ကို ပြည်သူများအနေဖြင့် အမှန်ရှာဖွေကြည့်လျှင် တွေ့မြင်နိုင်မည်ဖြစ်သည်။

ယနေ့အချိန်အခါတွင် စိတ်ကူးယဉ်ပုံပြင်များ နိုင်ငံရေးဇာတ်ခုံတွင် တစ်ကျော့ပြန် ရောက်လာခဲ့သည်။ အမှန်တကယ်တွင် ဒီမိုကရေစီ နိုင်ငံရေးပါတီကြီးသည် "စကတည်းက ယဉ်သကို" ဆိုသကဲ့သို့ အာဏာစိတ်ကူးယဉ်ပုံပြင်များကို ပါတီစထောင်စဉ်ကတည်းက အမျိုးမျိုးဖန်တီးခဲ့ကြသည်။ မှတ်မှတ်ထင်ထင်ဆိုရလျှင် ၁၉၉၀ ပြည့်နှစ်မှ စတင်၍ နိုင်ငံရေးပုံပြင်ဇာတ်လမ်းများကို ဖန်တီးခဲ့ကြသည်။ ပြည်တွင်းတွင် ထိပ်တိုက်တွေ့ဆုံရေးများ ဖန်တီးပြီး အနောက်နိုင်ငံနှင့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်သည့် လွတ်မြောက်နယ်မြေမှ ပြည်ပြေး အုပ်စုလှုပ်ရှားမှုများ ပြုလုပ်ခဲ့ကြသည်။ ၁၉၉၀ ရွေးကောက်ပွဲအခြေအနေကို အကြောင်းပြု၍ ပြည်ပြေးဒေါက်တာစိန်ဝင်းနှင့်အဖွဲ့သည် ၁၉၉၀ ပြည့်နှစ် နိုဝင်ဘာလတွင် နယ်စပ်ဒေသရှိလက်နက်ကိုင်အဖွဲ့စခန်းအချို့သို့ သွားရောက်ခဲ့သည်။ ထိုစဉ်က ကျောင်းသားများ၊ နိုင်ငံရေးသမားများ လွတ်မြောက်ရာလမ်းမှာ အဆိုပါ နယ်စပ်ဒေသ နယ်မြေစိုးမိုးရေးမရှိခဲ့သော စခန်းများဖြစ်သည်။ ယခုအချိန်အထိလည်း လွတ်မြောက်ရာလမ်းအဖြစ် အချို့ ဆက်လက်အသုံးပြုနေသည်။

"အပြုသဘောမဆောင်သော ထင်ယောင်ထင်မှားဖြစ်စေသည့် ဖန်တီးမှုများကို အသိဉာဏ်ရှိသူတို့က ချေဖျက်ကြသည်သာဖြစ်သည်။ ဆရာကြီး ဦးဘဂျမ်းက ကလေးများအား တစ္ဆေသရဲစိတ်ခြောက်လှန့်ခြင်းကို ချေဖျက်ခဲ့သလို ဆရာဇဝနကလည်း ဇာတ်ကြီးဆယ်ဘွဲ့ထဲမှ ဇာတ်အချို့ဖြင့် နတ်အစွဲအလမ်းများကို ချေဖျက်ခဲ့ပါသည်။ မျက်မှောက်ကာလတွင် အချို့လူပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက မဖြစ်နိုင်သော ပုံပြင်ဇာတ်လမ်းများဖြင့် လူတို့အား စည်းရုံးဆွဲဆောင်ဖြားယောင်းခြင်း၊ ခြောက်လှန့်ခြင်း၊ ဖိအားပေးခြင်းတို့ ပြုလုပ်လာကြသည်ကို တွေ့ရပါသည်။ ထိုမမှန်ကန်သော ပုံပြင်ဇာတ်လမ်းများကို ဖန်တီး၍ လူတို့အား လမ်းမှားရောက်အောင် ဖန်တီးနေမှုများကို တားဆီးကြရမည် ဖြစ်သည်"

## လက်အောက်ခံဘဝသို့ ကျရောက်

ထိုဒေသတွင် ဒီမိုကရက်တစ်မဟာမိတ်အဖွဲ့ချုပ် (DAB) အဖွဲ့နှင့် ပြည်တွင်းမှ ထွက်ပြေးရောက်ရှိလာသော ဒေါက်တာစိန်ဝင်းအဖွဲ့တို့ပူးပေါင်းပြီး မြန်မာနိုင်ငံဒီမိုကရက်တစ်တပ်ပေါင်းစု (DFB) ဆိုသည့် အမည်သစ်ဖြင့် အဖွဲ့တစ်ခုဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် ဒေါက်တာစိန်ဝင်း ဦးဆောင်သည့် အမျိုးသား ညွန့်ပေါင်း အစိုးရ (NCGUB) ဆိုသည့် အဖွဲ့ကို တရားမဝင် ဖွဲ့စည်းခဲ့သည်။ ၎င်းပြည်ပြေးအစိုးရအဖွဲ့ဟု အမည်ပေးထားသောအဖွဲ့သည် (NDF) (စုပေါင်း) ကောင်စီ၏ လက်အောက်ခံ ပြည်ပြေးအစိုးရဖြစ်ပြီး ကိစ္စအဝဝကို (NDF) (စုပေါင်း) ကောင်စီ၏ သဘောတူညီချက်ရမှသာ ဆောင်ရွက်နိုင်သည်။ ဤသို့ဖြင့် ပြည်ပြေးစိန်ဝင်း ခေါင်းဆောင်သော အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်ပြေးတစ်စုသည် ခေတ်အဆက်ဆက် လက်နက်ကိုင်အဖွဲ့အပါအဝင် ထိုင်းနိုင်ငံနယ်စပ်ရှိ လက်နက်ကိုင်အဖွဲ့များ၏ လက်အောက်ခံဘဝသို့ ကျရောက်ခဲ့သည်။

အဆိုပါကိစ္စတို့နှင့်စပ်လျဉ်း၍ ဒေါက်တာစိန်ဝင်း၏ ပြည်ပြေးအစိုးရဆိုသည့်အဖွဲ့၌ ပူးပေါင်းပါဝင်ခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ရွှေတောင်မြို့နယ်နှင့် ကမ္မမြို့နယ် ကိုယ်စားလှယ်နှစ်ဦးတို့က ၎င်းတို့၏ သဘောဆန္ဒအတိုင်း ၁၉၉၁ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်တွင် ဗန်ကောက်မြို့ရှိ မြန်မာစစ်သံရုံးကို သတင်းပို့ပြီး မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကာ ကိုယ်တွေ့ကြုံသမျှ ဖွင့်ဟပြောကြားခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က တိုင်းတစ်တိုင်းလျှင် ကိုယ်စားလှယ်နှစ်ဦးကျစီ စုဝေးခေါ်ယူပြီး နယ်စပ်ဒေသတွင် စင်ပြိုင်အစိုးရ ဖွဲ့စည်းမည်ဟု အကြောင်းပြသည်။ ထိုသို့ ခေါ်ယူသည်ကို ယုံကြည်ပြီး လိုက်ပါသွားခဲ့ကြသည်။ လက်နက်ကိုင်အဖွဲ့များနှင့် နယ်စပ်သို့ရောက်ရှိလာသော နိုင်ငံခြားသားများကို မျက်နှာချိုသွေး၍ နေခဲ့ကြရသည်။

## ပြည်ပြေးဇာတ်လမ်းများ စတင်

ဒေါက်တာစိန်ဝင်း ကိုယ်တိုင်ကလည်း မန္တလေးတွင် ပြုလုပ်ခဲ့သော အစည်းအဝေး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ လက်မှတ်ရေးထိုးသည့် စာရွက်များကိုပြပြီး ၎င်းတို့ဖွဲ့သော စင်ပြိုင်အစိုးရကို ကိုယ်စားလှယ် ၂၅၀ က ထောက်ခံသည့် လက်မှတ်များဟု လှည့်ပတ်ပြောကြားခဲ့သည်။ ဒေါက်တာစိန်ဝင်းတို့ လှည့်ဖျားသော အောက်လမ်းနည်းများမှာ ပေါ်လွင်ထင်ရှားလာသည့်အပြင် အာဏာမရမီကပင် အာဏာရပါက နယ်စပ်မှ လက်နက်ကိုင်အဖွဲ့အစည်းအပါအဝင် (DAB) အဖွဲ့များကို တရားဝင် အသိအမှတ်ပြု၍ နေရာပေးရေးအတွက် အလျှော့ပေးလက်ခံပြီး လျှို့ဝှက်ကတိများ ပေးခဲ့ရသည်။ ဤသို့ဖြင့် ပြည်ပြေးစိန်ဝင်းနှင့်အဖွဲ့သည် နယ်စပ်ဒေသ လက်နက်ကိုင်စခန်းများတွင် ပြည်ပြေးဇာတ်လမ်းများ စတင်ခဲ့သည်။

ထိုင်းနိုင်ငံ နယ်စပ်စခန်းတွင် လက်နက်ကိုင်အဖွဲ့များကလည်း ပြည်ပြေးစိန်ဝင်းတို့ အဖွဲ့ကို ပြ၍ ပြည်ပမှ ဆရာကြီးများထံမှ အမြတ်ထုတ်ကြသည်။ ပြည်ပြေးစိန်ဝင်းတို့ကလည်း လက်နက်ကိုင်အဖွဲ့တို့၏ အရိပ်တွင်နေရသဖြင့် ခေါင်းပုံဖြတ်ခံရသည့် ကိစ္စများကို မခံနိုင်၍ နည်းလမ်းရှာကြံကြသည်။ နယ်စပ်ဒေသရှိ ပြည်ပြေးအဖွဲ့များအကြား ခေါ်လာဖြတ်စားမှုများ မကြာခဏ ပေါ်ပေါက်လာခဲ့သည်။ နောက်ဆုံးတွင် ပြည်ပြေးစိန်ဝင်းတို့ အုပ်စုသည် ၁၉၉၂ ခုနှစ်တွင် အမေရိကန်နိုင်ငံမှ သူလျှိုကြီးများနှင့် အဆက်အသွယ် ကောင်းကောင်းရရှိပြီး အမေရိကန်နိုင်ငံသို့ သွားရောက်လှုပ်ရှားခဲ့သည်။ Burma Peace Foundation အဖွဲ့တာဝန်ခံ သူလျှိုတစ်ဦးဖြစ်သူ David Amott ၏ အကူအညီဖြင့် ၁၉၉၄ ခုနှစ်တွင် အမေရိကန်ပြည်ထောင်စု မေရီလင်းပြည်နယ်တွင် အခြေချခဲ့သည်။ ယခုအခါ အသက်အရွယ်အိုမင်းလာပြီး နိုင်ငံရေးဇာတ်လမ်းများကို မဖန်တီးနိုင်တော့ဘဲ အမေရိကန်နိုင်ငံတွင်သာ နေထိုင်လျက်ရှိသည်။

ဒီမိုကရေစီအမည်ခံ၍ NCGUB ဟု ခေါင်းစဉ်ကြီးကြီးတပ်ထားသော်လည်း ပြည်ပြေးအစိုးရအဖွဲ့တွင် ဒေါက်တာစိန်ဝင်းအပါအဝင် အဓိကအဖွဲ့ဝင် လေးဦးသာရှိသည်။ ၎င်းတို့သည် စားဝတ်နေရေးအတွက် အလုပ်လုပ်စရာမလို၊ ထောက်ပံ့ပေးကမ်းခြင်းမှ ရရှိသည့်ငွေကိုသုံး၍ မြန်မာပြည်ဖျက် စိတ်ကူးယဉ်စီမံကိန်းကို ပြုလုပ်ခဲ့သည်။ ဥရောပနိုင်ငံများ၊ စကင်ဒီနေ့ဗီးယားနိုင်ငံများမှ တာဝန်ရှိသူများနှင့် အဆက်အသွယ်ရအောင်ယူ၍ မြန်မာနိုင်ငံနှင့် ပတ်သက်သည့် သတင်းမှားများကို ပေးပြီး မြန်မာနိုင်ငံအပေါ် အနောက်နိုင်ငံများက ပိုမိုဖိအားပေးရေး၊ ဝင်ရောက်စွက်ဖက်ရေးကိုသာ အချိန်ပြည့် ဆက်သွယ်ဆောင်ရွက်ခဲ့ကြသည်။ ပြည်တွင်း၌ NLD ခေါင်းဆောင်အခြေအနေကို

စာမျက်နှာ ၁၂ သို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံအမှာစကားပြောကြား

## ငွေကြေးများ ပုံမှန်လည်ပတ်နိုင်စေရန် မြို့နယ်အလိုက် ဘဏ်များပြန်လည်ဖွင့်လှစ်နိုင်ရေး ဝိုင်းဝန်းဆောင်ရွက်ပေးရန် မှာကြား



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နေပြည်တော် မတ် ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။

### အမှာစကားပြောကြား

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးသို့သွားရောက်၍ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကိုနှင့် အဖွဲ့ဝင်များအား တွေ့ဆုံ မိတ်ဆက် အမှာစကားပြောကြားသည်။

ထိုသို့ ပြောကြားရာတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးဆောင်ပြုလုပ်သည့် အစည်းအဝေးများ၌ ချမှတ်ခဲ့သည့် မူဝါဒများ၊ လမ်းညွှန်မှာကြားချက်များနှင့်ပတ်သက်၍လည်းကောင်း၊ ရပ်ရွာတည်ငြိမ်ရေးနှင့် ပတ်သက်၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၊ တပ်မတော်၊ အုပ်ချုပ်ရေးဆိုင်ရာ အဖွဲ့အစည်းများ၊ တည်ငြိမ်အေးချမ်းမှုကို လိုလားသည့် ပြည်သူများ ပူးပေါင်းဆောင်ရွက်ရန် ကိစ္စရပ်များ၊ မြို့နယ်နှင့် ရပ်ကွက်များအတွင်း အကြမ်းဖက်သူများ စိမ့်ဝင်လှုပ်ရှားမှုမရှိစေရေး အသေးစိတ်စစ်ဆေး ဆောင်ရွက်ရန် ကိစ္စရပ်များ၊ CDM လှုပ်ရှားမှု၊ CRPH လှုပ်ရှားမှုနှင့် အကြမ်းဖက်လှုပ်ရှားမှုများကို ဦးစီးဦးဆောင် ဆောင်ရွက်နေသူများအား အမြန်ဆုံး ဖမ်းဆီးရမိအောင်ဆောင်ရွက်ရန်နှင့် ဖမ်းဆီးရမိပါက ဥပဒေအရ ထိရောက်လျင်မြန်စွာ အရေးယူဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများကို ပြောကြားသည်။

### ကြိုးပမ်းဆောင်ရွက်

ဆက်လက်၍ စီးပွားရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ငွေကြေးများ ပုံမှန်လည်ပတ်နိုင်စေရန် မြို့နယ်အလိုက် ဘဏ်များ ပြန်လည်ဖွင့်လှစ်ကာ လုပ်ငန်းများ လည်ပတ်နိုင်စေရေး လိုအပ်သည်များ ဝိုင်းဝန်းဆောင်ရွက်ပေးရန်၊ COVID-19 ရောဂါကြောင့် ယိုင်နဲ့နေသည့် စီးပွားရေးပြန်လည်တိုးတက်ကောင်းမွန်စေရေး တာဝန်ရှိသူအဆင့်ဆင့်က ကြိုးပမ်းဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများ၊ စီးပွားရေးနှင့် ဆက်နွှယ်လျက်ရှိသော လျှပ်စစ်စွမ်းအား လုံလောက်မှု ရှိစေရေးအတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များ တိုးမြှင့်အသုံးပြုနိုင်ရေး၊ ဆိုလာလျှပ်စစ် ဓာတ်အားပေးစနစ်ဖြင့် တိုးမြှင့်သုံးစွဲနိုင်ရန် ပြင်ဆင်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများ၊ အလတ်စားရေအားလျှပ်စစ် စီမံကိန်းများ ရရှိစေရေးအတွက် ကြိုးပမ်းရှာဖွေဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများကို ပြောကြားသည်။

ဆက်လက်၍ လမ်းပန်းဆက်သွယ်မှု ချောမွေ့စေရေး၊ ပြည်တွင်း ကုန်ထုတ်လုပ်မှုများ တိုးမြှင့်စေရေး၊ ခရီးသွားလုပ်ငန်း တိုးတက်စေရေးတို့ အတွက် ဝိုင်းဝန်းဆောင်ရွက်ကြရန် လိုအပ်သည့် အခြေအနေများကို ပြောကြားခဲ့ပြီး ကျန်းမာရေး၊ ပညာရေးတို့နှင့်ပတ်သက်၍ COVID-19 ရောဂါကာကွယ်ဆေးထိုးနှံမှုကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေမှုများ၊ ကာကွယ်ဆေးများ လုံလောက်စွာ ထပ်မံရောက်ရှိလာမည့် အခြေအနေများ၊ ဆရာဝန်များအနေဖြင့် ကျင့်ဝတ်ပဋိညာဉ်များနှင့်အညီ ပြည်သူလူထု၏ ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးရန် လိုအပ်သည့် အခြေအနေများ၊ လာမည့် ပညာသင်နှစ်တွင် အခြေခံပညာ မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း စာသင်ကျောင်းများ ပြန်လည် ဖွင့်လှစ်မည်ဖြစ်ရာ ကျောင်းများ၏ ဥပမိရပ် ကောင်းမွန်စေရေး၊ လုံခြုံရေးတို့အတွက် နယ်မြေခံတပ်များနှင့် ပူးပေါင်းဆောင်ရွက်ရန်၊ ပညာရေးဝန်ကြီးဌာန အစီအမံဖြင့် မူလတန်း၊ အလယ်တန်းနှင့် အထက်တန်း ဆရာ၊ ဆရာမများအား လိုအပ်သည့် မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်ရန် ကိစ္စရပ်များနှင့် လိုအပ်သည့် အကူအညီပေးအပ်ရေး ကိစ္စရပ်များအား အသေးစိတ် ရှင်းလင်းမှာကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌက လိုအပ်သည်များ ဖြည့်စွက် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

❑ ကျော်ဖုံးမှ

အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေး ဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ တက်ရောက်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအတွက် လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများ ပေးအပ်စဉ်။

တွေ့ဆုံပွဲများတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) က ၂၀၂၀ ပြည့်နှစ်၊ အထွေထွေရွေးကောက်ပွဲတွင် ၁၀ ဒသမ ၄ သန်းကျော် သံသယဖြစ်ဖွယ် မဲစာရင်းမှားယွင်းမှုများကို သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင်က ဖြေရှင်းပေးမှု မရှိသည့်အပြင် လွှတ်တော်၊ NLD အစိုးရအဖွဲ့မှ ငြင်းပယ်ခဲ့သည့် အခြေအနေများ၊ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီခေါ်ယူ၍ ဖြေရှင်းဆောင်ရွက်ပေးရန် တောင်းဆိုခဲ့မှုကို ငြင်းပယ်ခဲ့သည့် အခြေအနေများ၊ နိုင်ငံတော်၏အာဏာအရပ်ရပ်ကို အဓမ္မနည်းဖြင့် ရယူရန် ကြိုးပမ်း လာမှုကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပါ ပေးအပ်ထားသည့် တာဝန်များအရ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁ ရက်မှစတင်၍ ထိန်းသိမ်းဆောင်ရွက်ခဲ့သည့် အခြေအနေများ၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သတ်မှတ်ပြဋ္ဌာန်းထားသည့် ကာလများအတွင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်ကာ နိုင်ငံတော်၏ ဒီမိုကရေစီစနစ် ရှင်သန်ဖွံ့ဖြိုးရေးကို ဆောင်ရွက်သွားမည့် အခြေအနေများအား အသေးစိတ်ရှင်းလင်း ပြောကြားသည်။

ဆက်လက်၍ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအပေါ် ဆန့်ကျင်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာများက တစ်ဖက်သတ်သတင်းမှားများ ထုတ်လွှင့်နေမှုများကို သတိပြုဆင်ခြင်၍ အမှားနှင့် အမှန်ခွဲခြားသိမြင်ရန် လိုအပ်သည့် အခြေအနေများ၊ အတိတ်သမိုင်း သင်ခန်းစာများကို သိရှိစေရေးအတွက် ၁၉၈၈ ခုနှစ်၊ အရေးအခင်းတွင် ကိုယ်တွေ့ကြုံခဲ့ရသူများ၏ ဆွေးနွေးမှုများကို နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် ထုတ်လွှင့်ပေးနေမှု အခြေအနေများ၊ တပ်တွင်းစည်းလုံး ညီညွတ်ရေးကို ရေပက်မဝင်သည်အထိ တည်ဆောက်၍ အထက်အောက် ညီညွတ်မျှတစွာ တာဝန်ခွဲဝေ၍ ပေါင်းစပ်ဆောင်ရွက်သွားရန် လိုအပ်သည့် အခြေအနေများနှင့် ကျန်းမာရေးကောင်းမွန်မှ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နိုင်မည်ဖြစ်သဖြင့် ကျန်းမာရေးကို ထိခိုက်နိုင်သော အသောက်အစား၊ အနေအထိုင်များကို ရှောင်ရှားနေထိုင်ရန် လိုအပ်သည့် အခြေအနေများအား အသေးစိတ်ရှင်းလင်းမှာကြားသည်။

တွေ့ဆုံပွဲများအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးတို့က မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ မန္တလေးတိုင်းဒေသကြီး၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအတွက် တပ်မတော် စက်ရုံများမှ ထုတ်လုပ်သော စားသောက်ဖွယ်ရာများ၊ လက်ဆောင်ပစ္စည်းများနှင့် ချီးမြှင့်ငွေများကို ပေးအပ်ကြပြီး တွေ့ဆုံပွဲသို့ တက်ရောက်လာကြသူများကို ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ(ပါဠိပါရဂူ) အား “အဘိဓဇမဟာရဋ္ဌဂုရု”ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ပွဲမဟာမင်္ဂလာ အခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ မဟာနန္ဒိသေနာရာမ တိုက်ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (ပါဠိပါရဂူ) အား ၂၀၂၂ ခုနှစ်၊ အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ဆက်ကပ်ပူဇော်ပွဲ မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါ ကျောင်းတိုက်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက်ကြည်ညို၍ ဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်သည်။

## ကြွရောက်ချီးမြှင့်

အခမ်းအနားသို့ ဘွဲ့ခံဆရာတော်ကြီးဖြစ်သည့် မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသည့် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အတူ ကောင်စီဝင်ဖြစ်သည့် ဦးမောင်းဟာ၊ မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကိုကိုဦးနှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ တပ်မတော် အရာရှိကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး မဟာနန္ဒိသေနာရာမတိုက်ဆရာတော်ကြီးထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ဇနီး၊ ဧည့်ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း က မဟာနန္ဒိသေနာရာမတိုက်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်စဉ်။

ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသထံ အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်နှင့် အဆောင်အယောင်များ ဆက်ကပ်ပူဇော်သည်။ ဆက်လက်ပြီး ဆရာတော်ကြီးအား သင်္ကန်းပရိက္ခရာများ၊ နဝကမ္မ အလှူငွေများနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

## အနုမောဒနာတရားမြွက်ကြား

ယင်းနောက် မဟာဓမ္မိကာရာမတိုက်၊ ရတနာပုံကျောင်းဆရာတော်ဘဒ္ဒန္တ သီဟနာဒ က အနုမောဒနာ တရား မြွက်ကြားချီးမြှင့်တော်မူရာ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကြကာ ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ မဟာနန္ဒိသေနာရာမတိုက် ဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ ဆရာတော်ကို မန္တလေးတိုင်းဒေသကြီး၊ တံတားဦးမြို့နယ်၊ ကံကြီးအနောက်ကျေးရွာ၊ ခမည်းတော် ဦးဟန်၊ မယ်တော် ဒေါ်ပေါ်မြိုင်တို့မှ ၁၂၉၄ ခုနှစ်၊တပေါင်းလဆန်း ၂ ရက် စနေနေ့တွင် ဖွားမြင်တော်မူခဲ့ပြီး ရှင်သာမဏေအဖြစ်သို့ ၁၃၀၅ ခုနှစ်၊ ပြာသိုလဆန်း ၁၅ ရက်တွင် ရောက်ရှိကာ ၁၃၁၄ ခုနှစ်၊ တပို့တွဲလဆန်း ၈ ရက်နေ့တွင် ကျွန်းဦး ပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တ စန္ဒိမာကို ဥပဇ္ဈာယ်ပြုလျက် ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပြီး ယခုအခါသက်တော် ၈၈ နှစ်၊ သိက္ခာတော် ၆၈ ဝါ ရှိပြီဖြစ်ကြောင်း၊ ဆရာတော်သည် အစိုးရ ပထမပြန်စာမေးပွဲတွင် ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို အောင်မြင်ခဲ့ပြီး သာသနဓဇ ဓမ္မာစရိယဘွဲ့ကို ၁၉၅၈ ခုနှစ်၊ သာသနဓဇသိရီပဝရ ဓမ္မာစရိယဘွဲ့ကို ၁၉၆၁ ခုနှစ်တွင် အောင်မြင်တော်မူခဲ့ပြီး မန္တလေးမြို့၊ မဟာနန္ဒိသေနာရာမပရိယတ္တိ စာသင်တိုက်၌ စာသင်သားရဟန်း၊ သာမဏေတို့အား ပရိယတ္တိစာပေများကို သင်ကြားပို့ချတော်မူလျက်ရှိပြီး ပါရာဇိကဏ်အလင်းပြကျမ်းကို ရေးသားပြုစုခဲ့ကြောင်း၊ ဆရာတော်သည် မြို့နယ်သံဃနာယက အဖွဲ့ အကျိုးတော်ဆောင်ဆရာတော်၊ တံတားဦး မြို့နယ်၊ ပရိယတ္တိသာသနာဓိကစာမေးပွဲ၌ ပုစ္ဆက အဖွဲ့ဥက္ကဋ္ဌ၊ တောင်ငူမြို့၊ သုဓမ္မာပရိယတ္တိစာမေးပွဲ၊ ဒိုက်ဦးမြို့၊ ပရိယတ္တိ သာသနာနုဂ္ဂဟစာမေးပွဲ၊ မြင်းခြံမြို့၊ ပုညမဉ္ဇရီသာမဏေကျော် စာမေးပွဲတို့တွင် ပုစ္ဆက၊ မန္တလေးမြို့၊ ချမ်းသာကြီးဆန်အလှူ အသင်း ဩဝါဒစရိယအဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ယခုအခါ နိုင်ငံတော်ဗဟိုသံဃာ့ ဝန်ဆောင်ဆရာတော်အဖြစ် သာသနာ့တာဝန်များကို ထမ်းဆောင်တော်မူလျက်ရှိကြောင်း၊ ထိုသို့ဗုဒ္ဓ မြတ်စွာ သာသနာတော်အကျိုးကို ထက်သန်သော ဝီရိယတို့ဖြင့် သယ်ပိုးဆောင်ရွက်တော်မူသော သာသနမုခ ဝဟာဂုဏ်၊ အဂ္ဂမဟာပဏ္ဍိတ လဒ္ဓလဉ္ဆန ဂုဏ်၊ ရဋ္ဌညူ မဟာနာယကဂုဏ်၊ ပိဋကတ္တယ ဆေကဂုဏ်၊ လဇ္ဇီ ပေသလသိက္ခာကာမဂုဏ် စသည်တို့ဖြင့် ပြည့်စုံတော်မူသောကြောင့် ယခု အဘိဓဇ မဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်း ခံရခြင်းဖြစ်ကြောင်း သိရှိရသည်။

## ရွှေသင်္ကန်းများ ကပ်လှူ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ဇနီး ဒေါ်သန်းသန်းနွယ်နှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ မဟာမုနိဘုရားကြီးအား ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော် ကန်တော့ပြီး ရွှေသင်္ကန်းများ ကပ်လှူပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမရပူရမြို့ရှိ ရှေးဟောင်းသမိုင်းဝင် သတ္တသုခံရွှေရင်းရဲ မြတ်စွာဘုရား၊ ဆင်ကြိုရွှေဂူကပ်ကျော်ဘုရား၊ သံဖြင့်သွန်းလောင်းထားသော သမိုင်းဝင်သံသေကပ်ကျော် မြတ်စွာဘုရားတို့အား သွားရောက်ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်၍ ဖူးမြော်ကြည်ညို ကန်တော့ကြပြီး အလှူငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

❁ ကျောဖုံးမှ

မည်ဖြစ်ကြောင်း၊ အပတ်စဉ် တနင်္လာနေ့တွင် အရှေ့ပိုင်းခရိုင် တောင်ဥက္ကလာပ၊ မြောက်ဥက္ကလာပ၊ သင်္ဃန်းကျွန်း၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)၊ ဒဂုံမြို့သစ် (တောင်ပိုင်း)၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်များအားလည်းကောင်း၊ ဗုဒ္ဓဟူးနေ့တွင် မြောက်ပိုင်းခရိုင် လှိုင်၊ ကမာရွတ်၊ မရမ်းကုန်း၊ လှိုင်သာယာ (အရှေ့ပိုင်း)၊ လှိုင်သာယာ (အနောက်ပိုင်း)၊ အင်းစိန်၊ မင်္ဂလာဒုံ၊ ရွှေပြည်သာ မြို့နယ် များအားလည်းကောင်း၊ သောကြာနေ့တွင် တောင်ပိုင်းခရိုင် ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ ဒလ၊ ဒေါပုံ၊ သာကေတ၊ ရန်ကင်း၊ တာမွေ၊ ဆိပ်ကြီးခနောင်တို၊ သန်လျင်၊ ကျောက်တန်း မြို့နယ်များနှင့် အနောက်ပိုင်းခရိုင် ဗဟန်း၊ စမ်းချောင်း၊ ဒဂုံ၊ အလုံ၊ ကြည့်မြင်တိုင်၊ ကျောက်တံတား၊ လသာ၊ လမ်းမတော်၊ ပန်းဘဲတန်း မြို့နယ်များအားလည်းကောင်း ဝန်ဆောင်မှုပေးသွားမည် ဖြစ်သည်။

အဆိုပါ မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုများဆောင်ရွက်ရာတွင် ယခင်မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် လျှောက်ထား ဖွင့်လှစ်ထားရှိသော မြေစီမံခန့်ခွဲမှုဆိုင်ရာ လျှောက်ထားမှုများအနက် စိစစ်ခွင့်ပြုဆောင်ရွက်ပြီးဖြစ်သည့် အမှုတွဲများကို ခွင့်ပြုထုတ်ပေးခြင်း၊ သတင်းစာကြော်ငြာနိုင်ရေး ဝန်ဆောင်မှုပေးခြင်း၊ ယခင် Manual ဖြင့်လျှောက်ထားသည့် အမှုတွဲများအနက် ခွင့်ပြုပြီးအမှုတွဲများ ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် e-Challen ဖြင့် ဝန်ဆောင်ခ ပေးသွင်းရန် ဆောင်ရွက်ပေးခြင်းနှင့် ယခင်လျှောက်ထားခဲ့သည့် အမှုတွဲများတွင် လိုအပ်ချက်များ တောင်းခံခြင်းအပေါ် ကာယကံရှင်မှ ပြန်လည်တင်ပြစိစစ်ခြင်းတို့ကိုသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် အမှုတွဲအသစ်များ ဖွင့်လှစ်လျှောက်ထားခြင်းအား လက်ခံဆောင်ရွက်ခြင်းမပြုပါကြောင်း၊ Online စနစ်ဖြင့်သာ www.ycdc.gov.mm တွင် လျှောက်ထားရန်ဖြစ်ကြောင်း မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနက အသိပေးကြေညာထားသည်။

မြေစီမံခန့်ခွဲမှုဆိုင်ရာ ဝန်ဆောင်မှုများ ပြန်လည်ဖွင့်လှစ်မည့် မတ် ၃၀ ရက်သည် အင်္ဂါနေ့ဖြစ်သော်လည်း အရှေ့ပိုင်းခရိုင်အား စတင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

---

# ရန်ကုန်မြို့ပတ်ရထား နေ့စဉ်ပြေးဆွဲ

နေပြည်တော် မတ် ၂၉

ရန်ကုန်မြို့နေ ခရီးသွားမိဘပြည်သူများ အဆင်ပြေစွာ ခရီးသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားမှ အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ အင်းစိန်လမ်းကြောင်းအတိုင်း လက်ဝဲရစ် လူစီးတွဲ သုံးတွဲပါ RBE ရထားတွဲဆိုင်းကို မတ် ၂၄ ရက်မှစ၍ နေ့စဉ်ပြေးဆွဲလျက်ရှိသည်။

RBE ရထားတွဲဆိုင်းသည် လက်ဝဲရစ်လမ်းကြောင်းအတိုင်း အင်းစိန်ဘူတာမှ နံနက် ၈ နာရီခွဲမှ စတင်ထွက်ခွာပြီး ဘူတာစဉ် ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီး၊ မင်္ဂလာဒုံဘူတာ မှတစ်ဆင့် ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ပြန်လည်ဆိုက်ရောက်ခဲ့သည်။

ဤသို့ ရထားပြေးဆွဲမှု ဆောင်ရွက်စဉ်အတွင်း ကြို့ကုန်းဘူတာအတွက် ဆေးဝါးစက်ရုံလမ်း Level Crossing အနီး အစုန်/အဆန်ရထားလမ်းပေါ်၌ ရထားသံလမ်းဟောင်း နှစ်ချောင်း၊ သံလမ်းပြေးတော်လီအဟောင်း တစ်စီး၊ သစ်တုံးတစ်တုံးနှင့် စွန့်ပစ်အမှိုက်များ ပိတ်ဆို့ထားခြင်း၊ ကမာရွတ်ဘူတာရုံလမ်း Level Crossing တွင် ဂိတ်တံခါးမောင်းတံ သံပိုက်နှစ်ချောင်းကိုကွေး၍ ဖျက်ဆီးထားခြင်း၊ရထားသံလမ်းဆက်တစ်ခု ဖြုတ်ထားခြင်းနှင့် ကားတာယာ အဟောင်း၊ အမှိုက်များ စုပုံမီးရှို့ထားခြင်း၊ ကြည့်မြင်တိုင်ဘူတာယာဒ်ဝင်းထိပ် အဆန်လမ်းပေါ်တွင် ကားတာယာအဟောင်းနှင့် ပစ္စည်းများ စုပုံမီးရှို့ထားခြင်းကြောင့် လမ်းခွဲပွိုင့်အောက်ရှိ သစ်သားဇလီဖားတုံး ငါးတုံး ထိပ်ပိုင်းမီးလောင်နေသဖြင့် မီးငြိမ်းသတ်ခဲ့ရခြင်းများကြောင့် တပ်မတော်သားများ၊ ရထားရဲတပ်ဖွဲ့ဝင်များ၊ ဒေသခံတာဝန်သိ ပြည်သူများနှင့် မြန်မာ့မီးရထားမှတာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီး ရထားသည် ခရီးဆုံးဘူတာသို့ အောင်မြင်စွာပြေးဆွဲနိုင်ခဲ့သည်။

မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန် ပြေးဆွဲလျက်ရှိသဖြင့် မိဘပြည်သူများ၊ ဝန်ထမ်းများအနေဖြင့် လိုက်ပါစီးနင်းကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဓာတ်နာအောင် မလုပ်ကြပါနဲ့ မောင်တို့

## မောင်သောမနု

ဓာတ်ကြီးဆယ်ဘွဲ့တွင် နောက်ဆုံးဓာတ်တော်အဖြစ် ရေးဖွဲ့ထားသည့် ဝေဿန္တရာမင်းကြီး၊ ပါရမီဖြည့်ဖက် မဒ္ဒီဒေဝီနှင့် သားတော်နှင့် သမီးတော်လေးတို့အကြောင်းကို စာပေလေ့လာလိုက်စားသူတို့ ဖတ်ဖူးကြမည်ဖြစ်သည်။ ထိုဓာတ်တော်ကို ဓာတ်သဘင်တွင် သရုပ်ဖော်တင်ဆက်ရာ၌ ပို၍ပင် ကြည့်လို့ကောင်းပါသည်။ ဓာတ်လမ်းမှာ ဝေဿန္တရာမင်းကြီး၏ ဒါနပါရမီကို အဓိကရည်ညွှန်းထားသော်လည်း သားတော်လေး ဇာလီနှင့် သမီးတော်လေး ကဏှာဇိန်တို့ကို နှိပ်စက်ခေါ်ဆောင်သွားသည့် ပုဏ္ဏား၏ စရိုက်သည် ဓာတ်အိမ်တွင် ဓာတ်ရှိန်အတက်ဆုံးဖြစ်သည်။ ထိုဓာတ်လမ်းကို ကြည့်ရှုခံစားရသော ပရိသတ်များအဖို့ ကရုဏာရသထက် ဒေါမနဿရသများ ခံစားကြရသည်။ ကျွန်တော်တို့ ပရိသတ်များ၏အမြင်တွင် ကလေးနှစ်ဦးကို နှိပ်စက်ခေါ်ဆောင်သွားကြသည်ကိုသာ မြင်ခဲ့ကြသည်။




ကလေးငယ်များအား လက်ရှိနိုင်ငံရေးတွင် ကိုယ်ကျိုးအတွက် လွဲမှားစွာ အသုံးချနေသည့် ပုံတစ်ပုံကို တွေ့ရစဉ်။ ဓာတ်ပုံ-ဖေ့စ်ဘွတ်

ဤဓာတ်တော် ဓာတ်လမ်းကဲ့သို့ပင် မြန်မာ့ရုပ်ရှင်၊ ဓာတ်သဘင်ပရိသတ်များအနေဖြင့် ရုပ်ရှင်၊ ဓာတ်သဘင် ဓာတ်လမ်းတစ်ခုခု၏ အဓိကဆိုလိုချင်သည့် ဓာတ်လမ်းအနှစ်သာရကို ခံစားရမည်ထက် ဓာတ်လမ်းတွင် ဓာတ်နာအောင် သရုပ်ဖော်ထားသည့် ဓာတ်လမ်းဓာတ်ကွက်ကိုသာ ပိုမိုခံစား၊ ပိုမိုနှစ်သက် စွဲလမ်းကြပါသည်။ မြန်မာပရိသတ်များအနေဖြင့် ထိုသို့ဓာတ်လမ်းဓာတ်ကွက်များကို ကြည့်ရှုပြီး မည်မျှ စွဲလမ်းကြ၊ ခံစားကြပါသနည်းဆိုလျှင် ဓာတ်နာသည့် ဓာတ်ဝင်ခန်းရောက်သည်နှင့် ရုပ်ရှင်ပိတ်ကားကိုဖြစ်စေ၊ ဓာတ်စင်ကိုဖြစ်စေ အရာဝတ္ထုများနှင့် ပစ်ပေါက်သည်အထိ ရန်းရင်းဆန်ခတ်ဖြစ်ခဲ့ကြသည်။

### ဓာတ်ရှိန်တက်အောင်ဖန်တီးလာ

ပြင်ပလောကတွင် ယနေ့ဖြစ်ပျက်နေသော အဖြစ်အပျက်များတွင်လည်း ဤသို့ပင်ဖြစ်နေသည်။ မြန်မာပရိသတ်အကြိုက်ကို သိနေသော မသမာသူတို့သည် ဓာတ်နာအောင် ပြုလုပ်ကာ ဓာတ်ရှိန်တက်အောင် ဖန်တီးလာကြပေသည်။ ထိပ်တိုက်တွေ့ဆုံး အကြမ်းဖက် တိုက်ခိုက်သည့် ဆန္ဒပြပွဲများအတွင်း နာကျင်စရာ၊ ထိခိုက်စရာ တစ်ခုခုကို ကြုံတွေ့လိုက်သည်နှင့် စဉ်းစားချင့်ချိန်ခြင်း၊ လေ့လာသုံးသပ်ဆင်ခြင်ခြင်းမရှိဘဲ ချက်ချင်းလက်ငင်းဒေါသအိုး ပေါက်ကွဲပါတော့သည်။ တစ်ဆက်တည်းပင် ဆဲဆိုခြင်း၊ အော်ဟစ်ခြင်း၊ တုံ့ပြန်တိုက်ခိုက်ခြင်းတို့ပါ ပြုလုပ်ကြပါသည်။ အကြမ်းဖက်တိုက်ခိုက် ဆန္ဒပြမှုများအတွင်း ဓာတ်နာအောင် ပြုလုပ်နေသည့် ဆန့်ကျင်ဘက်အုပ်စုက ဖန်တီးထားသည့် နောက်ကွယ်က အုပ်စုတစ်ခုခုက လုပ်ကြံမှုရှိနေပြီလောဟု သံသယဖြစ်မိပါသည်။

ထင်ရှားသော သာဓကအနေဖြင့် ဆူပူအကြမ်းဖက်မှုများ စတင်ဖြစ်ပေါ်ခဲ့သည့် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် နေပြည်တော် သပြေကုန်းလမ်းဆုံအနီး ဆူပူဆန္ဒပြမှုဖြစ်စဉ်၌ မိန်းကလေးတစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာရသေဆုံးခဲ့သည့် ဖြစ်စဉ်နှင့် မတ်လ ၃ ရက်နေ့ မန္တလေးမြို့ ၈၄ လမ်းနှင့် လမ်း ၃၀ အဓိကရုဏ်းဖြစ်စဉ်တွင် မိန်းကလေးတစ်ဦး ဦးခေါင်းသေနတ်ထိမှန် ဒဏ်ရာရသေဆုံးခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်ပြီး ပြည်သူများကြားတွင် ပြင်းပြင်းထန်ထန် ဂယက်ရိုက်ခတ်မှုများ ရှိခဲ့သည်။

ထိုဖြစ်စဉ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာတို့က ဖြစ်စဉ်အမှန်ကို ချက်ချင်းသတင်းထုတ်ပြန်ခဲ့ပြီး သေမှုသေခင်းဖွင့်ကာ စုံစမ်းစစ်ဆေးဆောင်ရွက်ခဲ့သည်။ မြန်မာနိုင်ငံရဲတပ်ဖွဲ့က အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ပစ်ခတ်ခြင်းကြောင့် ထိမှန်ခဲ့ခြင်းမဟုတ်ဘဲ ပြင်ပမှအသုံးပြုသော လက်နက်တစ်စုံတစ်ရာကြောင့် ဒဏ်ရာရသေဆုံးခဲ့ခြင်းဖြစ်ကြောင်း အထောက်အထား အချက်အလက်များနှင့် ပြန်လည်အသိပေး သတင်းထုတ်ပြန်ခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

အဆိုပါ ဖြစ်စဉ်နှစ်ခုနှင့်ပတ်သက်၍ ဆူပူအကြမ်းဖက်ဆန္ဒပြပွဲအတွင်း ဓာတ်နာအောင် ပြုလုပ်နေသည့် ဆန့်ကျင်ဘက်အုပ်စုက ဖန်တီးထားသည့် နောက်ကွယ်က အုပ်စုတစ်ခုခုက လုပ်ကြံမှုရှိနေပြီဟု ပြည်သူများကြား၌ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ပေါ်ခဲ့သည်။ ပြင်းပြင်းထန်ထန် ဝေဖန်ထောက်ပြမှုများအရ မတ်လ ၃ ရက်နေ့ မန္တလေးဆူပူအကြမ်းဖက်ဆန္ဒပြပွဲအတွင်း မိန်းကလေးငယ်တစ်ဦး အနီးကပ်လုပ်ကြံခံရအပြီးတွင် ထိုကဲ့သို့ဖြစ်စဉ်များ ခေတ္တငုပ်လျှိုးနေခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ဆူပူအကြမ်းဖက် ဆန္ဒပြမှုများအတွင်း အနီးကပ်လုပ်ကြံမှုများ အတော်ဝေးဝေးပျောက်နေပြီးမှ အနီးကပ်လုပ်ကြံမှု ယခုတစ်ကျော့ပြန် ပြန်ထွက်လာပြီလားဟု မေးခွန်းထုတ်ရတော့မလို ဖြစ်ခဲ့သည်။

မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုဖြစ်စဉ်များတွင် လက်နက်ထိမှန် ထိခိုက်ဒဏ်ရာရသေဆုံးခဲ့ကြသူများမှာ အသက် ၁၀ နှစ် ပတ်ဝန်းကျင် ကလေးငယ်များ ဖြစ်နေသည်ကို အံ့ဩဖွယ်တွေ့ရသည်။ သံသယဖြစ်ဖွယ်ကောင်းသည့် အလွန်ထူးခြားသည့် အချက်ပင်ဖြစ်သည်။ လူစုလူဝေးဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်နေစဉ် အရွယ်ရောက်ပြီးသူ အကြမ်းဖက်အုပ်စု လူအများအပြားနှင့် လုံခြုံရေးတပ်ဖွဲ့များအကြား ထိပ်တိုက်တွေ့ဆုံရာ၌ လုံခြုံရေးတပ်ဖွဲ့များက ထိန်းထိန်းသိမ်းသိမ်း ခြောက်လှန့်ဖြိုခွင်းခဲ့သည်ကို ဗီဒီယိုမှတ်တမ်းများတွင် ကြည့်လျှင် သိသာနိုင်ပါသည်။ လုံခြုံရေးတပ်ဖွဲ့များကို ထိပ်တိုက်ရင်ဆိုင်တိုက်ခိုက်လာသည့်အခါမှသာ တိုက်ခိုက်သူအုပ်စုကို အနိမ့်ဆုံးအဆင့် ရှင်းလင်းခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။

### ဝါဒဖြန့်အပုပ်ချ လုပ်ကြံသတင်းများလွှင့်ထုတ်

သို့သော် လူအုပ်စုကြီးအတွင်း မည်သည့်နေရာမှ ပစ်ခတ်လိုက်ခြင်းမသိသော ပစ်ခတ်မှုကြောင့် အသက် ၁၀ နှစ် ဝန်းကျင်ကလေးငယ်အချို့ ထိခိုက်သေဆုံးသောအခါ "ကလေးငယ်တွေကအစ ပစ်ခတ်နေပါတယ်။ လူမဆန်စွာ ရက်ရက်စက်စက်သတ်ဖြတ်နေပါတယ်" စသည်ဖြင့် ပြည်သူလူထု မခံမရပ်နိုင်ဖြစ်အောင်၊ နိုင်ငံတကာနှင့် ကုလသမဂ္ဂ စင်မြင့်ကသိအောင် လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် အရပ်ရပ်ကသိအောင် ဝါဒဖြန့် အပုပ်ချလုပ်ကြံသတင်းများ လွှင့်ထုတ်လာကြပါသည်။ ထိုသို့လုပ်ကြံဝါဒဖြန့် သတင်းလွှင့်ထုတ်ကြသည်ဆိုသော်လည်း ကြောက်မက်ဖွယ်ကောင်းသည့် အကြမ်းဖက်ဆူပူတိုက်ခိုက်မှု ဖြစ်စဉ်များကြားတွင် အသက် ၁၀ နှစ် ပတ်ဝန်းကျင်ကလေးငယ်များ အဘယ်ကြောင့် ပါဝင်နေရသည်ဟု ဆိုသည့်အချက်မှာ မေးခွန်းထုတ်စရာဖြစ်ပါသည်။

သာမန်အားဖြင့် ရိုးရှင်းစွာရှုမြင်မည်ဆိုလျှင် ကလေးငယ်များအနေဖြင့် ရုန်းရင်းဆန်ခတ်ဖြစ်နေသော အကြမ်းဖက်လူစုလူဝေးအတွင်း ပါဝင်နေသည်ဆိုခြင်းမှာ မည်သို့မျှ လက်ခံနိုင်စရာမရှိသည့် ယုတ္တိမတန်သော အချက်ပင်ဖြစ်သည်။ ကလေးငယ်များကိုယ်တိုင် အကြမ်းဖက်ဆူပူဆန္ဒပြမှုဖြစ်စဉ်များတွင် ပါဝင်နေသည်ဟု ဆိုသည်မှာ မည်သည့်အကြောင်းပြချက်နှင့်ဆိုဆို လက်ခံနိုင်စရာအကြောင်းမရှိပါ။ အချို့ဖြစ်စဉ်များတွင် လုံခြုံရေးတပ်ဖွဲ့များအား တုတ်၊ ဓား၊ လှံ၊ လေးခွ၊ ဂျင်ကလီ၊ လောက်လွှဲ၊ မီးလောင်ဗုံး၊ လက်လုပ်သေနတ်များ ကိုင်ဆောင်ပြီး ထိပ်တိုက်တွေ့ဆုံသည့် အကြမ်းဖက်တိုက်ခိုက်မှုများတွင် အများသောအားဖြင့် လူကြီး၊ လူလတ်အတော်များများ ပါဝင်တော့ခြင်းမရှိဘဲ မိုက်ရူးရဲ၊ အရဲစွန့်တက်ကြွ လူငယ်အချို့သာ ပါဝင်နေကြသည်ကို ၎င်းတို့ လူမှုကွန်ရက်ပေါ်တွင် တင်ထားသည့် ဗီဒီယိုဖိုင်များကို ကြည့်လျှင် တွေ့ရမည်ဖြစ်သည်။ ထိုဗီဒီယိုဖိုင်များတွင်လည်း ကလေးငယ်များ ပါဝင်ခြင်းမရှိသည်ကို တွေ့ရမည်ဖြစ်သည်။

ကြောက်စရာကောင်းသည့် တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်ပြီး အော်ဟစ်ဆူပူ တိုက်ခိုက်နေကြသည့် လူအုပ်စုအတွင်း ကလေးငယ်များ ပါဝင်နေခြင်းမှာ လုံးဝမဖြစ်နိုင်သလို ကလေးငယ်များ၏ ပင်ကိုစိတ်ထားသဘာဝမှာ တစ်ဦးတစ်ယောက်၏ ကြမ်းတမ်းခက်ထန်သော အပြုအမူမျိုးကို မြင်တွေ့လျှင်ပင် စိုးရိမ်ထိတ်လန့် ကြောက်လန့်သောသဘောရှိပြီး ရှောင်ခွာကွယ်ပုန်းနေတတ်သည်ကို ကလေးငယ်တိုင်းတွင် တွေ့ရတတ်ပါသည်။ မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်ဆူပူ ဆန္ဒပြတိုက်ခိုက်မှု ဖြစ်စဉ်များအတွင်း ဖြစ်တောင့်ဖြစ်ခဲ လုံးဝမဖြစ်နိုင်သည့် မိန်ကလေးငယ်နှစ်ဦး မည်သည့်နေရာမှ ပစ်ခတ်လိုက်ခြင်းမသိသည့် သေနတ်ထိမှန် ဒဏ်ရာရသေဆုံးရမှု ဖြစ်စဉ်ကို အသေအချာ စဉ်းစားသုံးသပ်ကြည့်ရမည်ဖြစ်သည်။

အကြမ်းဖက် ဆူပူဆန္ဒပြမှုများအတွင်း ရွေးချယ်လုပ်ကြံသတ်ဖြတ်ရေး နောက်ကွယ်က အုပ်စု ပြန်လည်ခေါင်းထောင်ထနေပြီလောဟု ရှာဖွေစောကြော ကြည့်ရမည်ဖြစ်သည်။ သို့တည်းမဟုတ် မြန်မာတို့၏ စကားပုံတွင်ပါရှိ သည့် "ကမ္ဘာမီးလောင် သားကောင်ချနင်း" ဆိုသကဲ့သို့ မိမိတို့၏ ပူလောင်နေသော သောက၊ ဒေါသများကို မိမိတို့သားသမီးများ၊ မိမိတို့၏ အပြစ်မဲ့သော ကလေးငယ်များအား ချနင်းနေပြီလားဟု ထင်ရမလိုဖြစ်သည်။ သို့တည်းမဟုတ် "သားကောင်ကိုချနင်းပြီး ကမ္ဘာမီးလောင်အောင်" ပြုလုပ်နေပြီလားဟု ထင်ရပေသည်။ မည်သို့ပင်ဖြစ်စေ အယုတ်မာဆုံး၊ အကြံပက်စက်ဆုံး အလုပ်များကို လုပ်လာကြသည် တွေ့ရပြီဖြစ်သည်။ စေ့စေ့တွေးလျှင် ရေးရေးပေါ်မည်ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များကို အမုန်းတရားကြီးမားအောင် ၎င်းတို့ကိုယ်တိုင်က လုပ်ကြံပါမည်လော။ အဖြေမှန်ကိုစဉ်းစားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို မုန်းတီးအောင် လုပ်ကြံသူတို့ကို ရှာဖွေကြည့်သင့်ပါသည်။

ဓာတ်လမ်းတစ်ပုဒ်ကို နားဆင်ကြည့်ရှုခံစားကြရာတွင် ဓာတ်လမ်း၏ ကျောရိုးပါအတိုင်း ဓာတ်အိမ်၊ ဓာတ်သဘော၊ ဓာတ်လမ်းအနှစ်သာရများ အကုန်ခြုံငုံကာ ဆိုလိုရင်း၏ ရည်ရွယ်ချက်ကို သဘောပေါက်အောင် ရှုမြင်ဖို့လိုပါသည်။ ဓာတ်လမ်းတွင်

"လူအုပ်စုကြီးအတွင်း မည်သည့်နေရာမှ ပစ်ခတ်လိုက်ခြင်း မသိသော ပစ်ခတ်မှုကြောင့် အသက် ၁၀ နှစ် ဝန်းကျင် ကလေးငယ်အချို့ ထိခိုက်သေဆုံးသောအခါ "ကလေးငယ်တွေက အစ ပစ်ခတ်နေပါတယ်။ လူမဆန်စွာ ရက်ရက်စက်စက် သတ်ဖြတ်နေပါတယ်" စသည်ဖြင့် ပြည်သူလူထု မခံမရပ်နိုင် ဖြစ်အောင်၊ နိုင်ငံတကာနှင့် ကုလသမဂ္ဂစင်မြင့်က သိအောင် လူမှုကွန်ရက်စာမျက်နှာများပေါ်မှတစ်ဆင့် အရပ်ရပ်ကသိအောင် ဝါဒဖြန့် အပုပ်ချလုပ်ကြံသတင်းများ လွှင့်ထုတ်လာကြပါသည်။ ထိုသို့လုပ်ကြံဝါဒဖြန့် သတင်းလွှင့်ထုတ်ကြသည်ဆိုသော်လည်း ကြောက်မက်ဖွယ်ကောင်းသည့် အကြမ်းဖက်ဆူပူတိုက်ခိုက်မှုဖြစ်စဉ်များကြားတွင် အသက် ၁၀ နှစ် ပတ်ဝန်းကျင် ကလေးငယ်များ အဘယ်ကြောင့် ပါဝင်နေရသည်ဟု ဆိုသည့်အချက်မှာ မေးခွန်းထုတ်စရာဖြစ်"

စာမျက်နှာ ၁၅ သို့

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ မတ်လ ၂၉ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်မြေပြင် အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ ရေစကြိုမြို့နယ်၏ မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

**ရေစကြိုမြို့နယ် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် မဲရုံပေါင်း ၂၃၄ ရုံ | ၁၉၃၂၃၆ | ၁၈၃၂၉၇ | ၆၄၃၁ | ၁၂၂၉ | ၂၁၁၈၈ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့် အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ရေစကြိုမြို့နယ်တွင် ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၁ အုပ်စု၊ မဲရုံပေါင်း ၂၃၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၂၂၀၉၅၇ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၄၉၈၂၉၊ ကျန်ရှိရမည့် အရေအတွက်မှာ ၇၁၁၂၈ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၄၀၂၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက် ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၀၃၂၉၉ | ၁၄၈၈၂၁ | ၅၄၄၇၈ | ၄၇၃၇၇ | ၇၁၄၄ | ၄၃ |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၁၀၀၈ | ၁၀၀၈ | | | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၁၆၆၅၀ | | ၁၆၆၅၀ | ၁၆၆၅၀ | | |
| | စုစုပေါင်း | ၂၂၀၉၅၇ | ၁၄၉၈၂၉ | ၇၁၁၂၈ | ၆၄၀၂၇ | ၇၁၄၄ | ၄၃ |

၅။ ရေစကြိုမြို့နယ်၊ ရပ်ကွက် ၈ ရပ်ကွက်၊ ကျေးရွာအုပ်စု ၈၁ အုပ်စုရှိ မဲရုံပေါင်း ၂၃၄ ရုံ တို့တွင် မဲလက်မှတ်အရေအတွက် ၇၁၄၄ ပျောက်ဆုံးနေပြီး ၄၃ ပိုမိုသုံးစွဲထားကြောင်း တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်တွင် ထုတ်ယူရရှိမှုနှင့် အသုံးပြုထားမှုမှာ ၁၀၀၈ ဖြစ်ပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက် ၁၆၆၅၀ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်တွင် ၁၆၆၅၀ ကျန်ရှိနေသောကြောင့် ကိုက်ညီမှုရှိကြောင်း တွေ့ရှိရသည်။ ရေစကြိုမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ၂၆-၁၀-၂၀၂၀ ရက်နေ့၊ ၂၇-၁၀-၂၀၂၀ ရက်နေ့နှင့် ၂၈-၁၀-၂၀၂၀ ရက်နေ့တို့တွင် ကြိုတင်ဆန္ဒမဲပေးရန်အတွက် ထုတ်ပေးခဲ့သော ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များတွင် ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဦးကျော်နိုင်ဦး (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးချမ်းမင်း (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ သရေစည်သူ ဦးစိုးမောင် (အမျိုးသားနိုင်ငံရေးဒီမိုကရက်တစ်ပါတီ)၊ ဦးတင်အောင် (ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးပိုက်ဌေး (ညီညွတ်သောဒီမိုကရက်တစ်ပါတီ)၊ ဦးလွင်မြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)နှင့် ဦးအောင်မြင့်ကြည် (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)တို့၏ အမည်များ ပါဝင်သည့် ဆန္ဒမဲလက်မှတ်များမဟုတ်ဘဲ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများဖြစ်ကြသည့် ဒေါ်တင်မိုးခိုင် (ပြည်ထောင်စုကောင်းကျိုးဆောင်ပါတီ)၊ ဦးမြင့်ဦး (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ)၊ ဦးဝင်းကိုကို (ပြည်သူ့ရှေ့ဆောင်ပါတီ)၊ ဦးသန်းထွေး (တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ)၊ ဦးအောင်ဆန်းဦး (ညီညွတ်သောဒီမိုကရက်တစ်ပါတီ)နှင့် ဦးအောင်သိန်းကျော် (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)တို့၏ အမည်များပါဝင်သည့် ဆန္ဒမဲလက်မှတ်များကို မှားယွင်းစွာ ထုတ်ပေးခဲ့ကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၆။ ထိုကဲ့သို့ မှားယွင်းထုတ်ပေးခဲ့သော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်များသာ ပါရှိနေသည့် ဆန္ဒမဲလက်မှတ်များကို ၃၁-၁၀-၂၀၂၀ ရက်နေ့တွင် ဝါယာကျေးရွာအုပ်စုမဲရုံအမှတ်(၅)၊ ငွေးဂုဏ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ပေကုန်းကျေးရွာအုပ်စု၊ ပညင်းကျေးရွာမဲရုံအမှတ်(၃)၊ မောဓာလန်ကျေးရွာအုပ်စု မဲရုံအမှတ်(၁)၊ ခင်မွန် (ခေါ်) ခွေးမြှုပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၁) တို့တွင်လည်းကောင်း၊ ၁-၁၁-၂၀၂၀ ရက်နေ့တွင် ခင်မွန် (ခေါ်) ခွေးမြှုပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂) တွင်လည်းကောင်း၊ ၂-၁၁-၂၀၂၀ ရက်နေ့တွင် မြေဖြူမုံညင်းကျေးရွာအုပ်စုမဲရုံအမှတ်(၂)တွင် လည်းကောင်း၊ ၃-၁၁-၂၀၂၀ ရက်နေ့တွင် မအူအောက်ဆိပ်ကျေးရွာအုပ်စု မဲရုံ အမှတ်(၃)တွင် လည်းကောင်း မှားယွင်းထုတ်ပေးခဲ့သဖြင့် မဲလက်မှတ်မှားယွင်းသူ ၂၇၈ ဦးနှင့် ဆန္ဒမဲပေးပြီးသူ ၆၆၇ ဦး၊ စုစုပေါင်းမဲဆန္ဒရှင် ၉၄၅ ဦးတို့ ဆန္ဒမဲပေးထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ စစ်ဆေးတွေ့ရှိခဲ့ပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ဆန္ဒမဲလက်မှတ် မှားယွင်းပေးထားသော ဆန္ဒမဲလက်မှတ် ၉၄၅ စောင်နှင့် လက်ကျန် ၅ စောင်ကို ရေစကြိုမြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိခဲ့ပါသည်။ ထို့ကြောင့် မဲဆန္ဒရှင် ၉၄၅ ဦးတို့အား မဲပေးခွင့်မဆုံးရှုံးစေရေး အသစ်တဖန် ပြန်လည်မဲပေးနိုင်ရန်အတွက် ဆန္ဒမဲလက်မှတ် ၉၅၀ စောင် (အုပ်ရေအားဖြင့် ၁၉ အုပ်)ကို ပြန်လည် အစားပေးခဲ့ပြီး အသစ်တဖန် ပြန်လည် မဲပေးခြင်းများ ဆောင်ရွက်စေခဲ့ပါသည်။ ထို့နောက် ရေစကြိုမြို့မရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားသည့် ဆန္ဒပြုထားခြင်း မရှိသေးသော ဆန္ဒမဲလက်မှတ်စာအုပ်အသစ်များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ သယ်ယူကာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ၊ ဌာန ဆိုင်ရာ အဖွဲ့ဝင်များ၊ ပညာရေးဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရပ်ကျေးစာရေးများမှ ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်စာအုပ်များ၊ အမျိုးသားလွှတ်တော်ဆန္ဒမဲလက်မှတ်စာအုပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဆန္ဒမဲလက်မှတ်စာအုပ်များ စုစုပေါင်း ၁၀၈၇၀ အုပ်နှင့် တိုင်းရင်းသားလူမျိုး ဆန္ဒမဲလက်မှတ် ၄၉ စောင်တို့ကို စစ်ဆေးဆောင်ရွက်ခဲ့ရာ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏အမည်များ ပါဝင်ခြင်းမရှိဘဲ သက်ဆိုင်ခြင်းမရှိသည့် မကွေးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းများ၏အမည်များသာ ပါရှိနေသည့်ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေ အားဖြင့် ၄၁ အုပ်)ကို စစ်ဆေးတွေ့ရှိခဲ့ပြီး ချိပ်ပိတ်ကာ ရေစကြိုမြို့မ ရဲစခန်းဝင်းအတွင်းရှိ ငွေတိုက်တွင် သိမ်းဆည်းထားရှိပါသည်။ ယင်းသို့ ချိပ်ပိတ်သိမ်းဆည်းထားသော ဆန္ဒမဲလက်မှတ် စုစုပေါင်း ၂၀၅၀ စောင် (အုပ်ရေအားဖြင့် ၄၁ အုပ်)ကို ဖွင့်ဖောက် စစ်ဆေးခဲ့ပါသည်။ **(မှတ်တမ်းဓာတ်ပုံများ ပူးတွဲ ဖော်ပြ ထားပါသည်။)**

၇။ ရေစကြိုမြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရှိ ချိပ်ပိတ်ထားသော ဆန္ဒမဲလက်မှတ်အိတ် ၅ အိတ်တွင် NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့်ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ်ချည်သောကြိုးဖြင့် တစ်ပါတည်းတွဲလျက်ချည်ထားပြီး ချိပ်ပိတ်ထားသည်ကို တွေ့ရှိရသည်။ NLD အမှတ်တံဆိပ်ပါ Label ကတ်ပြားများ ချိတ်ဆွဲ ချိပ်ပိတ်ထားခြင်းဖြင့် NLD ရုံးမှ ပေးပို့သည့် မဲလက်မှတ်များဖြစ်နိုင်ပြီး မဲပေးရာတွင် မသမာမှုများပြုလုပ်ထားကြောင်း တွေ့ရှိရသည်။ **(မှတ်တမ်းဓာတ်ပုံများ ပူးတွဲဖော်ပြထားပါသည်။)**

၈။ ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရှိမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် ပျောက်ဆုံး | ကွာခြားချက် ပို |
|---|---|---|---|---|---|---|---|---|
| ၁ | အမှတ်(၁)ရပ်ကွက် | ၃ | ၃၅၀၀ | ၂၇၁၇ | ၇၈၃ | ၆၃၃ | ၁၅၀ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂ | ၂၇၀၀ | ၂၀၁၄ | ၆၈၆ | ၆၈၆ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၁ | ၈၅၀ | ၆၈၈ | ၁၆၂ | ၅၇ | ၁၀၅ | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၂ | ၁၀၀၀ | ၇၄၀ | ၂၆၀ | ၆၀ | ၂၀၀ | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၁ | ၁၁၀၀ | ၉၃၆ | ၁၆၄ | ၁၆၄ | | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၂ | ၂၅၅၀ | ၁၉၃၉ | ၆၁၁ | ၆၁၁ | | |
| ၇ | အမှတ်(၇)ရပ်ကွက် | ၂ | ၄၀၅၀ | ၂၈၄၀ | ၁၂၁၀ | ၈၆၀ | ၃၅၀ | |
| ၈ | အမှတ်(၈)ရပ်ကွက် | ၃ | ၄၁၅၀ | ၃၁၄၈ | ၁၀၀၂ | ၆၅၂ | ၃၅၀ | |
| ၉ | ကိုင်းကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၉၄ | ၃၅၆ | ၃၅၆ | | |
| ၁၀ | ကံသစ်ကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၅၄၅ | ၄၀၅ | ၂၅၅ | ၁၅၀ | |
| ၁၁ | ကံဦးကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၈၉ | ၃၁၁ | ၂၁၁ | ၁၀၀ | |
| ၁၂ | ကန်ဒေါင့်ကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၀၀ | ၄၅၀ | ၄၅၀ | | |
| ၁၃ | ကမ္ဘဲ့ကျေးရွာအုပ်စု | ၁ | ၄၀၀ | ၂၉၁ | ၁၀၉ | ၁၀၉ | | |
| ၁၄ | ကြီးကန်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၆၄၅ | ၅၀၅ | ၄၀၅ | ၁၀၀ | |
| ၁၅ | ကိုရင့်ကျေးရွာအုပ်စု | ၅ | ၂၄၀၀ | ၁၅၇၉ | ၈၂၁ | ၇၂၁ | ၁၀၀ | |
| ၁၆ | ကမ်းဖြူကျေးရွာအုပ်စု | ၅ | ၃၄၀၀ | ၂၅၆၅ | ၈၃၅ | ၈၃၇ | | ၂ |
| ၁၇ | ကွေ့ထောင့်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၇၉ | ၃၇၁ | ၃၇၁ | | |
| ၁၈ | ကျောက္ကာကျေးရွာအုပ်စု | ၃ | ၁၅၀၀ | ၁၀၈၉ | ၄၁၁ | ၃၆၁ | ၅၀ | |
| ၁၉ | ကိုင်းမကြီးကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၈၄ | ၄၁၆ | ၃၃၈ | ၇၈ | |
| ၂၀ | ကြူရွာကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၇၈၀ | ၉၂၀ | ၉၂၀ | | |
| ၂၁ | ကုက္ကိုစုကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၉၈ | ၂၀၂ | ၂၀၂ | | |
| ၂၂ | ကြက်ဆူကျင်းကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၁၂ | ၂၃၈ | ၂၃၈ | | |
| ၂၃ | ခွေးမြှုပ်ကျေးရွာအုပ်စု | ၂ | ၁၂၅၀ | ၁၀၂၁ | ၂၂၉ | ၂၂၉ | | |
| ၂၄ | ဓွေးဂုဏ်ကျေးရွာအုပ်စု | ၃ | ၃၄၀၀ | ၂၆၃၅ | ၇၆၅ | ၆၀၅ | ၁၆၀ | |
| ၂၅ | ငါးလန်ကျေးရွာအုပ်စု | ၂ | ၉၅၀ | ၅၈၀ | ၃၇၀ | ၃၂၀ | ၅၀ | |
| ၂၆ | ငါးမြာကြီးကျေးရွာအုပ်စု | ၁ | ၅၅၀ | ၂၉၆ | ၂၅၄ | ၂၀၄ | ၅၀ | |
| ၂၇ | တေရော်ကျေးရွာအုပ်စု | ၃ | ၁၉၀၀ | ၁၅၀၂ | ၃၉၈ | ၃၉၉ | | ၁ |
| ၂၈ | စဥ့်ကိုင်ကျေးရွာအုပ်စု | ၂ | ၁၄၅၀ | ၁၀၃၃ | ၄၁၇ | ၃၁၇ | ၁၀၀ | |
| ၂၉ | စည်သာကျေးရွာအုပ်စု | ၆ | ၄၁၅၀ | ၂၉၄၈ | ၁၂၀၂ | ၁၂၀၆ | | ၄ |
| ၃၀ | ဆင်ခြေယာကျေးရွာအုပ်စု | ၃ | ၂၇၀၀ | ၁၇၅၈ | ၉၄၂ | ၈၄၂ | ၁၀၀ | |
| ၃၁ | ဆင်တဲကျေးရွာအုပ်စု | ၅ | ၄၆၀၀ | ၃၃၃၂ | ၁၂၆၈ | ၁၀၆၈ | ၂၀၀ | |
| ၃၂ | ဆင်မရဲကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၀၁၄ | ၆၈၆ | ၄၈၆ | ၂၀၀ | |
| ၃၃ | ဆင်ချောင်းကျေးရွာအုပ်စု | ၅ | ၄၁၅၀ | ၃၁၀၉ | ၁၀၄၁ | ၁၀၄၁ | | |
| ၃၄ | ဆားလင်းကုန်းကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၂၁၇၃ | ၇၂၇ | ၇၆၃ | | ၃၆ |
| ၃၅ | ဇီးကျွန်းကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၄ | ၂၆၆ | ၂၆၆ | | |
| ၃၆ | ဇယမကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၁၉ | ၃၈၁ | ၃၂၉ | ၅၂ | |
| ၃၇ | ဇီးကုန်းကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၁၃၆ | ၂၆၄ | ၁၁၄ | ၁၅၀ | |
| ၃၈ | ဇီးတောကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၇၂၉ | ၄၂၁ | ၄၂၁ | | |
| ၃၉ | ညောင်တောကျေးရွာအုပ်စု | ၃ | ၂၂၅၀ | ၁၆၇၉ | ၅၇၁ | ၄၂၁ | ၁၅၀ | |
| ၄၀ | ညောင်ခေါက်ကျေးရွာအုပ်စု | ၄ | ၅၁၀၀ | ၃၇၀၉ | ၁၃၉၁ | ၁၃၄၁ | ၅၀ | |
| ၄၁ | တောင်ဦးကျေးရွာအုပ်စု | ၅ | ၅၅၀၀ | ၃၆၅၅ | ၁၈၄၅ | ၁၆၄၇ | ၁၉၈ | |
| ၄၂ | ထန်းငယ်တောကျေးရွာအုပ်စု | ၇ | ၅၄၀၀ | ၄၁၇၂ | ၁၂၂၈ | ၁၀၇၇ | ၁၅၁ | |
| ၄၃ | ထန်းတိုကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၉၉ | ၁၅၁ | ၁၀၁ | ၅၀ | |
| ၄၄ | ထန်းဆယ်ပင်ကျေးရွာအုပ်စု | ၁ | ၁၄၅၀ | ၁၂၁၀ | ၂၄၀ | ၄၀ | ၂၀၀ | |
| ၄၅ | နိပဆေးတောကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၉၉ | ၅၅၁ | ၅၅၁ | | |
| ၄၆ | နန်းဦးကျေးရွာအုပ်စု | ၃ | ၂၅၀၀ | ၁၇၉၅ | ၇၀၅ | ၅၀၅ | ၂၀၀ | |
| ၄၇ | နွယ်နီကျေးရွာအုပ်စု | ၂ | ၁၉၀၀ | ၁၃၃၂ | ၅၆၈ | ၅၆၈ | | |
| ၄၈ | နေရင်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၇၀၄ | ၇၉၆ | ၄၉၆ | ၃၀၀ | |
| ၄၉ | နတ်ညွှန်းကျေးရွာအုပ်စု | ၁ | ၁၃၅၀ | ၁၀၄၃ | ၃၀၇ | ၃၀၇ | | |
| ၅၀ | နှောင်းဘကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၈၇၄ | ၄၇၆ | ၄၇၆ | | |
| ၅၁ | ပရိမ်သာကျေးရွာအုပ်စု | ၄ | ၂၉၉၉ | ၁၈၅၁ | ၁၁၄၈ | ၁၀၄၅ | ၁၀၃ | |
| ၅၂ | ပေကုန်းကျေးရွာအုပ်စု | ၄ | ၄၃၀၀ | ၃၂၁၉ | ၁၀၈၁ | ၉၈၁ | ၁၀၀ | |
| ၅၃ | ပခန်းငယ်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၁၆၄ | ၇၈၆ | ၆၅၂ | ၁၃၄ | |
| ၅၄ | ပခန်းကြီးကျေးရွာအုပ်စု | ၄ | ၄၀၅၀ | ၃၃၀၉ | ၇၄၁ | ၅၉၃ | ၁၄၈ | |
| ၅၅ | ဗြိဘကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၇၇၅ | ၁၁၂၅ | ၆၂၅ | ၅၀၀ | |
| ၅၆ | ဗလဘကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၃၈ | ၄၁၂ | ၄၁၂ | | |
| ၅၇ | ဘုန်းတော်ပြည့်ကျေးရွာအုပ်စု | ၂ | ၂၆၀၀ | ၁၇၆၂ | ၈၃၈ | ၈၃၄ | ၄ | |
| ၅၈ | ဘောင်ဘဲ့တန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၆၁၅ | ၃၃၅ | ၃၃၅ | | |
| ၅၉ | မအူအလယ်ကျေးရွာအုပ်စု | ၂ | ၃၅၅၀ | ၂၄၁၀ | ၁၁၄၀ | ၈၂၈ | ၃၁၂ | |
| ၆၀ | မအူအောက်ဆိပ်ကျေးရွာအုပ်စု | ၃ | ၃၀၅၀ | ၂၃၄၅ | ၇၀၅ | ၅၀၅ | ၂၀၀ | |
| ၆၁ | မြေဖြူ/မုံညင်းကျေးရွာအုပ်စု | ၅ | ၆၈၀၀ | ၅၂၇၃ | ၁၅၂၇ | ၁၅၂၇ | | |
| ၆၂ | မြေဖြူကျင်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၉၁၃ | ၅၈၇ | ၄၇၀ | ၁၁၇ | |
| ၆၃ | မြေတော်ကျေးရွာအုပ်စု | ၄ | ၂၉၀၀ | ၁၉၆၅ | ၉၃၅ | ၈၃၅ | ၁၀၀ | |
| ၆၄ | မီးလောင်ကျွန်းကျေးရွာအုပ်စု | ၃ | ၁၆၅၀ | ၁၀၈၅ | ၅၆၅ | ၅၆၅ | | |
| ၆၅ | မြေစွန်းတော်ကျေးရွာအုပ်စု | ၃ | ၂၉၅၀ | ၂၂၇၃ | ၆၇၇ | ၄၇၅ | ၂၀၂ | |
| ၆၆ | မိုးကွဲကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၄၈၅ | ၅၁၅ | ၄၁၅ | ၁၀၀ | |
| ၆၇ | မိဖုယားကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၆၀၄ | ၇၉၆ | ၇၉၆ | | |
| ၆၈ | မောက္ကလန်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၅၁၃ | ၆၈၇ | ၅၈၇ | ၁၀၀ | |
| ၆၉ | မင်းကန်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၉၂၆ | ၁၇၄ | ၁၇၄ | | |
| ၇၀ | မင်းရွာကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၅၆ | ၂၄၄ | ၂၄၄ | | |
| ၇၁ | ရွာထောင်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၈၀၅ | ၅၉၅ | ၅၉၅ | | |
| ၇၂ | ရွာသစ်ကျေးရွာအုပ်စု | ၂ | ၂၀၅၀ | ၁၅၁၉ | ၅၃၁ | ၅၃၁ | | |
| ၇၃ | ရေယှားကျေးရွာအုပ်စု | ၁ | ၈၅၀ | ၆၅၄ | ၁၉၆ | ၁၉၆ | | |
| ၇၄ | ရပ်သာကျေးရွာအုပ်စု | ၃ | ၁၉၅၀ | ၁၄၆၆ | ၄၈၄ | ၄၈၄ | | |
| ၇၅ | လေးယာပြည့်ကျေးရွာအုပ်စု | ၁ | ၇၀၀ | ၄၇၁ | ၂၂၉ | ၇၉ | ၁၅၀ | |
| ၇၆ | ဝါဘိုးကျေးရွာအုပ်စု | ၁ | ၆၀၀ | ၄၀၃ | ၁၉၇ | ၁၉၇ | | |
| ၇၇ | ဝက္ကတောကျေးရွာအုပ်စု | ၃ | ၂၁၀၀ | ၁၄၂၇ | ၆၇၃ | ၆၃၂ | ၄၁ | |
| ၇၈ | ဝါယာကျေးရွာအုပ်စု | ၅ | ၄၄၅၀ | ၃၃၈၄ | ၁၀၆၆ | ၁၀၆၅ | ၁ | |
| ၇၉ | သမန္တပို့ကျေးရွာအုပ်စု | ၂ | ၁၅၀၀ | ၁၀၇၄ | ၄၂၆ | ၂၈၆ | ၁၄၀ | |
| ၈၀ | သာဂေါင်ကျေးရွာအုပ်စု | ၃ | ၂၂၀၀ | ၁၇၀၂ | ၄၉၈ | ၂၉၈ | ၂၀၀ | |
| ၈၁ | သစ်ကြီးတောကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၂၁၆၃ | ၅၈၇ | ၄၈၇ | ၁၀၀ | |
| ၈၂ | သာစည်ကျေးရွာအုပ်စု | ၄ | ၃၈၅၀ | ၂၇၂၇ | ၁၁၂၃ | ၁၁၀၈ | ၁၅ | |
| ၈၃ | သရက်ပင်ကန်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၈၇ | ၃၁၃ | ၃၁၃ | | |
| ၈၄ | သံပြာချောင်းကျေးရွာအုပ်စု | ၂ | ၁၇၀၀ | ၁၂၈၀ | ၄၂၀ | ၄၂၀ | | |

စာမျက်နှာ ၁၂ သို့




ရေစကြိုမြို့နယ်၊ ဆန္ဒမဲ (၅) အိတ်တွင် (NLD) အမှတ်တံဆိပ်ပါ Label ကတ်ပြားအား သံကွင်းဖြင့် ဖောက်ကာ ဆန္ဒမဲလက်မှတ်အိတ် ချည်သောကြိုးဖြင့်တွဲ၍ ချိပ်ပိတ်လျက်တွေ့ရှိရခြင်း




ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများပါဝင်သော မဲလက်မှတ်စာအုပ်များနှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပူးတွဲပါရှိနေသည့် ဆန္ဒမဲလက်မှတ်စာအုပ်များ

စာမျက်နှာ ၁၁ မှ

| စဉ် | ရပ်ကွက်/ ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံး ပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြား ချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက် ဆုံး | ပို |
| ၈၅ | သပြေပင်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၉၆၂ | ၂၃၈ | ၂၃၈ | | |
| ၈၆ | အလယ်ကျောကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၇၂ | ၃၇၈ | ၃၄၅ | ၃၃ | |
| ၈၇ | အလယ်သောင်ကျေးရွာအုပ်စု | ၄ | ၂၇၅၀ | ၂၀၄၇ | ၇၀၃ | ၄၅၃ | ၂၅၀ | |
| ၈၈ | အောင်နန်းကျေးရွာအုပ်စု | ၄ | ၂၂၅၀ | ၁၆၀၄ | ၆၄၆ | ၆၄၆ | | |
| ၈၉ | အောင်ပန်းချောင်းကျေးရွာအုပ်စု | ၁ | ၁၂၀၀ | ၇၃၁ | ၄၆၉ | ၄၆၉ | | |
| | ရပ်ကျေးချုပ်စုစုပေါင်း | ၂၃၄ | ၂၀၃၂၉၉ | ၁၄၈၈၂၁ | ၅၄၄၇၈ | ၄၇၃၇၇ | ၇၁၄၄ | ၄၃ |
| | မြို့နယ်ကြိုတင်မဲ | | ၁၀၀၈ | ၁၀၀၈ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၁၆၆၅၀ | | ၁၆၆၅၀ | ၁၆၆၅၀ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၃၄ | ၂၂၀၉၅၇ | ၁၄၉၈၂၉ | ၇၁၁၂၈ | ၆၄၀၂၇ | ၇၁၄၄ | ၄၃ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်



ရေစကြိုမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများပါဝင်သော မဲလက်မှတ်စာအုပ်များနှင့် သက်ဆိုင်ခြင်းမရှိသော မကွေးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းများ ပူးတွဲပါရှိနေသည့် ဆန္ဒမဲလက်မှတ်များ

စာမျက်နှာ ၆ မှ

ကြည့်၍ ၁၉၉၆ ခုနှစ်မှ စတင်၍ ပြည်ပြေးစိန်ဝင်းနှင့်အဖွဲ့သည် ပြည်ပတွင် ပိုမိုလှုပ်ရှားလာနိုင်ခဲ့သည်။ ပြည်ပ အဖွဲ့အစည်းများအကြား ပြည်တွင်း/ပြည်ပ လှုပ်ရှားမှုများဖြင့် ဆက်သွယ်ပေါင်းကူးပေးခဲ့သည်။

ပြည်ပအထောက်အပံ့များဖြင့် အကျိုးအမြတ်ဖြစ်နေသော မြန်မာနိုင်ငံသား ဆန့်ကျင်လှုပ်ရှားသူများမှာ ဒီမိုကရေစီကိုအရေခြုံပြီး ပြည်သူလူထုကို အကြောင်းပြု၍၊ အာဏာရှင်ဆန့်ကျင်ရေးကို အကြောင်းပြု၍ ရှေးယခင်မှ ယနေ့ထက်တိုင်အောင် ဆန့်ကျင်လှုပ်ရှားနေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံကို ဆန့်ကျင်လှုပ်ရှားနေကြသော ပြည်ပရောက် မြန်မာများသည် မြန်မာနိုင်ငံဆိုင်ရာ သံရုံးများရှေ့တွင် ဆန္ဒပြခြင်း၊ မြန်မာအစိုးရအပေါ် ဆန့်ကျင်သည့် စာစောင်များ ထုတ်ဝေခြင်း၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို ပြုလုပ်လာကြသည်။ ယခုအခါတွင် မြန်မာနိုင်ငံ သံတမန်များဆိုင်ရာ နေရာများသို့ပင် ဝင်ရောက်၍ သံအမတ်ကြီးများအား ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းတို့ကိုပါ ပြုလုပ်လာကြသည်။

ဤဓာတ်လမ်းများအတိုင်း ပြည်ပြေးစိန်ဝင်းတို့အဖွဲ့က ပြုလုပ်ခဲ့ကြသလို အနောက်နိုင်ငံများတွင် ပြုလုပ်ခဲ့ကြသည့် မြန်မာနိုင်ငံအစိုးရအပေါ် ဆန့်ကျင်ရေးဆွေးနွေးပွဲများ ဖြစ်မြောက်ရေးအတွက် အနောက်နိုင်ငံ အဖွဲ့အစည်းများက ထောက်ပံ့ကူညီပေးခဲ့သည်။ ဆွေးနွေးပွဲများတွင် မြန်မာနိုင်ငံမှ ပြည်ပြေးများသာမက အမေရိကန်

**"ပြည်ပအထောက်အပံ့များဖြင့် အကျိုးအမြတ်ဖြစ်နေသော မြန်မာနိုင်ငံသား ဆန့်ကျင်လှုပ်ရှားသူများမှာ ဒီမိုကရေစီကိုအရေခြုံပြီး ပြည်သူလူထုကို အကြောင်းပြု၍၊ အာဏာရှင်ဆန့်ကျင်ရေးကို အကြောင်းပြု၍ ရှေးယခင်မှ ယနေ့ထက်တိုင်အောင် ဆန့်ကျင်လှုပ်ရှားနေကြဆဲဖြစ်သည်။ မြန်မာနိုင်ငံကို ဆန့်ကျင်လှုပ်ရှားနေကြသော ပြည်ပရောက် မြန်မာများသည် မြန်မာနိုင်ငံဆိုင်ရာ သံရုံးများရှေ့တွင် ဆန္ဒပြခြင်း၊ မြန်မာအစိုးရအပေါ် ဆန့်ကျင်သည့် စာစောင်များထုတ်ဝေခြင်း၊ အစည်းအဝေးများ၊ ဆွေးနွေးပွဲများကို ပြုလုပ်လာကြသည်။ ယခုအခါတွင် မြန်မာနိုင်ငံ သံတမန်များဆိုင်ရာ နေရာများသို့ပင် ဝင်ရောက်၍ သံအမတ်ကြီးများအား ဖိအားပေးခြင်း၊ အကျပ်ကိုင်ခြင်းတို့ကိုပါ ပြုလုပ်လာကြသည်"**

နိုင်ငံရေးလောကမှ ပုဂ္ဂိုလ်များကိုပါ ဖိတ်ခေါ်၍ မြန်မာအစိုးရအပေါ် ဖိအားပေးရန်၊ ကုလသမဂ္ဂနှင့် အနောက် နိုင်ငံကြီးများက အာရုံစိုက်လာစေရန် ဓာတ်လမ်းများ ဖန်တီးခဲ့ကြသည့်အပြင် မြန်မာနိုင်ငံနှင့်ပတ်သက်သည့် တစ်ဖက်သတ်သတင်းများ၊ မဟုတ်မမှန် လုပ်ကြံသတင်းများကို ပြည်တွင်းမှ ဖြန့်ဝေသည့်သတင်းများအရလည်းကောင်း၊ ပြည်ပ အခြေစိုက်မီဒီယာများကပေးသော သတင်းများအရလည်းကောင်း ပြုလုပ်လာကြသည်။

ပြည်ပြေးစိန်ဝင်းနှင့်အဖွဲ့သည် မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံအစိုးရက စီးပွားရေးကန့်သတ်မှုဥပဒေချမှတ်ခဲ့သည့်အတွက် ဝမ်းသာထောက်ခံမှုကိုပြသသည့်ပွဲ ၁၉၉၇ ခုနှစ်တွင် ဝါရှင်တန်တွင် ပြုလုပ်ခဲ့သည်။ သို့သော် ဤမှုဖြင့် ကျေနပ်နှစ်သက်ခြင်းမရှိဘဲ နှစ်ရှည်လများ လက်သပ်မွေး ထောက်ပံ့ပေးခဲ့ရသည်တို့ကို အကျိုးရှိအောင် နိုင်ငံရေးဓာတ်လမ်းကို ပြောင်းလဲဖော်ဆောင်ခဲ့သည်။ ၁၉၈၈ ခုနှစ်မှစတင်၍ အနောက်နိုင်ငံများမှ ထောက်ပံ့ပေးကမ်းလာခဲ့သည်မှာ ဆယ်စုနှစ်တစ်ခုမက ရှိလာပြီဖြစ်၍ ထူးခြားသည့် အပြောင်းအလဲဓာတ်လမ်းဖန်တီးရန် ၁၉၉၈ ခုနှစ်တွင် မေရီလင်းပြည်နယ်ရှိ ပြည်ပြေးစိန်ဝင်း၏ နေအိမ်တွင် အစည်းအဝေးတစ်ရပ် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ဒီမိုကရေစီလှုပ်ရှားမှု ၁၀ နှစ်ပြည့်မြောက်ပြီးသည့် အခြေအနေများကို ပြန်လည်သုံးသပ်ခဲ့သည်။

ယခုပြည်ပရောက်လှုပ်ရှားမှုများမှာ အစိုးရနှင့် ယှဉ်ပြိုင်လှုပ်ရှားရာတွင် အရှုံးပေါ်နိုင်သဖြင့် ၁၉၉၈ ခုနှစ်တွင် ထူးခြားသည့် လှုပ်ရှားမှုပြုလုပ်ရန် ဆွေးနွေးခဲ့သည်။ ၁၉၉၈ ခုနှစ်၏ တိုက်ပွဲခေါ်သံကြွေးကြော်သံကိုလည်း Make Break ဟု သတ်မှတ်ခဲ့ကြသည်။ မြန်မာနိုင်ငံအတွင်း လူထုအုံကြွမှု၊ ကျောင်းသားလှုပ်ရှားမှုများ ဖြစ်လာနိုင်ကြောင်းနှင့် ဖြစ်ပေါ်လာအောင်လည်း ဖန်တီးရမှာဖြစ်ကြောင်း၊ ပြည်တွင်းရှိ NLD ပါတီခေါင်းဆောင်၏ ဦးဆောင်မှုဖြင့် ဆောင်ရွက်နေကြောင်း၊ ဟန်ချက်ညီ လှုပ်ရှားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အခြေအနေပေးလျှင် ပြည်တွင်းသို့ ဝင်ရောက်၍ NLD နှင့် ပူးပေါင်းဆောင်ရွက်ရန်လိုကြောင်း ဆွေးနွေးကြသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ဂျော်ဒန်နိုင်ငံတွင် တစ်စိတ်တစ်ပိုင်းသတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို သက်တမ်းတိုး

အမ္မန် မတ် ၂၉

**ဂျော်ဒန်နိုင်ငံတွင် မေ ၁၅ ရက်အထိ တစ်စိတ်တစ်ပိုင်း သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်ကို သက်တမ်းတိုးလိုက်ကြောင်း မတ် ၂၈ ရက်တွင် ဂျော်ဒန်အစိုးရက ကြေညာခဲ့သည်။**

လက်ရှိထုတ်ပြန်ထားသည့် သတ်မှတ်ချိန်အတွင်း အပြင်မထွက်ရအမိန့်မှာ မတ်လကုန်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်သော်လည်း ကိုဗစ် -၁၉ ကူးစက်မှုများကို ကာကွယ်နိုင်ရေးအတွက် မေ ၁၅ ရက်အထိ သက်တမ်းတိုးသွားမည်ဟု အမ္မန်မြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ဂျော်ဒန်နိုင်ငံ၏ သတင်းမီဒီယာရေးရာဝန်ကြီး ဆာခါဒ္ဒင်က ကြေညာခဲ့သည်။

စီးပွားရေးလုပ်ငန်းများကို နံနက် ၆ နာရီမှ ညနေ ၆နာရီအထိ ဖွင့်ခွင့်ပေးမည်ဖြစ်သည်။ ပြည်သူများသည် နံနက် ၇နာရီမှ ညနေ ၆ နာရီ အတွင်းသာ အပြင်ထွက်သွားလာလှုပ်ရှားခွင့်ရမည် ဖြစ်သည်။ သောကြာနေ့တိုင်း အပြင်ထွက်ခွင့်ရမည် မဟုတ်ပေ။ မင်္ဂလာခန်းမများနှင့် အားကစားခန်းမများကိုလည်း ဆက်လက်ပိတ်ထားရဦးမည်ဖြစ်သည်။ ဂျော်ဒန်နိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးမှုနှုန်း၊ ကူးစက်မှုနှုန်း များပြားလာပြီး ကိုဗစ် -၁၉ ကူးစက်မှုနှုန်းမှာ ဂျော်ဒန်နိုင်ငံကို ခြိမ်းခြောက်မှုများပြုလာပြီး ကိုဗစ်-၁၉ ကူးစက်လူနာမှာ ဆေးရုံမှဆင်းသွားရသည့် လူနာထက်ပို၍ များပြားလာသည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။

မတ် ၂၈ ရက်တွင် ဂျော်ဒန်နိုင်ငံတွင် ကိုဗစ် -၁၉ကြောင့်သေဆုံးသူ ၈၂ ဦးရှိပြီး ကူးစက်ခံရသူ ၇၁၈၃ဦး တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် သေဆုံးသူ စုစုပေါင်း ၆၅၅၄ ဦးရှိပြီး နိုင်ငံတစ်ဝန်းကူးစက်ခံရသူ စုစုပေါင်းမှာ ၅၈၉၃၁၆ ဦးရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိအခြေအနေမှာ စိုးရိမ်ရသည့်အခြေအနေတွင်ရှိနေပြီး ဂရုစိုက်မှုများ၊ သတိထားမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုလုပ်ဆောင်သင့်သည့်အချိန်ဟု ဆာခါဒ္ဒင်က ပြောသည်။

ဆင်ဟွာ



ဂျော်ဒန်နိုင်ငံမှ ကလေးငယ်များ ကျောင်းတက်ရန် ကျောင်းကားပေါ်တက်နေကြသည်ကို တွေ့ရစဉ်။

## တိုကျိုတွင် ကိုဗစ် -၁၉ စတုတ္ထအကျော့ကို ကာကွယ်ဆေးဖြင့် မကာကွယ်နိုင်ဟု လေ့လာထား

တိုကျို မတ် ၂၉

တိုကျိုမြို့တော် အနီးတစ်ဝိုက်တွင် နောက်ထပ်ဖြစ်လာနိုင်သည့် ကိုဗစ် -၁၉ကူးစက်မှုများကို နှိမ်နင်းရန်အတွက် ကာကွယ်ဆေးထိုးနှံပေးနိုင်မှုမှာ အကန့်အသတ်အားဖြင့်သာ အကျိုးသက်ရောက်မှုရှိနိုင်မည်ဟု ဂျပန်သုတေသနအဖွဲ့တစ်ဖွဲ့က ပြောသည်။

တိုကျိုမြို့တွင် မည်သို့ကူးစက်သည်ကို လေ့လာနေသည့် ဆုကုဘာတက္ကသိုလ်မှ သုတေသီများက မတ် ၂၁ ရက်တွင် အဆုံးသတ်သွားသည့် အရေးပေါ်အခြေအနေထုတ်ပြန်မှုပြီးနောက် ကူးစက်မှုများ မည်သို့ရှိမည်ကို လေ့လာခဲ့ကြသည်။ ကူးစက်မှုနှုန်းမှာ လွန်ခဲ့သည့်နှစ် ဆောင်းရာသီကာလနှင့် အတူတူပင်ဖြစ်လိမ့်မည်ဟု ၎င်းတို့က ယူဆခဲ့ကြသည်။

ကာကွယ်ဆေးမထိုးဘဲ မေလလယ်ရောက်လျှင် ကူးစက်မှုနှုန်းမှာ ၁၈၅၀ ရှိလာနိုင်ပြီး စတုတ္ထအကျော့နှင့် တွေ့ကြုံလာနိုင်သည်ဟု လေ့လာမှုများက ဖော်ပြလျက်ရှိသည်။ အကယ်၍ တိုကျိုတွင် နေ့စဉ် သက်ကြီးရွယ်အို ၃၅၀၀၀ သို့မဟုတ် ၀ ဒသမ ၃ ရာခိုင်နှုန်းကို ကာကွယ်ဆေးထိုးပေးနိုင်လျှင် မေလလယ်ရောက်လျှင် နေ့စဉ်ကူးစက်မှုနှုန်းမှာ ၁၆၅၀ အထိဖြစ်လာနိုင်သည်ဟု ခန့်မှန်းထားကြသည်။

အကယ်၍ တိုကျိုပြည်သူလူထု၏ ၁ ရာခိုင်နှုန်းကို နေ့စဉ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနိုင်လျှင် နေ့စဉ်ကူးစက်မှုနှုန်း၏အမြင့်ဆုံးနှုန်းမှာ ၁၅၄၀ အထိ ရှိလာနိုင်သည်ဟု ခန့်မှန်းထားသည်။ ရာခိုင်နှုန်းအားဖြင့် နေ့စဉ်ကူးစက်မှုနှုန်း ၁၆ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းထားသည်။ ယင်းခန့်မှန်းချက်ကို ကြည့်လျှင် ကိုဗစ် -၁၉ ကာကွယ်ဆေးမှာ တိုကျိုတွင် စတုတ္ထအကျော့ဖြစ်ပွားမှုကို ထိထိရောက်ရောက် ကာကွယ်နိုင်ဟန်မရှိဟု ပြသလျက်ရှိသည်။ လွန်ခဲ့သည့်လမှစတင်ကာ ဂျပန်နိုင်ငံတစ်လွှား ကျန်းမာရေး ဝန်ထမ်းများကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံမှုများ စတင်ခဲ့သည်။ သက်ကြီးရွယ်အိုများကို ကာကွယ်ဆေးထိုးပေးမှုမှာ ဧပြီလတွင် စတင်နိုင်လိမ့်မည်ဟု သိရသည်။

အင်န်အိတ်ချ်ကေ



ဂျပန်နိုင်ငံတွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနေသည်ကို တွေ့ရစဉ်။

## ဘရာဇီးနိုင်ငံ၏ ကျန်းမာရေးစနစ် ပြိုလဲလုနီးနီးဖြစ်

ရီယိုဒီဂျနေးရိုး မတ် ၂၉

ဘရာဇီးနိုင်ငံတွင် လွန်ခဲ့သည့်လမှစတင်ကာ နေ့စဉ် ကိုဗစ် - ၁၉ ကူးစက်မှုနှုန်း များပြားလာပြီး တိုင်းပြည်၏ကျန်းမာရေးစနစ်မှာ ပြိုလဲလုနီးနီး ဖြစ်လာသည်။

အမေရိကန်နိုင်ငံ ဂျွန်ဟော့ကင်းတက္ကသိုလ်၏ အချက်အလက်များအရ မတ်လ ၂၇ ရက်တွင် ဘရာဇီးနိုင်ငံ၏ နေ့စဉ် ကိုဗစ်- ၁၉ ကူးစက်မှုနှုန်းမှာ ၉၀၀၀၀ ကျော်တွင် ရပ်တည်နေသည်ဟု သိရသည်။

ဘရာဇီးနိုင်ငံရှိ ပြည်နယ် တစ်ဝက်နီးပါးနှင့် ဘရာဆီးလီးယားမြို့ရှိ အထူးကြပ်မတ်ကုသဆောင် ၉၀ ရာခိုင်နှုန်းကျော်မှာ လူနာများနှင့် ပြည့်နှက်နေသည်ဟု ဘရာဇီးသုတေသနအင်စတီကျူက ပြောသည်။ တစ်နိုင်ငံလုံးအနှံ့ ကိုဗစ် -၁၉ ကာကွယ်ရေးအတွက် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်ရန် ဘရာဇီးသမ္မတ ဂျာဘောဆွန်နယ်ရိုက တွန့်ဆုတ်နေဆဲဖြစ်သည်။

စီးပွားရေးလုပ်ငန်းများဆက်လက်ရှင်သန်ရေးသည်သာလျှင် ၎င်း၏ဦးစားပေးအစီအစဉ်ဖြစ်သည်။ အချို့သောပြည်နယ်များတွင် ကိုဗစ်-၁၉ ကာကွယ်ရေးအစီအမံများကို ချမှတ်ထားပြီး အပြည့်အဝလိုက်နာမှုမျိုးမရှိသည်ကိုလည်းတွေ့ရသည်။ ဘရာဇီးနိုင်ငံသည် မတ် ၂၇ ရက်အထိ လူပေါင်း ၁ ဒသမ ၉ သန်းကို ကိုဗစ် - ၁၉ ကာကွယ် ဆေးထိုးပေးပြီး ဖြစ်သည်။ ဘရာဇီးနိုင်ငံ၏ကျန်းမာရေးစနစ်မှာ ပြိုလဲလုနီးနီးဖြစ်သည်ဟု ကျွမ်းကျင်သူများက ပြောသည်။

ဇူလိုင်လအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူဦးရေမှာ ငါးသိန်းအထိရှိလာနိုင်သည်ဟု ကျွမ်းကျင်သူများက ခန့်မှန်းထားသည်။ ဘရာဇီးနိုင်ငံတွင် ကိုဗစ် -၁၉ ကြောင့် လူသေဆုံးမှုနှုန်းမှာ အမေရိကန်ပြည်ထောင်စုကို မီလာနိုင်သည်ဟုလည်း ခန့်မှန်းထားကြသည်။

အင်န်အိတ်ချ်ကေ

## တူရကီနိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှု ၃ ဒသမ ၂ သန်းကျော်လွန်လာ

အင်ကာရာ မတ် ၂၉

တူရကီနိုင်ငံတွင် မတ် ၂၈ ရက်က ကိုဗစ် -၁၉ ကူးစက်ခံရသူ ၂၉၀၅၈ ဦးရှိပြီး ၎င်းတို့ထဲတွင် ရောဂါလက္ခဏာမပြသူ ၁၃၀၅ ဦး ပါဝင်သည်ဟုသိရသည်။

တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရမှုနှုန်းမှာ ၃၂၀၈၁၇၃ ဦးရှိလာသည်။ ကိုဗစ် -၁၉ ကြောင့် နောက်ထပ်သေဆုံးသူ ၁၅၃ ဦး တိုးလာသည့်အတွက် သေဆုံးသူ စုစုပေါင်း ၃၁၀၇၆ ဦး အထိရှိလာခဲ့သည်။ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာလည်း ၂၉၅၇၀၉၃ ဦးအထိရှိလာသည်။

တူရကီနိုင်ငံသည် ဇန်နဝါရီ ၁၄ ရက်မှစတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေးအစုလိုက် ထိုးနှံခြင်း လုပ်ငန်းများစတင်ခဲ့သည်။ ပြီးခဲ့သည့် ရက်ပိုင်းအတွင်း လူပေါင်း ၂၂၀၁၀၉ ဦးကို ဆေးစစ်မှုများပြုလုပ်ခဲ့ပြီး တူရကီနိုင်ငံအတွင်း စုစုပေါင်း ဆေးစစ်ပြီးသူအရေအတွက်မှာ ၃၇၈၈၇၂၃၆ ဦးရှိပြီဖြစ်သည်။ တူရကီအာဏာပိုင်များသည် တရုတ်နိုင်ငံထုတ် ဆီနိုဗက်ကာကွယ်ဆေး အရေးပေါ်အခြေအနေတွင် သုံးစွဲခွင့်အတွက် ခွင့်ပြုပေးခဲ့သည်။ ယခုအချိန်ထိလူပေါင်း ၈၂၃၄၀၀၀ ကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးခဲ့ပြီးဖြစ်သည်။

ဆင်ဟွာ



တူရကီကျန်းမာရေးဝန်ထမ်းများကို တွေ့ရစဉ်။

# နယူးဇီလန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် အားကစားပွဲများ၊ ဖျော်ဖြေပွဲများနှင့် အခြားစီးပွားရေးလုပ်ငန်းများ ထိခိုက်ခံစားရ

— — နှင်းမိုးအိမ် — —

၂၀၂၀ ပြည့်နှစ်အတွင်း ကိုဗစ်-၁၉ ကန့်သတ်ချက်များကြောင့် စီးပွားရေးအားကစားပြိုင်ပွဲများ၊ ဂီတဖျော်ဖြေရေးလုပ်ငန်းများနှင့် မင်္ဂလာဆောင်ဝန်ဆောင်မှုလုပ်ငန်းများ အပါအဝင် အခြားသောပွဲကြီးများလည်း ထိခိုက်မှုအများဆုံးစာရင်းတွင်ပါဝင်သည်ဟု နယူးဇီလန်နိုင်ငံ၏ စာရင်းအင်းဌာနက မတ် ၂၅ ရက်တွင် ပြောကြားခဲ့သည်။

### ဖျက်သိမ်းခဲ့ရ

ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုများကြောင့် ဖျော်ဖြေရေးနှင့် စိတ်အပန်းဖြေရေး လုပ်ငန်းများတွင် ပါဝင်ကြည့်ရှုခွင့်ပြုသူပမာဏကို လျှော့ချခြင်း၊ လူမှုဝေးကွာအစီအစဉ်များဖြင့် ကန့်သတ်ထားခြင်း ပြုလုပ်ခဲ့ပြီး ယင်းအစီအမံများကြောင့် ပွဲကြီးများ ဖျက်သိမ်းခဲ့ရသည်။ နယူးဇီလန်နိုင်ငံတွင် ကိုဗစ် -၁၉ သတိပေးမှုအဆင့် ၃ နှင့် ၄ တို့တွင် ယင်းဖျော်ဖြေရေးနယ်ပယ်အတွင်းရှိ လုပ်ငန်းများမှာ အပြည့်အဝ ပြန်လည်လည်ပတ်နိုင်ခြင်း မရှိပေ။ အရေအတွက် အနည်းငယ်ဖြင့်လည်း လည်ပတ်ရသည်မျိုးလည်း ရှိသည်။ အလားတူပင် စီးပွားရေး ဟိုတယ်လုပ်ငန်းများ၊ မိုတယ်၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်နှင့် အခြားသော ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများမှာလည်း ကိုဗစ်-၁၉ ကာလအတွင်း ဆိုင်ပိတ်ထားရမှုကြောင့် ဆက်လက် ရှင်သန်နိုင်ရေး ရုန်းကန်နေရသည်။

### စီးပွားရေးထိခိုက်

ထို့ပြင် ခရီးသွားလုပ်ငန်းများလည်း အကျပ်အတည်းများနှင့် ရင်ဆိုင်ရသည်ဟု စီးပွားရေးစာရင်းအင်းမန်နေဂျာ ဂျရယ်ဒင်ဒူအိုဘာက ပြောသည်။ ဂီတဖျော်ဖြေပွဲစီစဉ်သူများမှာလည်း စီးပွားရေး ထိခိုက်မှုများနှင့်ကြုံတွေ့ရသည်။ ဟောပြောပွဲကျင်းပသူများ၊ ဆွေးနွေးပွဲကျင်းပသူများ၊ ပွဲကျင်းပသူများအားလုံးမှာ စုစုစည်းစည်း လုပ်ကိုင်ရသည့် လုပ်ငန်းများဖြစ်သော်လည်း လူများ နေအိမ်မှသာ လုပ်ကိုင်ရသည့်အတွက် ထိခိုက်မှုများရှိလာသည်။ စားသောက်ဆိုင်လုပ်ငန်းများမှာလည်း ပိတ်ထားရသည့်အတွက် တစ်ပတ်နှင့်တစ်ပတ် အခြေအနေဆိုးရွားလာသူများနှင့်တွေ့ကြုံရသည်။ သတိပေးမှုအဆင့် ၄ အောက်တွင် စက်ရုံလုပ်ငန်းများမှာ ငါးခုလျှင် တစ်ခုသာ အပြည့်အဝပြန်လည်လည်ပတ်လာနိုင်သည်ဟု ဂျရယ်ဒင်ဒူအိုဘာက ပြောသည်။

### လျှော့ချခဲ့ရ

ကိုဗစ်-၁၉ ကန့်သတ်ချက်များနှင့် ထိန်းညှိကာ စီးပွားရေးလုပ်ငန်းအများစုသည် ၎င်းတို့ လည်ပတ်နေရသည့်ပုံစံကို ပြောင်းလဲမှုများ ပြုလုပ်ကြရသည်။ လုပ်ငန်း ငါးခုလျှင် တစ်ခုမှာ ၎င်းတို့ ထုတ်လုပ်နိုင်သည့် ကုန်ပစ္စည်းကို လျှော့ချမှုများ ပြုလုပ်ရသည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ စီးပွားရေးလုပ်ငန်းထက်ဝက်နီးပါးမှာ အွန်လိုင်းမှတစ်ဆင့် ဆက်သွယ်သည့် နည်းလမ်းကို အသုံးပြုလာကြသည်။ လုပ်ငန်း ငါးခုအနက် လေးခုမှာ လူမှုဝေးကွာအစီအစဉ်အတွင်း လုပ်ငန်းခွင်အတွင်း လူချင်းထိတွေ့မှုအစီအစဉ်များကို လျှော့ချခဲ့ရသည်။

### ကမ်းလှမ်းခဲ့ကြ

လုပ်ငန်းထက်ဝက်နီးပါးမှာ ယခင်လိုမဟုတ်ဘဲ ဝေးကွာသောအရပ်မှ ဝန်ထမ်းများ အလုပ်လုပ်ကြရန် ပြောင်းလဲခဲ့ရသည်။ စီးပွားရေးလုပ်ငန်းများ လေးပုံပုံ တစ်ပုံမှာ အွန်လိုင်းပေါ်မှတစ်ဆင့် ကုန်ပစ္စည်းရောင်းချသည့်လုပ်ငန်းကို ပြောင်းလဲလုပ်ကိုင်ကြရသည်။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်အတွင်း လုပ်ငန်း လေးခုအနက် သုံးခုမှာ အစိုးရထံမှ ကိုဗစ်-၁၉ နှင့် ဆက်စပ်သည့် ဘဏ္ဍာရေးထောက်ပံ့ကြေးရကြောင်း သိရသည်။ ကိုဗစ်-၁၉ ကန့်သတ်ချက် ကာလများအတွင်း အစိုးရက ကိုဗစ်-၁၉ ထောက်ပံ့ကြေးပေးရန်အတွက် ကမ်းလှမ်းခဲ့ကြသည်။




နယူးဇီလန်နိုင်ငံ ခရစ်ချပ်မြို့ရှိ လေဆိပ်တစ်ခု၌ နားနေရာအနီး စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

> "နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ သတိပေးမှုအဆင့် ၃ နှင့် ၄ တို့တွင် ယင်းဖျော်ဖြေရေးနယ်ပယ်အတွင်းရှိ လုပ်ငန်းများမှာ အပြည့်အဝ ပြန်လည်လည်ပတ်နိုင်ခြင်း မရှိပေ။ အရေအတွက် အနည်းငယ်ဖြင့်လည်း လည်ပတ်ရသည်မျိုးလည်းရှိသည်။ အလားတူပင် စီးပွားရေး ဟိုတယ်လုပ်ငန်းများ၊ မိုတယ်၊ စားသောက်ဆိုင်၊ ကော်ဖီဆိုင်နှင့် အခြားသော ဝန်ဆောင်မှုပေးသည့် လုပ်ငန်းများမှာလည်း ကိုဗစ်-၁၉ ကာလအတွင်း ဆိုင်ပိတ်ထားရမှုကြောင့် ဆက်လက်ရှင်သန်နိုင်ရေး ရုန်းကန်နေ"

### ဦးစွာကာကွယ်ဆေးထိုးပေး

ထောက်ပံ့ကြေး၊ စီးပွားရေးချေးငွေနှင့် အခြားသော အကူအညီများ ပေးအပ်ခဲ့ကြောင်း သိရသည်။ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ပတ်သက်ပြီး နယူးဇီလန်နိုင်ငံသည် နိုင်ငံပြင်ပသို့ ခရီးထွက်ရန် လိုအပ်သည့်လူများကို ကာကွယ်ဆေးစောစီးစွာ ထိုးပေးရန် တင်းကျပ်သည့် စံသတ်မှတ်ချက်ကို နယူးဇီလန်နိုင်ငံ၏ ကိုဗစ်-၁၉ တုံ့ပြန်ရေး ဝန်ကြီး ခရစ်ဟစ်ကင်က မတ် ၂၄ ရက်တွင် ပြောကြားခဲ့သည်။ လွန်ခဲ့သည့် သီတင်းပတ် နှစ်ပတ်ခန့်မှစတင်ကာ နယူးဇီလန်နိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးသည့် အစီအစဉ်ကိုစတင်ခဲ့ပြီး ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့နိုင်ဖွယ်ရှိသည့် လူများကို ဦးစွာကာကွယ်ဆေးထိုးပေးခဲ့သည်။

### သေချာစွာ စဉ်းစားပေးခဲ့

နိုင်ငံပြင်ပသို့ အရေးပေါ် ခရီးသွားရန် လိုအပ်သည့် လူများကိုလည်း ကာကွယ်ဆေးထိုးပေးရန် လိုအပ်သည်ဟု နယူးဇီလန်အစိုးရ သေချာစွာ စဉ်းစားပေးခဲ့သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နိုင်ငံပြင်ပသို့ ခရီးသွားရန် လိုအပ်သူများကိုလည်း ကာကွယ်ဆေးထိုးပေးရန် ရွေးချယ်ရာ၌ စံသတ်မှတ်ချက် ချမှတ်ထားသည်။ နိုင်ငံပြင်ပသို့ ခရီးသွားရန် လိုအပ်သူမှာ နယူးဇီလန်နိုင်ငံသားဖြစ်ရမည်။ ပုံမှန်နေထိုင်ခွင့် ရရှိထားသူဖြစ်ရမည်။ ထို့ပြင် ၂၀၂၁ ခုနှစ် ဩဂုတ် ၃၁ ရက်တွင် ခရီးသွားမည့်သူဖြစ်ရမည်။ ထို့ပြင် နယူးဇီလန်နိုင်ငံအတွင်းသို့ ပြန်လာရန် စီစဉ်ထားရမည်ဟု သိရသည်။

### ဂရုပြုရန်လိုအပ်

ခရီးမထွက်မီ ဆေးနှစ်ကြိမ်တိုင်တိုင် ထိုးပြီးရန်လည်း ပြည်သူများအနေဖြင့် ဂရုပြုရန် လိုအပ်သည်ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ နိုင်ငံရပ်ခြားသို့ ကူးလူးဆက်ဆံကာ သွားလာနေရသူများနှင့် အသွားအလာ စောင့်ကြည့်ရေးစင်တာများတွင် လုပ်ကိုင်နေကြသူများကို ဒုတိယအကြော့ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို လုပ်ဆောင်လျက်ရှိသည်။ လွန်ခဲ့သည့် သီတင်းပတ်လေးပတ်ခန့်က ကာကွယ်ဆေးထိုးနှံထားသူများသည် နောက်ဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးရန် အချိန်ရောက်လာပြီဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### ရည်ရွယ်ထား

လာမည့်သီတင်းပတ်သုံးပတ်နှင့် နှစ်ပတ်အတွင်း ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားနိုင်ခြေမြင့်သည့် နယူးဇီလန်နိုင်ငံသား နှစ်သန်းနီးပါးကို ကာကွယ်ဆေးထိုးပေးသွားမည်ဖြစ်သည်။ ကျန်လူများကိုမူ ဇူလိုင်လအတွင်းမှစတင်ကာ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်သည်။ ယခုနှစ်ကုန်ပိုင်းတွင် တတ်နိုင်သမျှ များများ ကာကွယ်ဆေးထိုးပေးနိုင်ရေးအစိုးရက ရည်ရွယ်ထားသည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

### နိုင်ငံသားသစ်လက်ခံပေးမှုနှုန်းလျော့ကျ

ကိုဗစ် -၁၉ ကပ်ရောဂါကာလအတွင်းနယူးဇီလန်နိုင်ငံ၌ နိုင်ငံသားအသစ်လက်ခံမှုနှုန်းမှာလည်း ကျဆင်းသွားသည်ဟု သိရသည်။ ၂၀၂၀ ပြည့်နှစ်အတွင်း နယူးဇီလန်နိုင်ငံသားသစ်အဖြစ် လက်ခံပေးသူ ၃၁၈၇၀ ရှိပြီး ၂၀၁၉ ခုနှစ်ကနှင့် နှိုင်းယှဉ်လျှင် ကျဆင်းသွားသည်ဟု သိရသည်။ ၂၀၁၉ ခုနှစ်ကမူ နိုင်ငံသားအသစ်အဖြစ် လူပေါင်း ၄၄၄၁၃ ဦး လက်ခံပေးခဲ့သည်ဟု ပြည်တွင်းရေးရာကိစ္စရပ်များဆိုင်ရာဌာနက သတင်းထုတ်ပြန်ခဲ့သည်။

### ကူးစက်ခံရသူသုံးဦး ထပ်မံတွေ့ရှိ

နယူးဇီလန်နိုင်ငံရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးဌာနတွင် မတ် ၂၇ ရက်က ရောဂါကူးစက်ခံရသူ သုံးဦး ထပ်မံတွေ့ရှိခဲ့သည်ဟု သိရသည်။ ၎င်းတို့ သုံးဦးလုံးမှာ အိန္ဒိယနိုင်ငံမှ ပြန်လာကြသူများဖြစ်ပြီး အော့ကလန်ရှိ အသွားအလာစောင့်ကြည့်ရေးဌာနတွင် ကန့်သတ်စောင့်ကြည့်မှု ခံယူနေသူများလည်းဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။ တစ်ပတ်တာကာလအတွင်း ရောဂါကူးစက်ခံရသူ ငါးဦးကို တွေ့ရှိခဲ့သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ နယူးဇီလန်နိုင်ငံတွင် လက်ရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသူ ၇၄ ဦးရှိပြီး ကူးစက်ခံရသူ စုစုပေါင်း ၂၁၂၉ ဦး ရှိသည်ဟု သိရသည်။ နယူးဇီလန်နိုင်ငံတွင် ဖေဖော်ဝါရီလအတွင်းမှစတင်ကာ ကိုဗစ် -၁၉ ကာကွယ်ဆေး ဖိုက်ဇာ ထိုးနှံမှုကို ခွင့်ပြုပေးခဲ့ကြောင်း သိရသည်။ ။

ကိုးကား - ဆင်ဟွာ

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၈ ဦး တွေ့ရှိ

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၂၉-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၈-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၉-၃-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၀၉) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၈) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၅၃၅,၅၉၀) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၉၃) ဦးရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၉၀) ဦး ဆေးရုံမှ ဆင်းခွင့် ရရှိပြီးဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID-19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်း ပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန




### ၂၉-၃-၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၉၆၆၉၇၄ | ၂၃၄၁၀၉၆၇ | ၅၆၂၅၅၁ |
| ၂။ | ဘရာဇီး | ၁၂၅၃၄၆၈၈ | ၁၀၉၁၂၉၄၁ | ၃၁၂၂၉၉ |
| ၃။ | အိန္ဒိယ | ၁၂၀၃၉၆၄၄ | ၁၁၃၅၅၉၉၃ | ၁၆၁၈၈၁ |
| ၄။ | ပြင်သစ် | ၄၅၄၅၅၈၉ | ၂၈၉၇၅၂ | ၉၄၅၉၆ |
| ၅။ | ရုရှား | ၄၅၂၈၅၄၃ | ၄၁၄၆၄၀၈ | ၉၈၀၃၃ |
| ၆။ | ဗြိတိန် | ၄၃၃၃၀၄၂ | ၃၈၀၅၄၁၆ | ၁၂၆၅၉၂ |
| ၇။ | အီတလီ | ၃၅၃၂၀၅၇ | ၂၈၅၀၈၈၉ | ၁၀၇၉၃၃ |
| ၈။ | စပိန် | ၃၂၅၅၃၂၄ | ၃၀၁၆၂၄၇ | ၇၅၀၁၀ |
| ၉။ | တူရကီ | ၃၂၀၈၁၇၃ | ၂၉၅၇၀၉၃ | ၃၁၀၇၆ |
| ၁၀။ | ဂျာမနီ | ၂၇၈၈၁၄၄ | ၂၄၉၄၈၀၀ | ၇၆၄၇၄ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၉-၃-၂၀၂၁

| နိုင်ငံ | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၅၀၁၀၉၃ | ၁၃၃၆၈၁၈ | ၄၀၅၈၁ |
| ဖိလစ်ပိုင် | ၇၃၁၈၉၄ | ၆၀၃၂၁၃ | ၁၃၁၈၆ |
| မလေးရှား | ၃၄၂၈၈၅ | ၃၂၇၄၀၆ | ၁၂၆၀ |
| မြန်မာ | ၁၄၂၃၉၃ | ၁၃၁၇၉၀ | ၃၂၀၆ |
| စင်ကာပူ | ၆၀၃၂၁ | ၆၀၁၂၂ | ၃၀ |
| ထိုင်း | ၂၈၇၇၃ | ၂၇၃၁၃ | ၉၄ |
| ဗီယက်နမ် | ၂၅၉၄ | ၂၃၀၈ | ၃၅ |
| ကမ္ဘောဒီးယား | ၂၂၇၃ | ၁၁၇၂ | ၁၁ |
| ဘရူနိုင်း | ၂၀၇ | ၁၉၁ | ၃ |
| လာအို | ၄၉ | ၄၅ | ၀ |

*စာမျက်နှာ ၉ မှ*

ပါဝင်သော ဓာတ်နာသည့် ဓာတ်ကွက်တစ်ခုကိုသာ ရှုမြင်ပြီး ဒေါသပေါက်ကွဲလျှင် ဓာတ်လမ်းအနှစ်သာရ ပျက်ပါသည်။ မျက်မှောက်ကာလ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်စဉ်တွင် တပ်မတော်နှင့် ပြည်သူထိပ်တိုက်တွေ့စေသည့်၊ ရန်သူဖြစ်စေမည့် ဖန်တီးသူ ဆန့်ကျင်ဘက်အုပ်စုကို မြင်အောင် ဆင်ခြင်ရှုမြင်ဖို့ လိုအပ်ပါသည်။ ဤပြည်ထောင်စု၊ ဤတပ်မတော်၊ ဤပြည်သူလူထုသည် ဓာတ်အိမ်တစ်ခုတည်းသာ ဖြစ်သည်။ တစ်သားတည်းသာ ဖြစ်သည်။

ဆူပူအကြမ်းဖက် ဆန္ဒပြတိုက်ခိုက်မှုများအတွင်း လက်သည်မပေါ်သည့် လုပ်ကြံသတ်ဖြတ်မှုများမှတစ်ဖန် ကလေးငယ်များကို ဓားစာခံထား၍ ဓာတ်နာအောင် အကြံပက်စက်ယုတ်မာမှုများကို ဗိုင်းဝန်းဖော်ထုတ်သင့်ကြပေပြီ။

သို့ပါ၍ တိုင်းပြည်ကြီး ဓာတ်နာအောင် မလုပ်ကြပါနှင့် မောင်တို့၊ ပြည်သူနှင့် တပ်မတော်ကို ဓာတ်နာအောင် မလုပ်ကြပါနှင့် မောင်တို့ဟုသာ အသိပေးလိုက်ပါသည်။

# ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံ

နေပြည်တော် မတ် ၂၉

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေ အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများအပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက်(၆၅)နှစ်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် တိုင်းရင်းသား ပြည်သူများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများအား တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

## ကျန်းမာရေးစစ်ဆေး

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၉)ရပ်ကွက် မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ သံဃာတော် ၁၁၁ ပါးအား အဆိုပါကျောင်းတိုက်ရှိ သီရိမင်္ဂလာ အနန္တဂုဏ်ရည် ငါးထပ်ကျောင်းဆောင်၌ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူပူးပေါင်း၍ ကျန်းမာရေး စစ်ဆေးပေးပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများဆောင်ရွက်ပေးကြသည်။

## ညှိနှိုင်းဆောင်ရွက်

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက သွားရောက်ဖူးမြော်ကြည်ညိုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ မဟာဂန္ဓာရုံကျောင်းတိုက်အတွင်းရှိ သံဃာတော်များ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေမှုအား ဖူးမြော်ကြည်ညို အားပေးကြည့်ရှုစဉ်။

# ဆေးကုသရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများကသွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ကျောက်ဆည်မြို့နယ် စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ် ယင်းတော်တိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ် ပင်းတလဲတိုက်နယ်ဆေးရုံ၊ မြစ်သားမြို့နယ် ပြည်သူ့ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်၊ ပြည်သူ့ဆေးရုံ၊ သာယာဝတီခရိုင်ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာတိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့နယ် ပြည်သူ့ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက အကူအညီတောင်းခံမှုကြောင့် တပ်မတော်မှ ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများကို ဆက်လက်ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများကို ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်ပေးမှုအပေါ် ဒေသခံ ပြည်သူများအနေဖြင့် အထူးပင်ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူလူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ



တောင်ငူမြို့ တပ်မတော်ဆေးရုံ၌ ဒေသခံပြည်သူများအား ဆေးဝါးကုသပေးစဉ်။

နေပြည်တော် မတ် ၂၉

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများအတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၀၂၂၃ ဦး၊ အတွင်းလူနာ ၄၁၈၁ ဦးကို တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သောလူနာများကိုဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်ပေးသည့်အပြင် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရန်အတွက်ပါ စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၇၈၅ ဦး၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၂၅၂၅ ဦး စုစုပေါင်း ၇၃၁၀ တို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ၎င်းအပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၂၅၅၇ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၃၉၄၅ ဦးကို သာမန်မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၆၅၀၂ ဦးကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့သည်။

ယင်းသို့ ဒေသခံပြည်သူများအား ကုသပေးနေမှု အခြေအနေများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက် ကုသမှုခံယူနေသော လူနာများအတွက် စားသောက်ဖွယ်ရာများနှင့် ကျန်းမာရေးဝန်ထမ်းများအတွက် ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့တို့၌ လေသေနတ်များ၊ လက်လုပ်သေနတ်များ၊ ဒူးလေးနှင့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

နေပြည်တော် မတ် ၂၉

တနင်္သာရီတိုင်းဒေသကြီး ကျွန်းစုမြို့နယ်အတွင်းရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များ ကိုင်ဆောင်နေကြောင်း သတင်းအရ မတ် ၂၈ ရက်က ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၊ တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်၍ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့် ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားသည်။

ယင်းသို့ ရှင်းလင်းပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် အလက် ၂၀ နှင့် လက်လုပ်သေနတ် ၁၃ လက်တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြသည်။ (ဓာတ်ပုံ)

အလားတူ မတ် ၂၈ ရက်နှင့် ယနေ့တို့တွင် ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်နှင့် ကျုံပျော်မြို့နယ်များရှိ ကျေးရွာအချို့တို့မှ ဒေသခံပြည်သူများက လက်လုပ်သေနတ် ၁၉ လက်၊ လေသေနတ်တစ်လက်၊ ဒူးလေးနှစ်လက်၊ ဂျင်ကလီသုံးလက်၊ လေးခွ ၃၂ လက်နှင့် အခြားအန္တရာယ်ဖြစ်စေနိုင်သည့် ပစ္စည်းများကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီး လာရောက်အပ်နှံခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



# ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၊ တောင်ဒဂုံမြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ ဆူပူအကြမ်းဖက်သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖြိုခွဲထိန်းသိမ်း



သာကေတမြို့နယ်၌ ဆူပူအကြမ်းဖက်သူများက လမ်းများပိတ်ဆို့၍ မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်၌ ဆူပူအကြမ်းဖက်သူများအား ယနေ့တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဖြိုခွဲထိန်းသိမ်းစဉ် ဆူပူအကြမ်းဖက်သူများအတွင်းမှ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မတ် ၂၉ ရက် နံနက် ၁၁ နာရီခွဲတွင် သာကေတမြို့နယ် ရန်ပြေ(၃)ရပ်ကွက် ရန်ပြေလမ်းနှင့် သုမနလမ်းထောင့်၌ ဦးဆောင်သူ(စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူအင်အား ၁၀၀ ခန့်သည် ဆူပူဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ပြီး ဆူပူအကြမ်းဖက်သူများအား လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ဖြေလျှော့မှုများပြုလုပ်ခဲ့သော်လည်း လိုက်နာမှုမရှိဘဲ ဆက်လက်ဆူပူဆန္ဒပြနေသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ နံနက် ၁၁ နာရီ မိနစ် ၄၀ အချိန်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူများထဲမှ အမျိုးသားတစ်ဦး ထိမိဒဏ်ရာရရှိသေဆုံးခဲ့သည်။

အလားတူ ယနေ့တွင် တောင်ဒဂုံမြို့နယ်၌ ဆူပူအကြမ်းဖက်သူ လူစုလူဝေးများမှ အများပြည်သူ သွားလမ်းမကြီးပေါ်ရှိ ကွန်ကရစ်တံတားအား ဖျက်ဆီးနေသည်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ထိန်းသိမ်း လူစုခွဲခဲ့ပြီး တံတားဖျက်ဆီးရာတွင်ပါဝင်သူ အမျိုးသားတစ်ဦးအား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း ။

ဖြစ်စဉ်မှာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တောင်ဒဂုံမြို့နယ် (၇၀)ရပ်ကွက် ကျွန်စစ်သားလမ်းနှင့် ရတနာပုံလမ်းဆုံရှိ ကွန်ကရစ်တံတားအား ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူအကြမ်းဖက်သူ လူစုလူဝေးအင်အား ၃၀ ခန့်က တံတားလမ်းပခုံးပေါ်ရှိ ကွန်ကရစ်တုံးများအား ဖယ်ရှားဖျက်ဆီးကာ အများပြည်သူ ဖြတ်သန်းသွားလာမှုမရအောင် ပြုလုပ်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ၎င်းအကြမ်းဖက်သူလူအုပ်စုအား အကြမ်းဖက် ဖျက်ဆီးမှုလုပ်ရပ်အားရပ်တန့်၍ လူစုခွဲရန် ဥပဒေနှင့်အညီ သတိပေးတားမြစ်ခဲ့သော်လည်း လူစုခွဲမှုမရှိဘဲ ဆက်လက်၍ ဖျက်ဆီးနေသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၁ နာရီခန့်တွင် လူစုကွဲသွားခဲ့ပြီး အကြမ်းဖက်ဖျက်ဆီးသူများအတွင်းမှ အမျိုးသားတစ်ဦး ဒဏ်ရာရရှိခဲ့သဖြင့် လိုအပ်သောဆေးဝါးကုသမှုများ ဆောင်ရွက်နိုင်ရေး သဃ်န်းကျွန်းစံပြဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း။



တောင်ဒဂုံမြို့နယ်၌ လမ်းများပိတ်ဆို့၍ ဆူပူအကြမ်းဖက်ဆန္ဒပြသူများအား တွေ့ရစဉ်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဆူပူအကြမ်းဖက်သူလူအုပ်စုမှ လက်နက်များဖြင့် လာရောက်အကြမ်းဖက်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် ပြန်လည်ခြောက်လှန့်ပစ်ခတ်စဉ် အကြမ်းဖက်သူလူအုပ်စုမှ အမျိုးသားတစ်ဦးသေ၊ တစ်ဦးဒဏ်ရာရရှိခဲ့ကြောင်း။

ဖြစ်စဉ်မှာ နံနက် ၁၁ နာရီ မိနစ် ၅၀ ခန့်တွင် ပဲခူးမြို့ နန်းတော်ရာရပ်ကွက် ဆံတော်တွင်းဘုန်းတော်ကြီးကျောင်း၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ လုံခြုံရေးဆောင်ရွက်နေစဉ် ထန်းတစ်ပင် (၇)လမ်းဘက်မှ ဦးဆောင်သူ(စိစစ်ဆဲ) အကြမ်းဖက်သူလူစုလူဝေးအင်အား ၁၅ ဦးခန့်သည် ဆိုင်ကယ်များဖြင့် ရောက်ရှိလာပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဂျင်ကလိ၊ လေးခွ၊ မီးပုလင်းများဖြင့် အကြမ်းဖက်ရန်ပြုပစ်ခတ်တိုက်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များမှ အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူအုပ်စုအတွင်းမှ အမျိုးသားတစ်ဦး ထိမိဒဏ်ရာရရှိသေဆုံးခဲ့ကာ ဒဏ်ရာရရှိခဲ့သော အမျိုးသားတစ်ဦးအား အကြမ်းဖက်တိုက်ခိုက်ရာတွင် အသုံးပြုသည့် စတီးတုတ်တစ်ချောင်း၊ မီးစာတပ်ဆင်ထားသည့် ဓာတ်ဆီပုလင်းလေးလုံး၊ လေးခွတစ်လက်၊ ဂျင်ကလိနှစ်ချောင်းနှင့် ဆိုင်ကယ်တစ်စီးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အထက်ပါ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်အတွင်း လူသေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်း ရေးဖွင့်ဆောင်ရွက်ရန်နှင့် ဖမ်းဆီးရမိသူအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်ရှိ ရဲစခန်းမှ အရာရှိတစ်ဦးအား ဆူပူအကြမ်းဖက်သူလူအုပ်စုကဖမ်းဆီး၍ ရက်စက်ယုတ်မာစွာ မီးရှို့သတ်ဖြတ်



ရဲစခန်းမှ အရာရှိတစ်ဦးအား ဆူပူအကြမ်းဖက်သူလူအုပ်စုကဖမ်းဆီး၍ ရက်စက်ယုတ်မာစွာ တာယာကွင်းများစွပ်၍ မီးရှို့သတ်ဖြတ်ထားမှုကို တွေ့ရစဉ်။

နေပြည်တော် မတ် ၂၉

မဟာအောင်မြေမြို့နယ် ရဲစခန်းမှ ရဲအရာရှိတစ်ဦးသည် ယနေ့ မွန်းလွဲပိုင်းတွင် အကျဉ်းဦးစီးဌာနသို့ လိုအပ်သော ရုံးလုပ်ငန်းဆိုင်ရာ စာရွက်စာတမ်းများ ပို့ဆောင်ရေးအတွက် ဒသမ ၃၈ ခြောက်လုံးပြူးတစ်လက်၊ Icon စကားပြောဆက်သွယ်ရေးစက် တစ်လုံးအား အိတ်အတွင်းထည့်ကာ အရပ်ဝတ်ဝတ်ဆင်၍ ၎င်းပိုင်ဆိုင်ကယ်ဖြင့် ရဲစခန်းမှ ၁၄ လမ်းရှိ ၈၇ x ၈၈ လမ်းအကြား ကမ်းနားလမ်းအတိုင်း တစ်ဦးတည်းထွက်ခွာသွားခဲ့ရာ အောင်မြေသာစံမြို့နယ်၊ (၁၄)လမ်းထိပ်၊ နှင်းဆီအိမ်ရာသို့ အရောက်တွင် လူစုလူဝေးအင်အား ၂၀၀ ခန့်ပါဝင်သည့် လူအုပ်စုက တားဆီးသဖြင့် ဆိုင်ကယ်အား နောက်သို့ပြန်လှည့်မောင်းနှင်စဉ် ဆိုင်ကယ်လဲကျခဲ့ပြီး ဆူပူသူလူအုပ်စု၏ ဖမ်းဆီးခြင်းခံခဲ့ရကာ တာယာကွင်းများဖြင့် စွပ်၍ အရှင်လတ်လတ် မီးရှို့သတ်ခံခဲ့ရကြောင်း သိရှိရသည်။

ရရှိသတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက မြေပြင်သွားရောက်ရှင်းလင်းခဲ့ရာ မီးလောင်ကျွမ်းထားသည့် ကိုယ်ခန္ဓာအစိတ်အပိုင်းအချို့နှင့် ၎င်းအရာရှိစီးနင်းသွားသည့် ဆိုင်ကယ်နံပါတ်ပြားအားတွေ့ရှိခဲ့ရပြီး ခြောက်လုံးပြူးသေနတ် တစ်လက်နှင့် ဆက်သွယ်ရေးစက်မှာ ပျောက်ဆုံးလျက်ရှိကြောင်း။

လုံခြုံရေး တပ်ဖွဲ့ဝင်များမှ ဆက်လက်သတင်းဖော်ထုတ်ချက်အရ ဆူပူအကြမ်းဖက်အဖွဲ့အား ကျော်တင့် မင်းတဲ/အီကင်းရပ်ကွက်၊ NLD စည်းရုံးရေးမှူး၊ ရပ်ကျေး(ဟောင်း)၊ သိန်းထွန်း နှင်းဆီအိမ်ရာ၊ လူမှုကူညီရေး မျိုးသန့် (ခ)ထော်ကြီး၊ နိုင်ဝင်းဇော်၊ မောင်ထွန်း၊ ချိုကြီး၊ ဇော်မျိုးနိုင်၊ ရွှေတိုး၊ မြင့်လွင်နှင့် ဝိုင်းချစ် (ခ) ပွင့်ကြီးတို့ ၁၀ ဦးမှ ဦးဆောင်၍ ရဲအရာရှိအား ရက်စက်ယုတ်မာစွာ မီးရှို့သတ်ဖြတ်ခဲ့ခြင်းဖြစ်ကြောင်း အကြမ်းဖျင်း ဖော်ထုတ်ရရှိခဲ့သည်။

ရဲအရာရှိအား ရက်စက်ယုတ်မာစွာ အရှင်လတ်လတ် မီးရှို့သတ်ခဲ့ရာတွင် ဦးဆောင်ပါဝင်သူ တရားခံ ၁၀ ဦးအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အမှုဖွင့်လှစ်ထားရှိခဲ့ပြီး ၎င်းတို့ ၁၀ ဦးနှင့် ပူးပေါင်းပါဝင်ပတ်သက်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး ဆောင်ရွက်လျက်ရှိကာ ထွက်ပြေးတိမ်းရှောင်တရားခံများအား လက်ခံထားရှိသူများကိုလည်း ထိရောက်ပြင်းထန်စွာ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ အသိပေး သတင်းထုတ်ပြန်ထားသည်။

သတင်းစဉ်

# အင်းစိန်မြို့နယ် သီရိရတနာ(၃)လမ်းတွင် အေးချမ်းစွာနေထိုင်သည့် ပြည်သူများအား ဆူပူအကြမ်းဖက်သူလူတစ်စုက အကြောင်းမဲ့ဖမ်းဆီးရိုက်နှက်၊ အမရပူရမြို့နယ်နှင့် အောင်မြေသာစံမြို့နယ်တို့၌ ဆူပူအကြမ်းဖက်သူများက ဥပဒေမဲ့လုပ်ရပ်များ ဆောင်ရွက်

နေပြည်တော် မတ် ၂၉

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် သီရိရတနာ (၃)လမ်း တိုက်(၇၅) (ပ)ထပ် အခန်း(၉)နေ ဦးစိုးသက်ပိုင်နှင့် ၎င်း၏ဇနီးလောင်းဖြစ်သူ ဒေါ်အိရွှေစင်တို့နှစ်ဦးကို မတ် ၂၈ ရက် ည ၈ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက ဓာတ်ဆီလောင်းမီးရှို့ရန် ပြုလုပ်နေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေရာ ည ၈ နာရီ ၅၅ မိနစ်ခန့်တွင် ကမ်းနားအလယ်ရပ်ကွက် ခေမာတောင်လမ်းထိပ်သို့ ရောက်ရှိစဉ် ဆူပူအကြမ်းဖက်သူ ၅၀ ခန့်က လမ်းပိတ်ဆို့ နှောင့်ယှက်ခဲ့သဖြင့် လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းများ ဆောင်ရွက်ခဲ့ရာ ည ၉ နာရီခန့်တွင် လူစုကွဲသွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ည ၉ နာရီခွဲခန့်တွင် ဦးစိုးသက်ပိုင်၏နေအိမ်သို့ ရောက်ရှိစစ်ဆေးခဲ့ရာ နေအိမ်အတွင်း သော့ခတ်ပိတ်လှောင်ခံထားရသည့် ဒေါ်နွယ်နွယ်ဦး (ဘ)ဦးလှသန်း (ဒေါ်အိရွှေစင်၏မိခင်)၊ ဒေါ်အိရွှေစင်၏ သူငယ်ချင်းများဖြစ်ကြသည့် ဒေါ်ယမုံလှိုင်(ဘ)ဦးစောမိုးလှိုင်၊ ဒေါ်ရင်မာလင်း(ဘ) ဦးဆောင်ဟိုက်၊ ဒေါ်တင်သီတာဆွေ (ဘ) ဦးတင်လှ၊ ဒေါ်ဥမ္မာထွန်း(ဘ)ဦးတင်ထွန်းနှင့် ဒေါ်အိရွှေစင်၏ သမီးဖြစ်သူ မမေပိုးပန်းချီ (ဘ)ဦးပြည့်ဖြိုးဝင်းတို့ကို တွေ့ရှိကယ်တင်နိုင်ခဲ့သည်။

ဒေါ်နွယ်နွယ်ဦး၏ ပြောကြားချက်အရ ည ၇ နာရီခွဲခန့်တွင် နေအိမ်သို့ အမည်မသိ အမျိုးသား ရှစ်ဦး၊ အမျိုးသမီးနှစ်ဦးတို့သည် မျက်နှာတွင် အဝတ်များစည်းလျက် တုတ်၊ ဓားများ ကိုင်ဆောင်ရောက်ရှိလာပြီး ဆန်ထိုးပိုက်ဖြင့် ဦးစိုးသက်ပိုင်၏ ဝဲလက်မောင်းအား တစ်ချက်၊ ဒေါ်အိရွှေစင်၏ ယာလက်ဖျံအား တစ်ချက်စီထိုးခြင်း၊ နေအိမ်အတွင်း ပစ္စည်းများအား ရိုက်ချိုးဖျက်ဆီးခြင်း၊ ဒေါ်နွယ်နွယ်ဦး အပါ အမျိုးသမီးခြောက်ဦးအား သော့ခတ်ပိတ်လှောင်ခြင်း၊ တိုက်ရှေ့တွင် ရပ်ထားသည့် ဦးစိုးသက်ပိုင်၏ မော်တော်ယာဉ်လေကာမှန်အား ရိုက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်ပြီး ဦးစိုးသက်ပိုင်နှင့် ဒေါ်အိရွှေစင်တို့အား လက်ပြန်ကြိုးတုပ်၊ မျက်နှာ အဝတ်စည်းကာ ဓာတ်ဆီ သုံးပုလင်းလောင်းချ၍ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်းဘက်သို့ ခေါ်ဆောင်သွားကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဖွဲ့များခွဲ၍ ရှာဖွေခဲ့ရာ မတ် ၂၉ ရက် နံနက် ၁ နာရီ ၅ မိနစ်ခန့်တွင် ဦးစိုးသက်ပိုင်တွင် ဝဲလက်မောင်းပြတ်ရှဒဏ်ရာ တစ်ချက်ဖြင့် ကျောင်းအနောက်ဘက် အိမ်သာအတွင်း၌ လည်းကောင်း၊ ဒေါ်အိရွှေစင်တွင် ယာလက်ပြတ်ရှဒဏ်ရာ တစ်ချက်ဖြင့် ကျောင်းအုတ်တံတိုင်းထောင့်တွင် လည်းကောင်း ရှာဖွေတွေ့ရှိခဲ့သည်။

ထို့ပြင် နံနက် ၁ နာရီခွဲခန့်တွင် ဒေါ်အိရွှေစင်၏ ညီမဝမ်းကွဲဖြစ်သူ ဒေါ်ဇင်မိုးမြင့်အောင် (ဘ) ဦးအောင်ရွှေ နေထိုင်သည့် မြို့သစ်(က+ခ)ရပ်ကွက် (က/၁) လမ်းရှိ တိုက်အမှတ် (၁၃)ရှေ့၌ ဆူပူအကြမ်းဖက်သူ ၅၀ ခန့် ရောက်ရှိနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်လူစုခွဲခဲ့ရာ အသီးသီးလူစုကွဲသွားပြီး YGN-7C----Mark 2 (အဖြူရောင်) မော်တော်ယာဉ်ပေါ်မှ ဓားရှည် တစ်လက် သိမ်းဆည်းရမိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဦးစိုးသက်ပိုင်နှင့် ဒေါ်အိရွှေစင် ဖမ်းဆီးခံရမှုနှင့် ပတ်သက်၍ စုံစမ်းဖော်ထုတ်လျက်ရှိရာ နံနက် ၂ နာရီခွဲခန့်တွင် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသည့် ယဉ်ငွေး(ဘ)ဦးစံလှ၊ နောင်ဖြိုးလင်း (ဘ)ဦးမြင့်ရွှေနှင့် မျိုးသူဝင်း(ဘ)ဦးမျိုးခင်တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။



မန္တလေးမြို့၌ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်မှ ဖမ်းဆီးရမိသူများအား တွေ့ရစဉ်။

အလားတူ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အမရပူရမြို့နယ် ဈေးချိုရပ်ကွက်နေ ဦးမြင့်သိန်းနှင့် အောင်မြေသာစံမြို့နယ် ၁၇ လမ်းနှင့် ၈၉ လမ်း၊ လမ်း ၉၀ ကြားနေ ဦးသန်းဦးတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များအား သတင်းပေးသူဟုဆိုကာ ယနေ့ နံနက်ပိုင်းတွင် ဆူပူအကြမ်းဖက်သူများက ၎င်းတို့၏ နေအိမ်များကို မီးပုလင်းများဖြင့် ပစ်ပေါက်ခြင်း၊ ကျောက်ခဲ၊ လေးခွများ၊ ကုန်းသီးများဖြင့် ပစ်ခတ်ခြင်းများ ဆောင်ရွက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုပ်ထုံးလုပ်နည်းများနှင့်အညီ လူစုခွဲခြင်းလုပ်ငန်းများဆောင်ရွက်ပြီး ဆူပူအကြမ်းဖက်သူများထဲမှ အမျိုးသား ၁၁ ဦးနှင့် အမျိုးသမီးနှစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

အဆိုပါဖြစ်စဉ်များတွင် မင်းမဲ့စရိုက်ဆန်စွာ ပြုမူခဲ့သည့် ဖမ်းဆီးရမိသူများ၊ ဦးဆောင်သူများနှင့် ပါဝင်ပတ်သက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြို့နယ်အချို့၌ နိုင်ငံတော်ပိုင် အဆောက်အအုံများ၊ ရဲတပ်ဖွဲ့စခန်းများ၊ လမ်းတံတားများအား ဆူပူအကြမ်းဖက်သူလူတစ်စုက မီးရှို့၊ လက်လုပ်မိုင်း၊ မီးပုလင်းများဖြင့် အကြောင်းမဲ့ဖောက်ခွဲ ဖျက်ဆီး

နေပြည်တော် မတ် ၂၉

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ တပ်ကုန်းရပ်ကွက် စံပြနယ်မြေရှိ ခရိုင်ပညာရေးမှူးရုံးအား ဆူပူအကြမ်းဖက်သူ နှစ်ဦးက မတ် ၂၈ ရက် မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ ခန့်တွင် မော်တော်ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး လက်လုပ်မိုင်းဖြင့် ပစ်ပေါက်ကာ မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် ခရိုင်ပညာရေးမှူးရုံးအတွင်းရှိ ရုံးနှစ်ထပ်ဆောင်၏ အောက်ထပ်နှင့် အပေါ်ထပ်ပြတင်းတံခါးများတွင် တပ်ဆင်ထားသော မှန် ၂၃ ချပ်၊ မျက်နှာကြက်နှစ်ချပ်၊ ၆ ပေသွပ် တစ်ချပ် ပျက်စီးခဲ့ပြီး ခရိုင်ပညာရေးမှူးရုံးမှ ဝန်ထမ်းတစ်ဦး၏ ယာပခုံးဘေးတွင် မှန်ကွဲစထိမှန် ဒဏ်ရာရရှိခဲ့သည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မြို့နယ်ရဲစခန်းအား မတ် ၂၈ ရက် ည ၆ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက လက်လုပ်မိုင်းများ၊ မီးပုလင်းများဖြင့် ပစ်ခတ်ခဲ့သဖြင့် ရဲစခန်း အုတ်တံတိုင်းနံရံအနီး မီးလောင်ကျွမ်းခြင်း၊ လူပျိုဆောင် မီးအနည်းငယ်လောင်ကျွမ်းခြင်းတို့ ဖြစ်ပေါ်ခဲ့သဖြင့် မီးငြိမ်းသတ်ခဲ့ရာ ည ၆ နာရီ ၁၅ မိနစ်ခန့်တွင် မီးငြိမ်းသွားခဲ့ကြောင်းသိရှိရပြီး ယင်းနေရာတစ်ဝိုက်အား အသေးစိတ်စစ်ဆေးရာ ခြံစည်းရိုးအနီး၌ အချင်း နှစ်လက်မခန့်ရှိ မပေါက်ကွဲသေးသည့် လက်လုပ်မိုင်းတစ်လုံး၊ ပေါက်ကွဲပြီး လက်လုပ်မိုင်းအပိုင်းအစများနှင့် မီးပုလင်းငါးလုံးတို့အား တွေ့ရှိခဲ့သည်။



ကလေး-ဂန့်ဂေါသွားကားလမ်းပေါ်ရှိ မြောင်းချောင်းတံတားအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့ အမှတ်(၂)ရပ်ကွက်ရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအား မတ် ၂၈ ရက် ည ၁၁ နာရီခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက မီးပုလင်းဖြင့် ပစ်ပေါက်သွားသဖြင့် မီးလောင်မှုဖြစ်ပွားခဲ့ရာ အဆိုပါနေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ မီးသတ်ယာဉ်သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် မီးငြိမ်းသွားခဲ့သည်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ အမှတ်(၁)ရပ်ကွက်ရှိ တိုင်းပြည်နိုင်ဖြိုးပါတီရုံးအား ဆူပူအကြမ်းဖက်သူလူတစ်စုက မတ် ၂၈ ရက် ည ၇ နာရီ မိနစ် ၄၀ ခန့်တွင် မီးပုလင်းဖြင့် ပစ်ပေါက်ခဲ့မှုကြောင့် တံခါးမှန်ကွဲအက်ကာ မီးလောင်မှုဖြစ်ပွားခဲ့သဖြင့် တာဝန်သိပြည်သူတစ်ဦးက မီးငြိမ်းသတ်ခဲ့သည်။ ထို့ပြင် ပုသိမ်မြို့ အမှတ်(၁၃)ရပ်ကွက် မဟာဗောဓိလမ်းရှိ DONG LONG အထည်ချုပ်စက်ရုံအား မတ် ၂၈ ရက် ည ၇ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူရှစ်ဦးခန့်က ဆိုင်ကယ်များဖြင့် မဟာစေတီလမ်းဘက်မှ ရောက်ရှိလာပြီး စက်ရုံဝင်းအတွင်းသို့ မီးပုလင်းများဖြင့်ပစ်ခတ်ပြီး မြို့ရှောင်လမ်းအတိုင်း ထွက်ပြေးသွားခဲ့သည်။ အဆိုပါ ပစ်ခတ်မှုကြောင့် စက်ရုံအတွင်းရှိ ပစ္စည်းများ မီးလောင်ကျွမ်းမှုမရှိကြောင်း သိရှိရသည်။

ထို့ပြင် မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ (၈)ရပ်ကွက် ဂရိတ်လမ်းဆုံရှိ ယာဉ်ထိန်းရဲတပ်ဖွဲ့သုံး မီးပွိုင့်ထိန်းသိမ်းရေးအဆောက်အအုံအား ဆူပူအကြမ်းဖက်သူများက မီးရှို့ဖျက်ဆီးမှုကြောင့် မီးလောင်ပျက်စီးဆုံးရှုံးခဲ့သည်။

အလားတူ စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့ ဂန့်ဂေါ-ကလေးကားလမ်း မိုင်တိုင် အမှတ်(၅၃/၄) မိုင်ရှိ မြောင်းချောင်းတံတား၊ တံတားအမှတ်(၃/၅၃) အရှည် ၁၈၆ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ပေ ၂၀ ခန့်ရှိ သံပေါင်ဘေလီအမျိုးအစားကို ယနေ့ နံနက် ၃ နာရီခွဲခန့်တွင် ဆူပူအကြမ်းဖက်သူလူတစ်စုက မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားချဉ်းကပ်လမ်းနှစ်ဖက်ရှိ သစ်သားအခင်း ခြောက်ပေခန့်စီ မီးလောင်ပျက်စီးမှု ဖြစ်ပွားခဲ့သည်။ အဆိုပါ မီးလောင်ပျက်စီးမှုကြောင့် ယာဉ်များဖြတ်သန်းသွားလာနိုင်ခြင်းမရှိကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ ပုံမှန်အတိုင်းသွားလာနိုင်ရေး တံတားအား ပြုပြင်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

အထက်ပါဖြစ်စဉ်များမှ အကြမ်းဖက် အဖျက်အမှောင့်လုပ်ဆောင်သူများအား ဥပဒေအရ ထိထိရောက်ရောက် အရေးယူနိုင်ရေးအတွက် အမြန်ဆုံး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူစာပေဆုချီးမြှင့်ပွဲ အခမ်းအနားများ ကျင်းပမည်

နေပြည်တော် မတ် ၂၉

၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုနှင့် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများကို နိုင်ငံပိုင်သတင်းစာများတွင် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ရာ ယင်းစာမူဆုနှင့် စာပေဆုချီးမြှင့်ပွဲများကို ဧပြီ ၁ ရက်နှင့် ၂ ရက်တို့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ထိုသို့ ကျင်းပရာ၌ ၂၀၁၉ ခုနှစ်အတွက် စာပေဗိမာန်စာမူဆုပေးပွဲ အခမ်းအနားကို ဧပြီ ၁ ရက် (ကြာသပတေးနေ့) နံနက် ၁၀ နာရီတွင် လည်းကောင်း၊ ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု အခမ်းအနားကို ဧပြီ ၂ ရက် (သောကြာနေ့) နံနက် ၁၀ နာရီတွင် လည်းကောင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ရန်ကုန်မြို့ရှိ ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စုပေါင်းခန်းမ၌ ကျင်းပမည် ဖြစ်သည်။

ဆုချီးမြှင့်ခံရသူများအား အခမ်းအနားတက်ရောက်ရန် ဖိတ်ကြားထားပြီး အသေးစိတ်သိရှိလိုပါက စာပေဗိမာန်ရုံး စီမံရေးရာဌာန ဖုန်း ၀၁ - ၃၈၁၄၄၉ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

# မြောက်ဦးမြို့တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်

မြောက်ဦး မတ် ၂၉

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ကြမည့် ကျေးရွာများအတွက် စီမံကိန်းရန်ပုံငွေ လွှဲပြောင်းပေးအပ်ပွဲကို မတ်လတတိယပတ်က အဆိုပါ ဦးစီးဌာနရုံးရှိ အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတက်ရေး ဦးစီးဌာန ဦးစီးမှူး ဦးထွန်းရန်နိုင်သူက ကျေးရွာ ဖွံ့ဖြိုးရေးလုပ်ငန်းစီမံကိန်း ရန်ပုံငွေ လွှဲပြောင်းပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားပြီးနောက် မြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာအုပ်စု ၁၁ အုပ်စုမှ ကျေးရွာများဖြစ်သော ပြင်ခေါင်၊ မောင်ညိုကျွန်း၊ လက်သန်းချီ (သစ်)၊ လက်သန်းချီ (ဟောင်း)၊ အောက်စီမောင်း၊ မှုချာ၊ တင်းထိန်ရုံ၊ ပုဒိုင်း၊ ပါးတော်၊ ဘော်ရွာဈေး၊ ငါးစွယ်ကန် စသည့်ကျေးရွာများအတွက် ကျေးရွာတစ်ရွာလျှင် ရန်ပုံငွေကျပ်သိန်း ၁၀၀ နှုန်းဖြင့် စုစုပေါင်းကျေးရွာ ၁၁ ရွာအတွက် ငွေကျပ်သိန်း ၁၁၀၀ ကို ထောက်ပံ့ပေးအပ်သည်။

မြောက်ဦးမြို့နယ်တွင် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ပြည်သူထည့်ဝင်ငွေများဖြင့် ကျေးရွာအလိုက်လိုအပ်ချက်များဖြစ်သည့် လမ်းပန်းဆက်သွယ်ရေး၊ မီးရရှိရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးစသော ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးရုံးမှ သိရသည်။

တင်ဖွေး (မြန်/ဆက်)






အမြို့မြို့အနယ်နယ်
ပျံ့နှံ့သည့် သတင်းစာ
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာပါ

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ - ၃ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၇၀၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၆၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၃၁၄၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၄၀ | ကျပ် | ၈၇၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၇၀ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၄၀ | ကျပ် | ၈၆၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၁၀ | ကျပ် | ၉၅၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၃၄ . ၅ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၇၀၄ . ၈ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၆၈ . ၄ |
| ဂျပန် | ၁ ယန်း | ကျပ် | ၁၃၁၉ . ၇ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၂၀ . ၃၈ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ . ၃၇၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၄၈ . ၈၆ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၁၁ | ၁၀၂၃၀၀ |
| MTSH | ၃၅၀၀ | ၃၅၀၀ | ၆၈ | ၂၃၈၀၀၀ |
| MCB | ၀ | ၀ | ၀ | ၀ |
| FPB | ၂၁၅၀၀ | ၂၁၅၀၀ | ၅၆၆ | ၁၂၁၆၉၀၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်

## မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ဒုစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊
ဘာသာပြန် စာတည်း - ဖြိုးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်း သတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မိမိဖြိုး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နဝဒေးကဲဆိုင်းဆွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ပေါင်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၃၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၁၊ ၀၁- ၅၅၉၁၁၀၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၃၄၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ချစ်ခြင်း၊ မုန်းခြင်း ကင်းသော အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့် သိကောင်းစရာများ (၁)

**– – –မောင်ချစ်အေး– – –**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သဘောထား ၂၀၂၂ ခုနှစ် မတ်လ ၁၅ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး အမှတ်စဉ် (၆/၂၀၂၂)၌ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ပြောကြားခဲ့သော အမှာစကားကောက်နုတ်ချက်အရ- မိမိတို့ တာဝန်ထမ်းဆောင်ချိန်တွင် အဂတိတရားကင်းရှင်းစွာဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်သွား ရန်လိုကြောင်း၊ မိမိတို့အနေဖြင့် NLD ပါတီမှ ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့် ပတ်သက်သူများအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရာတွင် ကောင်းမွန်စွာ ထားရှိစစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဖော်ထုတ်ရရှိသည့် ၎င်းတို့၏ ပြောကြားချက်များမှ အချို့ကို သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သလို ထပ်မံဖော်ထုတ်ရရှိမှုများကိုလည်း ဆက်လက် ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ အဂတိလိုက်စားမှုများ ကျူးလွန်ထားသည့် ပြည်နယ်/ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်ရှိ တာဝန်ရှိသူများကိုလည်း ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း အမှာစကား ပြောကြားခဲ့သည်။

**"အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်နှင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ်တို့ ဖြစ်ထွန်းလာစေရန် အဓိကဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ဘဏ္ဍာများ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်ဆုံးရှုံးမှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်နှင့် အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာ အရေးယူရန်လည်းရည်ရွယ်"**

**ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ဥပဒေများသာဖြစ်**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေမှာ ယခုမှ အသစ်ပြဋ္ဌာန်းခြင်း မဟုတ်ပါ။ ဥပဒေအာဏာတည်ခဲ့သည့်နေ့မှာ ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၁၇ ရက်နေ့ ဖြစ်ပါသည်။ ပထမအကြိမ်ပြင်ဆင်ခြင်းကို ၂၀၁၄ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၂/၂၀၁၄)ဖြင့် ပုဒ်မ (၄)ခုအား ပြင်ဆင်ခဲ့ပါသည်။ ဒုတိယအကြိမ်ပြင်ဆင်ရာ၌ ၂၀၁၆ ခုနှစ် ဇူလိုင်လ ၂၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၃၃/၂၀၁၆) နှင့်လည်းကောင်း၊ တတိယအကြိမ် ပြင်ဆင်ခြင်းအား ၂၀၁၇ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၈/၂၀၁၇) နှင့် လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၁၈ ခုနှစ်ဇွန်လ ၂၁ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၀/၂၀၁၈)နှင့် ပုဒ်မ (၂၄) ခုအား ပြင်ဆင်ခဲ့ကြခြင်း ဖြစ်ပါသည်။

၎င်းဥပဒေများကို (မူကြမ်း) ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်များရယူကာ နိုင်ငံတကာဥပဒေများနှင့်လည်း ရင်ပေါင်တန်းနိုင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်များ ပေါ်ထွန်းလာစေရန် ချစ်ခြင်း၊ မုန်းခြင်း ကင်းရှင်းစွာဖြင့် ၂၀၁၃ ခုနှစ်ကပင် စတင်ရေးဆွဲ ပြဋ္ဌာန်းပေါ်ပေါက်လာခဲ့ခြင်း ဖြစ်ပါသည်။

**ကော်မရှင်ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း**

ကမ္ဘာ့ကုလသမဂ္ဂ၏ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဖွဲ့စည်းထားရှိမှုများအရ ၂၀၁၀ ပြည့်နှစ် ဒီမိုကရေစီအစိုးရပေါ်ထွက်လာပြီးနောက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်အား ဖွဲ့စည်းရန် စတင်ကြိုးပမ်းခဲ့ရာ ပထမအကြိမ် ကော်မရှင်အား ၂၀၁၄ ခုနှစ် ဖေဖော်ဝါရီလ ၂၅ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၃ ဦး၊ စုစုပေါင်း ၁၅ ဦးတို့နှင့် ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ် မတ်လ ၁၀ ရက်နေ့တွင် နေပြည်တော်၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံးကို စတင်ဖွင့်လှစ်ခဲ့သည်။ ဒုတိယအကြိမ် ကော်မရှင်အား အစိုးရအဖွဲ့အပြောင်းအလဲဖြစ်ပြီးနောက် ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် ၁၀ဦး၊ စုစုပေါင်း ၁၂ဦးတို့ဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့ပါသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီလက်ထက်တွင် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်ကိုးဦး၊ စုစုပေါင်း ၁၁ ဦးတို့နှင့် ဖွဲ့စည်းတာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းကော်မရှင်အား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ ၂၀ ရက်နေ့တွင် စတင်တာဝန်ပေးအပ်ခဲ့ပြီး ယခင်အစဉ်အဆက် ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ဥပဒေများအတိုင်း အရေးယူစီမံဆောင်ရွက်လျက်ရှိကြခြင်းဖြစ်ပါသည်။ ဥပဒေများ၊ နည်းဥပဒေများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်းများ မရှိဘဲ၊ အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်၏ လုပ်ထုံးလုပ်နည်းများအတိုင်း ဆောင်ရွက်လျက်ရှိပါသည်။

**လုပ်ငန်းတာဝန်**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သော အုပ်ချုပ်ရေးစနစ် ဖြစ်ထွန်းပေါ်ပေါက်လာစေရန် အဓိကဖြစ်ပါသည်။ ထို့ပြင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် အလေးအနက်ခံယူ၍ အဂတိလိုက်စားမှုများအား အရေးယူဆောင်ရွက်သွားရန်ဖြစ်ပြီး ပြည်သူများသို့လည်း အသိပညာပေးခြင်း၊ တားဆီးကာကွယ်ခြင်း လုပ်ငန်းတာဝန်များကိုလည်း စီမံဆောင်ရွက်သွားရန် ဖြစ်ပါသည်။

**ကော်မရှင်၏ မျှော်မှန်းချက်နှင့်ရည်ရွယ်ချက်များ**

အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သည် နိုင်ငံတစ်ဝန်းတွင် အစိုးရဌာနများ အပါအဝင် ပျံ့နှံ့လျက်ရှိသော အဂတိလိုက်စားမှုများကို အများပြည်သူတို့နှင့် လက်တွဲ၍ အရေးယူတိုက်ဖျက်ခြင်းဖြင့် အများပြည်သူတို့၏ဘဝများ သာယာဝပြောလာစေရန် မျှော်မှန်းပါသည်။ ရည်ရွယ်ချက်များ အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ဆောင်ရွက်ရန်နှင့် သန့်ရှင်းသောအစိုးရနှင့် ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်တို့ ဖြစ်ထွန်းလာစေရန် အဓိကဖြစ်ပါသည်။ အထူးသဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ဘဏ္ဍာများ၊ နိုင်ငံသားများ၏ အခွင့်အရေးနှင့် အကျိုးစီးပွားများကို ထိခိုက်ဆုံးရှုံးမှု မရှိစေရေးအတွက် အကာအကွယ်ပေးရန်နှင့် အဂတိလိုက်စားမှု ကျူးလွန်သူများအား ထိရောက်စွာအရေးယူရန်လည်း ရည်ရွယ်ပါသည်။

[ မှတ်ချက်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေများနှင့် ဆောင်ရွက်ချက်သိကောင်းစရာများ ဆက်လက်တင်ပြသွားပါမည်။]

# ပဲခူးမြို့တွင် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းခြင်း အခမ်းအနားကျင်းပ

ပဲခူး မတ် ၂၉

ပဲခူးမြို့ ရွှေမော်ဓော ဘုရားလမ်းရှိ ဗုဒ္ဓအသံ ဓမ္မဗိမာန်တော်ကြီး၌ မတ် ၂၇ ရက်က ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီက ကြီးမှူးပြီး တိုင်းဒေသကြီးအတွင်းမှ ၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များ ရရှိကြသည့် ဆရာတော်များနှင့် သီလရှင်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းပေးအပ်ခြင်း အခမ်းအနားကို ကျန်းမာရေး ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ဘွဲ့ရဆရာတော်များနှင့် သီလရှင်များ၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နယ်မြေခံတပ်မ ဗိုလ်မှူးကြီး မိုးမင်းနိုင်၊ ကောင်စီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် တိုင်းဒေသကြီး သံဃနာယက အဖွဲ့ ဥက္ကဋ္ဌ ပဲခူးမြို့ ကျိုက်တောင်တောရကျောင်း ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တပညာသာမိ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး အဂ္ဂမဟာပဏ္ဍိတဘွဲ့တံဆိပ်တော်ရ ကြို့ပင်ကောက်မြို့ တိုက်ကျောင်း ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တစိန္တိတက သမ္ဗောဒနီယဩဝါဒကထာ မြွက်ကြားချီးမြှင့်တော်မူသည်။

ယင်းနောက် တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ ဦးမျိုးဆွေဝင်းက သာသနာရေး ဆိုင်ရာများ လျှောက်ထားပြီး



သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များရရှိသည့် ဆရာတော်များနှင့် သီလရှင်များအား တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

၂၀၂၂ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်းရာတွင် ပဲခူးတိုင်းဒေသကြီးအတွင်းမှ အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့ တစ်ပါး၊ အဂ္ဂမဟာပဏ္ဍိတဘွဲ့ နှစ်ပါး၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ ရှစ်ပါး၊ မဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ ၁၁ ပါး၊ ဂန္ထဝါစက ပဏ္ဍိတဘွဲ့ ၂၂ပါး၊ ဓမ္မကထိက ဗဟုဇနဟိတဓရဘွဲ့ တစ်ပါး၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဘွဲ့ သုံးပါး၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇဘွဲ့ ခုနစ်ပါး၊ မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ ငါးပါး၊ သဒ္ဓမ္မဇောတိကဓဇဘွဲ့ ခြောက်ပါး၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယဘွဲ့ သုံးပါး၊ မဟာကမ္မဋ္ဌာနာစရိယဘွဲ့ တစ်ပါး၊ ကမ္မဋ္ဌာနာစရိယဘွဲ့ နှစ်ပါး၊ သီဟသုဓမ္မသိင်္ဂီဘွဲ့ တစ်ဦး၊ သုဓမ္မမဏိဇောတဓရဘွဲ့ တစ်ဦး၊ သုဓမ္မသိင်္ဂီဘွဲ့ တစ်ဦး၊ စုစုပေါင်း ဆရာတော် ၆၈ ပါး၊ သီလရှင် လေးပါး၊ လူပုဂ္ဂိုလ် သုံးဦး ရရှိကြကြောင်း သိရသည်။

တင်စိုး(ပဲခူး)

# မန်းရွှေစက်တော်ရာဘုရား အောက်ခြေတော်ရာ ပါဒစေတီတော်အလင်းပေါက်ဖန်အုပ်ဆောင်းတော်နှင့် အထက်စက်တော်ရာ ဗုဒ္ဓပါဒစေတီတော်တို့အား ဖွင့်လှစ်ထား၍ ဘုရားဖူးပြည်သူများ လာရောက်ဖူးမြော်နိုင်

မကွေး မတ် ၂၉

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ် မန်းရွှေစက်တော်ရာ ပါဒစေတီတော် ဗုဒ္ဓပူဇနိယ ပွဲတော်ကို နှစ်စဉ်တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ ကျင်းပလျက်ရှိပြီး ယခုနှစ်တွင် မန်းရွှေစက်တော်ဘုရားပွဲကို ကိုဗစ် ညွှန်ကြားချက်များနှင့် အညီ နှစ်စဉ် ဖွင့်လှစ်နေကျ ဖြစ်သည့် ဖေဖော်ဝါရီ ၁၆ ရက်က မန်းရွှေစက်တော်ရာ အောက်ခြေတော်ရာ ပါဒစေတီတော် အလင်းပေါက် ဖန်အုပ်ဆောင်းတော်နှင့် အထက်စက်တော်ရာ ဗုဒ္ဓပါဒစေတီတော်တို့အား ဖွင့်လှစ်ထားရှိပြီးဖြစ်၍ ဘုရားပွဲတော်အဖြစ် မကျင်းပသော်လည်း ဘုရားဖူး ပြည်သူများအနေဖြင့် မန်းရွှေစက်တော်ရာဘုရားသို့ စိတ်အေးချမ်းသာစွာဖြင့် လာရောက်ဖူးမြော်နိုင်သည်။

"မန်းရွှေစက်တော်ရာ အောက်ခြေတော်ရာ ပါဒစေတီတော် အလင်းပေါက်ဖန်အုပ်ဆောင်းတော်နဲ့ အထက်စက်တော်ရာ ဗုဒ္ဓပါဒစေတီတော်ကို ဖေဖော်ဝါရီ ၁၆ ရက်က ဖွင့်လှစ်ခဲ့တာ ဖြစ်ပါတယ်။ နှစ်စဉ်လည်း ဖွင့်လှစ်နေကျ တပို့တွဲလဆန်း ၅ ရက်နေ့မှာ ဖွင့်လှစ်ခဲ့တာပါ၊ မန်းရွှေစက်တော်ဘုရား ပွဲတော်ကို ကိုဗစ်ကာလမှာ ယခင်နှစ်ပွဲတော်များ အတိုင်း ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်နိုင်မှု မရှိပေမယ့် မန်းရွှေစက်တော်ရာ ဘုရားကြီးကို အနယ်နယ်အရပ်ရပ်က ဘုရားဖူး ပြည်သူတွေ လာရောက်ကြတာဖြစ်တဲ့အတွက် ရောက်ရှိလာတဲ့ ဘုရားဖူးသူ ဦးရေအပေါ် မူတည်ပြီး ကိုဗစ် စည်းကမ်းချက်နဲ့အညီ ဝင်ထွက်ခွင့်ပြုပြီး မနက် ၆ နာရီကနေ ညနေ ၆ နာရီအထိ ဖူးမြော်ခွင့် ဆောင်ရွက်ပေးထားတာ ဖြစ်ပါတယ်။ မန်းရွှေစက် တော်ရာဘုရားကို ပုသိမ်-မုံရွာလမ်းမကြီးဘက်မှ ၃ မိုင်လမ်း နဲ့ ၈ မိုင်လမ်းတွေအပြင် ငဖဲမြို့ဘက်က လမ်းတွေလည်း ငဖဲမြို့နယ်က ဆရာတော် သံဃာတော်တွေ ဦးဆောင်ပြီးတော့ မန်းရွှေစက် တော်သွားတဲ့လမ်းကို ပြုပြင်ဆောင်ရွက်ထားတဲ့ အတွက် ဘုရားဖူးလာ ပြည်သူတွေအနေနဲ့ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင် ပါတယ်" ဟု မန်းရွှေစက်တော်ရာဘုရား ဂေါပကအဖွဲ့ အောက်စက်တော်ရာ တာဝန်ခံ ဦးသိန်းလှိုင်က ပြောသည်။



မန်းရွှေစက်တော်ရာ ဗုဒ္ဓပူဇနိယ ပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာ နှစ်ဆန်း ၁ ရက်နေ့အထိ ရက်ပေါင်း ၆၀ ကျော်ကြာ ကျင်းပခြင်းဖြစ်ပြီး အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး များ အထူးစည်ကားများပြားစွာ လာရောက် ကြကာ တစ်ရက်လျှင် ပျမ်းမျှလူဦးရေ သောင်းနှင့်ချီ လာရောက်၍ ဖူးမြော်ကြကြောင်း၊ ယခုနှစ်တွင် လည်း မန်းရွှေစက်တော်ရာ အောက်ခြေတော်ရာ ပါဒစေတီတော် အလင်းပေါက်ဖန်အုပ်ဆောင်းတော် နှင့် အထက်စက်တော်ရာ ဗုဒ္ဓပါဒစေတီတော်တို့အား ဧပြီ ၁၇ ရက်အထိ ဖွင့်လှစ်ထားမည်ဖြစ်၍ ဘုရားဖူး ပြည်သူများအနေဖြင့် ကိုဗစ်စည်းကမ်းချက်များနှင့် အညီ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်နိုင် ကြောင်း သိရသည်။

၁၄၃

# ရက်အနည်းငယ်နှင့် အဆင်ပြေငွေပေါ်စေသည့် ကောက်ရိုးမှိုစိုက်ပျိုးရေး

စားသုံးမှုအမျိုးအစား များစွာရှိတဲ့အနက် ကောက်ရိုးမှိုကို လူ အများစု နှစ်သက်စွာစားသုံးကြပါ တယ်။ မှိုဥလေးတွေက အရသာ ရှိတဲ့အပြင် စိုက်ပျိုးရာမှာလည်း ၉ ရက်ကနေ ၁၅ ရက်အတွင်း၊ စီးပွားဖြစ် ငွေပြန်ပေါ်နိုင်တာကြောင့် စိုက်ပျိုးထုတ်လုပ်သူတွေ အတွက်လည်း အဆင်ပြေတဲ့ မှိုစိုက်ပျိုးရေးတစ်ခုပါ။ ရန်ကုန်တိုင်း ဒေသကြီး ကော့မှူးမြို့နယ်နဲ့ ကွမ်းခြံကုန်းမြို့နယ်တစ်ဝိုက် ဒေသ များမှာ ကောက်ရိုးမှိုစိုက်ပျိုးရေးကို တွင်ကျယ်စွာ လုပ်ဆောင်နေကြ တာကိုလည်း တွေ့ရှိရပါတယ်။



အပူချိန်နဲ့ စိုထိုင်းဆ

ကောက်ရိုးမှိုက ပူအိုက်စိုစွတ်တဲ့ ရာသီဥတု ကို ကြိုက်နှစ်သက်ပြီး အပူချိန်အမြင့်ကို ကြိုက်နှစ်သက်တဲ့ မှိုအမျိုး အစားတစ်ခုလည်း ဖြစ်ပါတယ်။ ပတ်ဝန်းကျင် အပူချိန် ၂၅ ဒီဂရီ စင်တီဂရိတ်မှ ၄၄ ဒီဂရီစင်တီဂရိတ်အတွင်းဟာ ကောက်ရိုးမှို မျိုးစေ့ မှုန်လေးတွေကနေ ကောက်ရိုးမှိုမျှင်တွေ ထွက်လာနိုင်စေဖို့ ရှိနေသင့်တဲ့ အပူချိန်တွေလို့ သုတေသနပညာရှင်တွေက ဆိုပါတယ်။ စိုထိုင်းဆကတော့ မှိုပုံ အတွင်းမှာ ၆၅ ရာခိုင်နှုန်းမှ ၇၀ ရာခိုင်နှုန်းအတွင်း ရှိသင့်ပြီး မှိုပုံ ပတ်ဝန်းကျင်လေထုစိုထိုင်းဆကတော့ ၈၅ ရာခိုင်နှုန်းမှ ၉၅ ရာခိုင် နှုန်းအတွင်း ရှိသင့်ပါတယ်။ ရှိသင့်ရှိထိုက်တဲ့ စိုထိုင်းဆထက် လျော့ နည်းနေမယ်ဆိုရင် ကောက်ရိုးမှိုရဲ့ ဖွံ့ဖြိုးကြီးထွားမှုကို ထိခိုက်စေ တတ်ပါတယ်။

ကုန်ကြမ်းလိုအပ်ချက်

စိုက်ပျိုးမယ်ဆိုရင် လိုအပ်တဲ့ မှိုမျိုးကို တော့ မိမိနဲ့နီးစပ်ရာဒေသက မှိုမျိုးရောင်းချသူတွေထံက ဝယ်ယူ စိုက်ပျိုးလို့ရပါတယ်။ ကောက်ရိုးမှို စိုက်ပျိုးဖို့အတွက် ကုန်ကြမ်းပစ္စည်း တွေကတော့ စပါးစိုက်ပျိုးပြီး ကျန်ရှိတဲ့ ရိုးပြတ်၊ ကောက်ရိုး၊ ပြောင်းရိုး၊ နှမ်းရိုး၊ ပဲရိုး၊ ပဲမှော် စတဲ့ လယ်ယာထွက်ကုန်တွေ အပါအဝင် ဖေဒါ၊ ငှက်ပျောရွက်၊ ဂျပ်စက္ကူ ဖွဲနု၊ နွားချေးခြောက်စတဲ့ တကူးတက ဝယ်ယူစရာ မလိုဘဲ မိမိပတ်ဝန်းကျင်မှာ အလွယ်တကူရနိုင်ပြီး ပိုလျှံနေတဲ့ ကုန်ကြမ်းတွေကို အသုံးပြုစိုက်ပျိုးသင့်ပါတယ်။

မြေချစိုက်ပျိုးခြင်း

ကောက်ရိုးမှိုမြေချစိုက်ပျိုးတဲ့အခါ စိုက်ပျိုးထားတဲ့ မြေပေါင် ပေါ်ကို ရေလောင်းစိုက်ပျိုးရတာမျိုးမဟုတ်ဘဲ ကောက်ရိုးမှို မြေပေါင်ကြားက မြေပြင်ကို ရေလောင်းပေးပြီး လေထုထဲက သဘာဝစိုထိုင်းစကို တိုးပွားအောင် ပြုလုပ်စိုက်ပျိုး ရတာဖြစ်လို့ ကောက်ရိုးမှိုစိုက်ပျိုးရေးမှာဆိုရင် သဲနုန်းမြေနဲ့ နုန်း မြေက အကောင်း ဆုံးမြေတွေပါ။ သဲနုန်းမြေနဲ့ နုန်းမြေပေါ်ကိုရေလောင်းလိုက်မယ်ဆိုရင် ရေတွေက အိုင်ဖွဲ့မနေဘဲ မြေကြီးတွင်း ကို စိမ့်ဝင်သွားတာကြောင့် ကောက်ရိုးမှိုမြေပုံကြား အစိုဓာတ်ရရှိဖို့ သင့်တော်တဲ့ မြေအမျိုး အစားတွေ ဖြစ်ပါတယ်။ ကောက်ရိုးမှို စိုက်ပျိုးမယ့် မြေပုံ အရွယ်အစား ကိုတော့ အများအားဖြင့် (၃ x ၉) ပေ အရွယ်အစား၊ (၄ x ၁၂) ပေ အရွယ်အစား၊ (၃ x ၁၀) ပေ အရွယ်အစားတွေနဲ့ စိုက်ပျိုးနေကြ ပါတယ်။

ဈေးကွက်အခြေအနေ

ဒေသအလိုက် မတူညီတဲ့ ရာသီဥတု အနေအထား၊ အသုံးပြုတဲ့ မှိုမျိုးထုပ်အမျိုးအစား၊ စိုက်ပျိုးနည်း စနစ်ပိုင်း ကျွမ်းကျင်မှု၊ အသုံးပြု စိုက်ပျိုးတဲ့ ကုန်ကြမ်းအရည်အသွေး အစရှိတဲ့ အချက်အလက်တွေ အပေါ် မူတည်ပြီး ထွက်နှုန်းတွေလည်း ကွာခြားမှု ရှိနိုင်ပါတယ်။ ကောက်ရိုးမှိုဟာ ဟင်းလျာအမျိုးမျိုး ချက်ပြုတ်စားသုံးရာမှာ အသုံးများတဲ့မှိုမျိုး ဖြစ်တာကြောင့် ဟိုတယ်၊ စားသောက်ဆိုင်တွေနဲ့ ဈေးတွေမှာ တင်သွင်းရောင်းချမယ်ဆိုရင် မျက်နှာပန်းလှတဲ့ မှိုအမျိုး အစားတစ်ခုပါ။ လက်ရှိ ဈေးကွက်အတွင်းမှာ အရည်အသွေးနဲ့ ဈေးကွက်လိုလားမှုအပေါ် မူတည်ပြီး ကောက်ရိုးမှို တစ်ပိဿာကို ငွေကျပ် ၆၀၀၀ မှ ၁၀၀၀၀ အထိ ဈေးနှုန်းအသီးသီးနဲ့ ရောင်းဝယ် နေကြပါတယ်။

နန်းထက်ထက်ချစ်


# ကျောက်ဆည်မြို့နယ်တွင် တိုင်ထောင်ပဲတောင့်ရှည် စိုက်ပျိုးရောင်းချသူများ နေ့စဉ်ဝင်ငွေရ

ကျောက်ဆည် မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက် ဆည်မြို့နယ်အတွင်းရှိ တောင်သူ အချို့သည် မိသားစုစားဝတ်နေ ရေးအဆင်ပြေစေရန် ဝင်ငွေ အမြန်ရသည့် လတိုသီးနှံများ စိုက်ပျိုးရောင်းချလျက်ရှိရာ တိုင် ထောင်ပဲတောင့်ရှည် တစ်ပိုင် တစ်နိုင် စိုက်ပျိုးရောင်းချသည့် မိသားစုများ သီးနှံပေါ်ချိန်ဖြစ် သောကြောင့် နေ့စဉ်ဝင်ငွေများရရှိ ကာ အဆင်ပြေလျက်ရှိသည်။

"အခုအချိန်က ပဲတောင့်ရှည် ထွက်တဲ့အချိန်ဆိုတော့ နေ့စဉ် ခူးဆွတ်ရောင်းနေရပါတယ်။ မခူး ဖြစ်လို့ ပဲသီးတွေက ရင့်သွားရင် ဝယ်တဲ့သူတွေက မကြိုက်ကြဘူး။ တစ်ရက်ကို အချိန် ၂၇ ပိဿာ လောက် ရပါတယ်။ ရောင်းတာ တော့ အဝယ်ဒိုင်ကိုသွင်းတာပါ။ ဈေးကတော့ တစ်ပိဿာ ငွေကျပ် ၈၀၀ ရပါတယ်" ဟု မှားနီတံဆိပ် တိုင်ထောင်ပဲတောင့်ရှည် စိုက်ပျိုး ထားသည့် တံတားလည် ကျေးရွာ မှ တောင်သူ ဒေါ်အေးမိစံ က ပြောသည်။

ပဲတောင့်ရှည်ပင်သည် နုန်း မြေတွင် ကောင်းစွာဖြစ်ထွန်း ကြောင်း၊ စိုက်ပျိုးပြီး ရက်ပေါင်း ၇၀ တွင် စတင်ခူးဆွတ်ရကြောင်း၊ ပဲတောင့်ရှည်သီးနှံပင်သည် ရွက် စားပိုးနှင့် သီးလုံးဖောက်ပိုးများ ကြိုက်နှစ်သက်သည့် အပင်ဖြစ် သောကြောင့် နေ့စဉ်စိုက်ခင်းကို မပြတ်ကြည့်ရှုရပြီး လိုအပ်သည့် အချိန်တွင် ဆေးဖျန်းခြင်း ဆောင် ရွက်ရကြောင်း၊ မှားနီပဲတောင့် ရှည်မျိုးနှစ်ထုပ် စိုက်ပျိုးပါက မိသားစုတစ်ပိုင်တစ်နိုင်လုပ်နိုင် သဖြင့် ကုန်ကျစရိတ် နည်းပါးကာ ရက်ရှည်ခူးဆွတ်ရောင်းချရသည့် သီးနှံတစ်မျိုးဖြစ်ကြောင်း၊ စတင် ခူးဆွတ်သည့်နေ့တွင် ငါးပိဿာ ခန့် ခူးဆွတ်ရပြီး အသီးဖြိုင်ချိန် တွင် ပိဿာချိန် ၇၀ မှ ၈၀ အထိ ခူးဆွတ် ရောင်းချနိုင်ကြောင်း၊ ပဲတောင့်ရှည်သီးနှံသည် အိမ်ရှင်မ များသာမက မုန့်ဟင်းခါး ရောင်းချ သည့် အရောင်းဆိုင်များကပါ ဝယ်ယူ သုံးစွဲသောကြောင့် ပဲတောင့်ရှည် သီးနှံစိုက်ပျိုး ရောင်းချသူများ အဆင်ပြေလျက် ရှိကြောင်း သိရသည်။



သက်မောက်(ကျောက်ဆည်)

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

*(ယမန်နေ့မှအဆက်)*

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အကြမ်းဖက်တိုက်ခိုက်သည့် ပစ္စည်းများ ယခု ပြသထားပါကြောင်း၊ ဗိုလ်ချုပ်ရှင်းပြခဲ့သည့်အထဲတွင်လည်း ပါဝင်ပါကြောင်း၊ မင်းမဲ့စရိုက်ဆန်သည့်ပြုလုပ်မှုများက ဒီမိုကရေစီနှင့်ဆန့်ကျင်ပြီး နှိမ်နင်းရသည်ဟုပြောကြောင်း၊ နိုင်ငံတကာကလည်း ဆန္ဒပြနေသည့် လူများအပေါ် ပစ်ခတ်နှိမ်နင်းမှုများအပေါ် အင်အားသုံးနှိမ်နင်းသည်ဟု နစကကို ဝေဖန်ရှုတ်ချနေမှုများ ရှိပါကြောင်း၊ မြန်မာပြည်သားများထဲတွင်လည်း ယခုလို ပစ်ခတ်နှိမ်နင်းသည့်အပေါ် မကျေနပ်မှုများနေကြောင်း၊ တပ်မတော်အပေါ် မုန်းတီးမှုများဖြစ်လာပြီး တပ်မတော်နှင့် ပြည်သူအကြားတွင် တဖြည်းဖြည်းနှင့် ကင်းကွာလာပြီး ပိုမိုဝေးသွားသည့် ပုံစံမျိုးများ တွေ့နေရကြောင်း၊ ယင်းအခြေအနေကို မည်ကဲ့သို့ ပြန်လည်ဖြေရှင်းမှုမျိုးရှိမည်ကို သိလိုကြောင်း၊ ယင်း ပစ်ခတ်နှိမ်နင်းရသည့် အခြေအနေတွင် Martial Law စစ်အုပ်ချုပ်မှုအခြေအနေများ မည်သည့်အချိန်ခန့်တွင် အဆုံးသတ်မှုရှိမည်ကို သိလိုကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က အဓိကအနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများ၊ အကြမ်းဖက် ဆူပူ ဆန္ဒပြမှုများ ဖြစ်လာကြောင်း၊ ပြန်ပြီးသုံးသပ်ကြည့်လျှင် ဖေဖော်ဝါရီလ ၁ ရက်နေ့တွင် တပ်မတော်က တာဝန်ယူခဲ့ပါကြောင်း၊ ဆန္ဒပြမှုများ စတင်ဖြစ်ပွားသည့်နေ့မှာ ဖေဖော်ဝါရီလ ၄ ရက်နေ့ ဖြစ်ပါကြောင်း၊ ဖေဖော်ဝါရီလ ၄ ရက်နေ့မှ ၈ ရက်နေ့အထိ ဆန္ဒပြသူများသည် ငြိမ်းချမ်းစွာ ဆန္ဒပြကြပါကြောင်း၊ စီတန်းလှည့်လည်ခြင်းများရှိပါကြောင်း။

သို့သော် ဥပဒေနှင့်မကိုက်ညီပါကြောင်း၊ ယခင်အစိုးရလက်ထက်တွင်လည်း တွေ့ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၌ နိုင်ငံတကာကဲ့သို့ ဆန္ဒပြမည်ဆိုလျှင် မည်သို့လျှောက်ထားရမည်၊ မည်သည့်နေရာတွင် မည်သို့ပြမည်ဆိုသည့် ခွင့်ပြုချက်ရှိပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် ဥပဒေနှင့်ညီလားဟုဆိုလျှင် ဥပဒေနှင့် မညီပါကြောင်း၊ ငြိမ်းချမ်းစွာဆန္ဒပြမှုဟု ခေါ်လို့ရကြောင်း၊ တပ်မတော်နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ဖြိုခွင်းခဲ့ခြင်းမရှိပါကြောင်း၊ ဖြိုခွင်းခဲ့ခြင်းမရှိသည့်အပြင် တပ်မတော်နှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် ၎င်းတို့ဆန္ဒပြမှုများကို ဘေးက စောင့်ကြည့်ခြင်းသာ ဖြစ်ပါကြောင်း။

၉ ရက်နေ့မှာ အကြမ်းဖက်မှု စတင်ဖြစ်လာပြီး နေပြည်တော်၌ စတင်ဖြစ်သည်ဟု မှတ်မိပါကြောင်း၊ ၉ ရက်နေ့တွင် ရုံးတက်မည့် ကားများကို သပြေကုန်းအဝိုင်းတွင် တားခဲ့ပါကြောင်း၊ ရုံးတက်မည့်ကားများ တားသည်ကို မီဒီယာများအနေဖြင့် ထုတ်လွှင့်ခဲ့ခြင်းမရှိပါကြောင်း၊ လူအုပ်စုနှင့်တားခြင်းကို ဖယ်ရှားရန် လုပ်သည့်အခါ ရဲကားများ၊ ရေကားများကို ခဲဖြင့်ပစ်ခြင်းကြောင့် စခဲ့ခြင်းဖြစ်ပါကြောင်း၊ ထိုမှစပြီး လက်နက်ဖြင့်ပစ်သည့်အဆင့်အထိ ဖြစ်လာပါကြောင်း၊ ထိုအဆင့်မျိုး ဖြစ်လာလျှင် မည်သည့်နိုင်ငံမှ လက်မခံပါကြောင်း။

### မင်းမဲ့စရိုက်ကို နှိမ်နင်းရမည်

ဒီမိုကရေစီဟုပြောနေသည့်နိုင်ငံတွင်လည်း လက်မခံပါကြောင်း၊ အမေရိကန်နိုင်ငံတွင် မကြာခင်က ဖြစ်ပေါ်ခဲ့သည့် လွှတ်တော်အဆောက်အဦ ဝင်စီးခဲ့သည်တွင် မည်သို့ပစ်ခဲ့သည်ကို တွေ့ရမည်ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် မင်းမဲ့စရိုက်ကို နှိမ်နင်းရမည်ဖြစ်ပါကြောင်း၊ ထိုသို့နှိမ်နင်းရသည်မှာ နံပါတ်တစ်အနေဖြင့် သာမန်ပြည်သူလူထုကို ထိခိုက်နိုင်ခြင်း၊ နံပါတ်နှစ်အနေဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်နိုင်ခြင်းတို့ကြောင့် မိမိတို့ နှိမ်နင်းရမည်ဖြစ်ပါကြောင်း။

ထိုသို့နှိမ်နင်းသည့်အခါတွင် နိုင်ငံတကာမှပြောမည့်အရာများ ရှိပါကြောင်း၊ ပြည်သူနှင့်ကင်းကွာနေသလို ခံစားရပါသလားဟုဆိုလျှင် ကင်းကွာနေသည်ဟု မခံစားရပါကြောင်း၊ အဘယ်ကြောင့်ဆိုသော် ဆူးစူးနေသည်ကို နာမည်စိုးသောကြောင့် မထွင်ဘဲနေ၍ မရပါကြောင်း၊ ဆူးစူးနေသည်ကို မနာစေချင်လျှင် ထွင်ရမည်ဖြစ်ပါကြောင်း၊ ဆူးကြီးလျှင် ကြီးသကဲ့သို့ အပ်ချိတ်ကြီးကြီး သုံးရမည်ဖြစ်ကြောင်း၊ ဆူးသေးလျှင် သေးသကဲ့သို့ အပ်ချိတ်သေးသေး သုံးရမည်ဖြစ်ကြောင်း။

ထိုဆူးကို အပ်ဖြင့်ထွင်လျှင် နာသင့်သလောက် နာမည်ဖြစ်ကြောင်း၊ နာသင့်သလောက်နာခြင်းသည် မထွင်ဘဲနေပါက ဆူးစူးသည့်ခြေထောက် ဖြတ်ပစ်ရမည်စိုးသောကြောင့် ထွင်ရခြင်းဖြစ်ကြောင်း၊ ဆူးကြီးလျှင် ကြီးသလောက် နာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ခြေထောက်က ဦးနှောက်ကို မုန်းလိုက မုန်းပါစေ၊ ပျောက်သွားလျှင် ဦးနှောက်နှင့် ခြေထောက် တစ်သားတည်းဖြစ်သွားမည်ဖြစ်ပြီး ကိစ္စမရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။



မီးသတ်ကားများအား အကြမ်းဖက်ဆူပူဆန္ဒပြသူများက ပိတ်ဆို့တားဆီးထားမှုကို တွေ့ရစဉ်။



လှိုင်သာယာရှိ စက်ရုံများအား အကြမ်းဖက်ဆူပူဆန္ဒပြသူများက မီးရှို့ဖျက်ဆီးမှုကို တွေ့ရစဉ်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အဂတိလိုက်စားမှုနှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း သက်သေခံချက်များ ပြသသွားသည်ကို တွေ့ရပါကြောင်း၊ မိမိမေးလိုသည်မှာ ဩစတြေးလျနိုင်ငံသား ရှောင်တားနယ်နှင့် ပတ်သက်ပြီး ၎င်း၏ ထုတ်ဖော်ပြောဆိုမှုတွင် မသမာသည့် နိုင်ငံခြားငွေကြေးစီးဆင်းမှုများရှိကြောင်းကို အစောပိုင်းက သတင်းထုတ်ပြန်ထားခြင်း တွေ့ရပါကြောင်း၊ အသေးစိတ်ထွက်လာခြင်းမျိုး မရှိသေးကြောင်း၊ အဓိက မေးလိုသည်မှာ ရှောင်တားနယ်က နစကနှင့် ပူးပေါင်းပြီး ယခင်အစိုးရ၏ ငွေကြေးမသမာမှုများကို သက်သေခံရန် ရှိ မရှိနှင့် ထိုအမှုကိစ္စကို ပိုပြီး အသေးစိတ်ပြောပြ၍ရမည်ဆိုပါက သိလိုကြောင်း၊ ၎င်းထုတ်ဖော်သည့် အချက်အလက်များသည် ပြီးခဲ့သည့် အစိုးရအကြီးအကဲများမှ မည်သူ့ကို တရားစွဲဆိုနိုင်သည့်အချက်များ ဖြစ်သည်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ဩစတြေးလျနိုင်ငံသား ရှောင်တားနယ်နှင့် ပတ်သက်ပြီး မိမိတို့ စစ်ဆေးနေသည်မှာ မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး အက်ဥပဒေ ပုဒ်မ ၁၃(၁)နှင့် မြန်မာနိုင်ငံအစိုးရ လျှို့ဝှက်ချက်များ အက်ဥပဒေပုဒ်မ ၃၁(ဃ)ဖြင့် စစ်ဆေးနေခြင်းများရှိကြောင်း၊ ၎င်းကို သံရုံးတာဝန်ရှိသူများ၊ မိသားစုဝင်များနှင့် တယ်လီဖုန်းဖြင့် ဆက်သွယ်ခွင့် နှစ်ကြိမ် ခွင့်ပြုထားပြီးဖြစ်ကြောင်း၊ နောင်လည်း ခွင့်ပြုသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က ၎င်း၏ ထုတ်ဖော်သည့်အချက်များသည် ယခင်အစိုးရအကြီးအကဲများထဲမှ တရားစွဲနိုင်ရန် ရှိ/မရှိနှင့် ဘယ်ကိုဦးတည်သွားမလဲဆိုသည့်အချက်၊ ရှောင်တားနယ် ထွက်ဆိုချက်ကို မူတည်ပြီး တရားစွဲဆိုမည်ဆိုလျှင် မည်သူ့ကို တရားစွဲနိုင်သည်ဆိုသည့်အချက်ကို သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ထိုအရာကို မိမိ ပြော၍မရပါကြောင်း၊ ခုနပြောသည့် နှစ်ချက်နှင့်သာ စစ်ဆေးနေကြောင်း ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်** က တရုတ်နိုင်ငံခြားရေးဝန်ကြီးဝမ်ယိက မြန်မာနိုင်ငံတွင် ပြန်လည်သင့်မြတ်ရေးအတွက် ဘက်ပေါင်းစုံမှ ထိတွေ့ဆွေးနွေးသွားမည်ဟု ပြောထားခြင်းမျိုး ရှိပါကြောင်း၊ ၎င်းဘက်မှ မြန်မာပြည်ကို ကမ်းလှမ်းဆက်သွယ်ထားတာမျိုး ရှိ/ မရှိ သိလိုကြောင်းနှင့် လက်ရှိအခြေအနေတွင် ကမ်းလှမ်းဆက်သွယ်လာမည်ဆိုပါက လက်ခံရန်အခြေအနေများ ရှိ/ မရှိနှင့် ယခင် အခြေအနေနှင့် ယခု အခြေအနေ အပြောင်းအလဲ ရှိနိုင်/ မရှိနိုင်ကို သိလိုပါကြောင်း မေးမြန်းသည်။

### မဟာဗျူဟာ မိတ်ဖက်နိုင်ငံ

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က တရုတ်နှင့် မြန်မာနိုင်ငံသည် မဟာဗျူဟာ မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံသည် အိမ်နီးနားချင်းနိုင်ငံများဖြစ်ပြီး တရုတ်တပ်မတော်၊ မြန်မာ့တပ်မတော်၊ တရုတ်အစိုးရ၊ မြန်မာနိုင်ငံအစိုးရတို့သည် ယခင်ကတည်းက မဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်ခဲ့သည့် အဖွဲ့အစည်းများ ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့တွင် အိမ်နီးနားချင်းနိုင်ငံ ၅ နိုင်ငံရှိပါကြောင်း၊ မိမိတို့သည် အိမ်နီးနားချင်းနိုင်ငံ ၅ နိုင်ငံနှင့်လည်း ပူးပေါင်းဆက်သွယ်ဆောင်ရွက်နေသည့်နိုင်ငံ ဖြစ်ပါကြောင်း။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအဖြစ် စပြီး တာဝန်ယူကတည်းက ပြောထားသည်မှာ မိမိတို့အနေဖြင့် အိမ်နီးနားချင်းနိုင်ငံ၊ အာဆီယံနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများနှင့်ပါ မိတ်ဝတ်မပျက် ဆက်ဆံရေးကို ဦးတည်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အိမ်နီးနားချင်းနိုင်ငံများ၊ အာဆီယံနိုင်ငံများ အထူးသဖြင့် မိမိတို့နှင့် ရင်းနှီးဆက်ဆံနေသည့် နိုင်ငံများ၏ ပြောကြားချက်ကို အလေးထား မှတ်သားဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ ပြန်လည်စိုးမိုးရေးနှင့် ပတ်သက်ပြီး စိတ်ဝင်တစား

စာမျက်နှာ ၂၃ သို့

စာမျက်နှာ ၂၂ မှ

ရှိသည့် နိုင်ငံဟူသမျှ၏ ပြောဆိုချက်မှန်သမျှကိုလည်း အလေးထားပါကြောင်း၊ ၎င်းတို့ ပြောဆိုချက်အတိုင်း စေတနာထားသည်များကိုလည်း မိမိတို့ တန်ဖိုးထားကြောင်းကို ပြောလိုပါကြောင်း၊ မိမိတို့အနေဖြင့် အလေးအနက်ထား မှတ်သားထားသည်ဟု ပြောလိုပါကြောင်း ဖြေကြားသည်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က ယခုလက်ရှိ ဖမ်းဆီးခံထားရသည့် ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ နိုင်ငံခေါင်းဆောင်များ၊ ယခင်အစိုးရ ခေါင်းဆောင်များနှင့် စေ့စပ်ဆွေးနွေးရမည့် လမ်းကြောင်းမျိုးကို တိုက်တွန်းလာမည်ဆိုလျှင် ထိုအနေအထားမျိုး ဖြစ်လာနိုင်မည်လား၊ ယခင် သတင်းစာရှင်းလင်းပွဲက ဗိုလ်ချုပ်အနေဖြင့် ထိုအရာကို ပြောခဲ့ဖူးသည်ဟု ထင်ပါကြောင်း၊ ယခုအခြေအနေ တစ်စုံတစ်ရာ ပြောင်းလဲသွားခြင်းမျိုး ရှိပါသလားဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မိမိတို့သွားမည့် လမ်းကြောင်းသည် မိမိတို့ ပြောကြားထားသည့် ဦးတည်ချက်(၅)ရပ်၊ ရှေ့လုပ်ငန်းစဉ်(၉)ရပ် လမ်းကြောင်းအတိုင်း သွားမည်ဖြစ်ကြောင်း ဖြေကြား သည်။



လှိုင်သာယာရှိ စက်ရုံတစ်ရုံကို အကြမ်းဖက်ဆူပူဆန္ဒပြသူများက မီးရှို့ဖျက်ဆီးထားမှုကို တွေ့ရစဉ်။

**VOA သတင်းဌာနမှ သတင်းထောက် ဦးမိုးဇော်**က အခြားမီဒီယာလည်း အလုပ်လုပ်ရသည်မှာ အဆင်ပြေစေရန်အတွက် စစ်ရေးနှင့်ပတ်သက်သည့်သတင်းများ၊ တပ်မတော်နှင့်ပတ်သက်သည့် သတင်းများကို ဗိုလ်ချုပ်အနေဖြင့် ပြောရေးဆိုခွင့်ရှိသူအနေဖြင့် ဖြေဆိုခြင်းမျိုး ရှိပါကြောင်း၊ ယခုအချိန်တွင် အခြားလူပြောင်းခြင်းများ၊ စီစဉ်ထားခြင်းများ ရှိပါသလား သိလိုပါကြောင်း မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မရှိပါကြောင်း၊ မိမိ ဖြေပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ရဲရဲတောက်သတင်းဌာနမှ အယ်ဒီတာချုပ် အမတ်ဒိန်**က မတ်လ ၁၅ ရက်နှင့် ၁၆ ရက်တွင် လှိုင်သာယာ၊ ရွှေပြည်သာ၊ အင်းစိန်ရှိ စက်ရုံ ၁၇ ရုံ မီးရှို့ဖျက်ဆီးခံရကြောင်း၊ အကြမ်းဖက်လူများ၏ ဆန္ဒမှာ တရုတ်သူဌေးများကို မီးဘေးဒုက္ခသည်ဖြစ်အောင် လုပ်ဆောင်ခြင်းဖြစ်ပြီး အမှန်တကယ် မီးဘေးဒုက္ခသည် ဖြစ်သွားသည်မှာ စက်ရုံတွင် အလုပ်လုပ်နေသည့် ကိုယ့်သား၊ သမီး၊ ကိုယ့်တူများ ဖြစ်နေကြောင်း၊ ဒုတိယဝန်ကြီး ပြောကြားခဲ့သည့်အတိုင်း လူတစ်သောင်းကျော်ခန့် အလုပ်လက်မဲ့ ဖြစ်သွားပါကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး နစကအစိုးရအနေဖြင့် ၎င်းတို့အား ကူညီ ထောက်ပံ့ရန် အစီအစဉ် ရှိ /မရှိ သိလိုကြောင်း မေးမြန်းသည်။

## လူမှုစီးပွားအခြေအနေ တည်ငြိမ်ရေး

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က ပထမအချက်မှာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအနေဖြင့် စက်ရုံ ၁၇ ရုံနှင့် ပတ်သက်ပြီး တိုက်ရိုက်မှီခိုနေရသည့် လုပ်သားများ သာ အလုပ်ပြုတ်ခြင်းမဟုတ်ဘဲ ယင်းအလုပ်သမား များအပေါ်တွင် ထပ်ဆင့်မှီခိုနေရသည့် ဈေးဆိုင် များ၊ လုပ်ငန်းများပါ ပျက်သွားခြင်းဖြစ်ကြောင်း။ တပ်မတော်အနေဖြင့် ယင်းကိစ္စများ မဖြစ်မီကပင် လှိုင်သာယာ၊ ရွှေပြည်သာဘက်တွင် စားဝတ်နေရေး ကျပ်တည်းသူများကို တပ်မတော်မှတတ်နိုင်သည့် ဆန်၊ ဆီ၊ ဆား၊ ပဲ ရိက္ခာအမယ်လေးမျိုး သွားရောက်ကူညီမှုများ အမြဲရှိခဲ့ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့်လည်း ထိုအရာနှင့် ပတ်သက်ပြီး လူမှုစီးပွားဘဝအခြေအနေတည်ငြိမ်စေရေး ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားသည်။

**ရဲရဲတောက်သတင်းဌာနမှ အယ်ဒီတာချုပ် အမတ်ဒိန်**က ကျောင်းများ ပြန်ဖွင့်ရန်အတွက် ဆရာ ဆရာမကြီးများကို သင်တန်းပေးနေကြောင်း၊ ယင်း ဆရာ ဆရာမကြီးများမှာ CDM မလုပ်သည့် ဆရာ ဆရာမကြီးများဖြစ်ပြီး ၎င်းတို့ သင်တန်းတက်နေရသည်မှာ စိန်ခေါ်မှုအများကြီးကြားမှ တက်နေရပါကြောင်း၊ တံတားဦး သင်တန်းကျောင်းရှေ့တွင် လက်လုပ်ဗုံး လာပစ်ခံရသည့်အခြေအနေ ဖြစ်ပေါ်ခဲ့ပြီး ယင်းသို့ လုံခြုံမှုအားနည်းမည်ဆိုပါက ၎င်းဆရာ ဆရာမကြီးများနေရာမှ ဝင်ရောက်စဉ်းစား မည်ဆိုလျှင် နောက်ထပ် ဆရာ၊ ဆရာမများ သင်တန်းထပ်တက်ရန် စိတ်သောကဖြစ်စရာရှိကြောင်း၊ ထို့ကြောင့် ပြည်ထဲရေးအနေဖြင့် ယင်းသင်တန်းကျောင်းများကို ရာနှုန်းပြည့် လုံခြုံရေးပေးနိုင်မည့် အခြေအနေ ရှိပါသလားဟု မေးမြန်းသည်။

**ဗိုလ်မှူးချုပ် ဇော်မင်းထွန်း**က မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ဖြည့်စွက်ပြီး ဖြေကြားပေးသွားမည်ဖြစ်ပြီး မိမိတို့လည်း ယင်းအခြေအနေများကို တွေ့ရကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌအနေဖြင့် ပြောကြားခဲ့သည်လည်း ရှိပါကြောင်း၊ မိမိတို့အနေဖြင့် ကျောင်းများကို အသည်းအသန် ဖွင့်ချင်နေသည်မှာ အကြောင်းအရင်း တစ်ချက်သာရှိကြောင်း၊ Covid ကြောင့် ကျောင်းများပိတ်ခဲ့ပြီး အဓိက တိုက်ရိုက်နစ်နာသူများမှာ ကျောင်းသားများနှင့် မိဘများသာဖြစ်ကြောင်း၊ ကျောင်းသားများသည် အထက်တန်းအောင်ရမည့်အချိန်တွင် အောင်မြင်ခြင်းမရှိကြောင်း။

မြန်မာနိုင်ငံ၏ ပညာရေးစနစ်ဆိုသည်မှာ အထက်တန်းလောက်အောင်မှ အလုပ်ဝင်သည့်အခါတွင် အလုပ်ဝင်၍ကောင်းမည်ဖြစ်ကြောင်း၊ နောက်တစ်ခု နစ်နာသည်မှာ မိဘများဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌအနေဖြင့်လည်း ကျောင်းများဖွင့်လိုက်မည်ဆိုပါက လူစုလူဝေးဖြစ်ခြင်းများ၊ မသမာသည့် စည်းရုံးလှုံ့ဆော်မှုများ ဖြစ်မည်ကို သိပါကြောင်း။

သို့သော် တစ်နိုင်ငံလုံး၏ အခြေခံဖြစ်သည့် ပညာရေးအတွက် ဖွင့်ရန် ကြိုးစားနေခြင်းဖြစ်ပါကြောင်း၊ မည်သည့်အတွက်ကြောင့်မှ ကြိုးစားနေခြင်းမဟုတ်ကြောင်း၊ လုပ်ငန်းများလုပ်ကြသည့်အခါတွင် ရမှတ်ရသည့် လုပ်ငန်းရှိပြီး ရမှတ်မရသည့် လုပ်ငန်းလည်း ရှိကြောင်း၊ လွယ်လွယ်ကူကူ ပြောရမည်ဆိုလျှင် မျက်နှာရသည့်လုပ်ငန်းရှိပြီး မျက်နှာမရသည့်လုပ်ငန်းရှိကြောင်း၊ မည်သူကိုမှ မည်သည့်ရည်ရွယ်ချက်ဖြင့် ပြောခြင်းမဟုတ်ပါကြောင်း။

ကျောင်းဖွင့်မပေး၍ နစကကောင်စီမှာ မျက်နှာမရစရာအကြောင်း မရှိပါကြောင်း၊ မျက်နှာရချင်ပြီး ပို၍အကျိုးသက်ရောက်စေမည်ဆိုလျှင် ကျောင်းဖွင့်သည့်လုပ်ငန်းထက် ပိုပြီး ထင်သာမြင်သာရှိသည့် လုပ်ငန်းကို မိမိတို့ လုပ်၍ရပါကြောင်း၊ ထင်သာမြင်သာရှိသည့်လုပ်ငန်းဆိုသည်မှာ ပြည်သူလူထု ပိုပြီး သဘောကျစေမည့်လုပ်ငန်း၊ ထင်သာမြင်သာရှိသည့်လုပ်ငန်းလုပ်၍ ရပါကြောင်း။

သို့သော် ကျန်းမာရေးနှင့် ပညာရေးသည် နိုင်ငံတစ်ခုအတွက် အခြေခံဖြစ်သည်ဟု တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ခံယူထားသည့်အတွက် ကျောင်းများကို ဖွင့်ပေးခြင်းဖြစ်ကြောင်း၊ ထိုသို့ ကျောင်းများ ပြန်ဖွင့်ရန်အတွက် ဆရာ၊ ဆရာမများကို မွမ်းမံသင်တန်းခေါ်ခြင်းဖြစ်ပါကြောင်း၊ ထိုအရာကို ပြည်သူတစ်ရပ်လုံးအနေဖြင့် စဉ်းစားစေလိုပါကြောင်း။

မိမိတို့ Covid ကာလတစ်ခုလုံးတွင် နောက်ကျခဲ့ပြီးဖြစ်ကြောင်း၊ မိမိတို့ကိုယ်တိုင်သည်လည်း ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်သည့်ကာလတွင် ၇ တန်း၊ ၈ တန်း ကျောင်းသားဘဝတွင်သာ ရှိသေးကြောင်း၊ နောက်ကျပြီးမှ တက်ခဲ့ရသည်များရှိပြီး ယင်းအရာများသည် ကိုယ်တွေ့ကြုံဖူးမှ သိနိုင်မည်ဖြစ်ကြောင်း၊ ထိုအရာများ ဆောင်ရွက်သည့်အခါတွင် မနေ့ကပင် စိတ်မကောင်းစရာဖြစ်ခဲ့ကြောင်း၊ မြို့နယ် ပညာရေးမှူးရုံးတွင် လက်လုပ်ဗုံးပစ်ခဲ့ခြင်းများရှိပြီး မလုပ်သင့်သည့်လုပ်ငန်းများဖြစ်ကြောင်း။

ထိုအရာသည် အစိုးရကိုဆန့်ကျင်ခြင်းဟု ပြောမရဘဲ တစ်မျိုးသားလုံး၏ ပညာရေးစနစ်၊ တစ်မျိုးသားလုံး၏ အနာဂတ်ကို ဆန့်ကျင်နေခြင်းဖြစ်ကြောင်း၊ ထိုအရာနှင့်ပတ်သက်ပြီး လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူများအနေဖြင့်လည်း အတတ်နိုင်ဆုံး၊ အဖြစ်နိုင်ဆုံး ဆရာ ဆရာမများနှင့် ပတ်သက်ပြီး စောင့်ရှောက်မှုလုပ်ငန်းများ၊ လုပ်ဆောင်ပေးရမည့် လုံခြုံရေးများကို အဖြစ်နိုင်ဆုံး၊ အတတ်နိုင်ဆုံး အစွမ်းကုန် လုပ်ဆောင်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ ရဲမှူးကြီးကျော်သီဟက လုံခြုံရေးဆောင်ရွက်ပေးမှုအနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ လုံခြုံရေးအတွက် အကူအညီတောင်းလာမှုနှင့်ပတ်သက်ပြီး ဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှလည်း လုံခြုံရေးနှင့်ပတ်သက်ပြီး အခြားအကြောင်းအရာများကြောင့် လုံခြုံရေးတောင်းခံမည်ဆိုပါက သတင်းစာထဲတွင်လည်း ကြေညာထားပြီးဖြစ်ကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖုန်းနံပါတ်များလည်း ဖြန့်ဝေထားပြီးဖြစ်ပြီး လုံခြုံရေးကိစ္စနှင့် အကူအညီတောင်းခံမည်ဆိုပါက အထူးအလေးထား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

*(ဆက်လက်ဖော်ပြပါမည်)*



မြင်းခြံမြို့နယ် အထက (၄) ရှိ အဆောက်အအုံတစ်လုံး မီးကွင်းပစ်ခတ်ခံရမှုကြောင့် မီးလောင်ဆုံးရှုံးပျက်စီးမှုကို တွေ့ရစဉ်။



# မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက်(မူကြမ်း) အပေါ် သုံးသပ်ဆွေးနွေးခြင်း ညှိနှိုင်းစည်းဝေး

ပဲခူး မတ် ၂၉

ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံး တော်ဝင်ဟံသာ အစည်းအဝေးခန်းမ၌ မတ် ၂၈ ရက်က မြန်မာ့စီးပွားရေး ပြန်လည် ဦးမော့စေရေးစီမံချက် (မူကြမ်း)အပေါ် သုံးသပ်ဆွေးနွေးခြင်း ညှိနှိုင်းအစည်းအဝေးကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ကောင်စီဝင်(၁) ဗိုလ်မှူးကြီး လှမျိုးရွှေက ကိုဗစ်- ၁၉ကြောင့် ထိခိုက်မှုရှိခဲ့သော စီးပွားရေးလုပ်ငန်းများ ပြန်လည် နာလန်ထူလာနိုင်ပြီး ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုအကျိုးစီးပွားအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုရှိသော မြန်မာ့စီးပွားရေး အဆောက်အအုံကို အထောက်အကူ ပြုနိုင်သည့် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (မူကြမ်း) ပေါ် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ မိမိတို့၏ သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြုသုံးသပ်တင်ပြပေးရန် အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဦးစိုးသိန်းက ပြောင်းလဲနေသော ကမ္ဘာ့အခြေအနေ၊ နိုင်ငံ့အခြေအနေတို့ကို ထည့်သွင်းစဉ်းစားလျက် ကာလတိုကာလရှည်အတွင်း စီးပွားရေးနှင့် သက်ဆိုင်သည့် ဥပဒေစည်းမျဉ်းစည်းကမ်းနှင့် လုပ်ထုံးလုပ်နည်း ပြုပြင်ပြောင်းလဲမှု၊ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ အခွန်အကောက်ဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ကုန်သွယ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှု၊ ဒစ်ဂျစ်တယ် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတို့အား မြန်မာ့စီးပွားရေးပြန်လည်ဦးမော့စေရေး စီမံချက်(မူကြမ်း)၌ လုပ်ငန်းအစီအစဉ်ငါးခု၊ မျှော်မှန်းချက် ၁၆ ခုနှင့် လုပ်ငန်းစဉ် ၈၀ ခုတို့ဖြင့် ထည့်သွင်း ရေးဆွဲထားပြီးဖြစ်၍ ဌာနဆိုင်ရာအလိုက် ပြင်ဆင်၊ ဖြည့်စွက်၊ ဖြေလျှော့လိုသည့် အချက်များကို ထပ်မံအကြံပြုသုံးသပ်တင်ပြပေးရန် ပြောကြားသည်။

ယင်းနောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများမှ မိမိတို့၏ ဌာနအလိုက် မြန်မာ့စီးပွားရေး ပြန်လည်ဦးမော့စေရေးစီမံချက် (မူကြမ်း)အပေါ် ပြင်ဆင်၊ ဖြည့်စွက်၊ ဖြေလျှော့လိုသည့် အချက်များကို အကြံပြုသုံးသပ်တင်ပြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ၊ ကောင်စီဝင်(၁) ဗိုလ်မှူးကြီး လှမျိုးရွှေ၊ အတွင်းရေးမှူး ဦးစိုးသိန်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် ဌာဆိုင်ရာများ တက်ရောက်ကြောင်း သိရသည်။

တင်စိုး(ပဲခူး)

# မအီမြို့တွင် ဗုဒ္ဓစက်တော်ရာသွားလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်

မအီ မတ် ၂၉

မအီမြို့မှ ၁၅ မိုင်အကွာ မအီချောင်းဖျားတွင် တည်ရှိသည့် ဗုဒ္ဓစက်တော်ရာနှစ်ဆူ တည်ရှိရာသို့ သွားရာ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲအခမ်းအနားကို မတ် ၂၇ ရက်က အမ်း-မအီလမ်းပိုင်း မအီမြို့နယ် စနဲကျေးရွာ အဆိုပါ ခြေတော်ရာသွားလမ်း မုခ်ဦးရှေ့၌ ကျင်းပသည်။

အဆိုပါ ကွန်ကရစ်လမ်းကို မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ၏ ဦးဆောင်မှုဖြင့် နိုင်ငံအဝန်းမှစေတနာရှင် အလှူရှင်များ၏ လှူဒါန်းမှုများဖြင့် ဤသို့ အောင်မြင်စွာ ခင်းကျင်းဖွင့်လှစ်နိုင်ခြင်း ဖြစ်ကြောင်း သိရသည်။

ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို မြောက်ဦးဆရာတော် ဝနဝါသီ အရှင်ဝါယာမိန္ဒ၊ သံတွဲခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲထွန်းဇော်နှင့် မြို့မိမြို့ဖများက ဖဲကြိုးဖြတ်ဖွင့်လှစ်သည်။

အဆိုပါ ကွန်ကရစ်လမ်းကို ယခင်နှစ်နွေပိုင်းကာလက စတင်ခင်းကျင်းခဲ့ခြင်းဖြစ်ပြီး စနဲကျေးရွာမုခ်ဦးမှ ဗုဒ္ဓစက်တော်ရာအထိ လမ်းအရှည်မှာ ကိုးမိုင်၊ အကျယ် ၁၂ ပေ၊ အမြင့်ထု ကိုးလက်မဖြစ်ကြောင်း၊ လမ်းဖွင့်ပွဲကို စက်တော်ရာပွဲတော်နေ့ တပေါင်းလပြည့်နေ့တွင် ဖွင့်လှစ်နိုင်ခဲ့သော်လည်း ကွန်ကရစ်ခင်းရန် ငါးဖာလုံခန့် ကျန်ရှိနေသေး၍ စေတနာရှင်အလှူရှင်များ လိုအပ်နေသေးကြောင်း၊ ယခင်ကဆိုလျှင် ဗုဒ္ဓစက်တော်ရာ သွားလမ်းမှာ မတ်စောက်သော မြေသားလမ်း၊ ကျောက်ချောလမ်းများဖြင့် ဘုရားဖူးခရီးသည်နှင့် ယာဉ်များမှာ အသွားအလာ ခက်ခဲမှုများ အလွန် ရှိခဲ့ကြောင်း၊ မြောက်ဦး ဆရာတော်ကြီး၏ အမြော်အမြင်ကြီးမြတ်မှု၊ သဒ္ဓါတရားထက်သန်မှု၊ ခုနစ်ရက်သားသမီးတို့၏ လှူဒါန်းမှုတို့ကြောင့် အဆင်ပြေချောမွေ့သော ကွန်ကရစ်လမ်းသစ်ကို အနယ်နယ်အရပ်ရပ်မှ ဗုဒ္ဓစက်တော်ရာ ဘုရားဖူးပြည်သူများအနေဖြင့် ရာသီမရွေး စိတ်ချမ်းမြေ့စွာ သွားလာနိုင်တော့မည်ဖြစ်ကြောင်း မြို့မိမြို့ဖ တစ်ဦးက ပြောသည်။

မောင်မောင်ဌေး(ပြန်/ဆက်)



# ညောင်ဦးမြို့နယ်ရှိ သောက်သုံးရေခက်ခဲနေသည့် ဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၁၆၀၀ လှူဒါန်း

ညောင်ဦး မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် စဉ့်ကူတိုက်နယ် မုန်တိုင်ကျေးရွာဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်ဆရာတော်နှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အခက်အခဲကြုံတွေ့နေကြောင်း သိရ၍ မတ် ၂၉ ရက်က သောက်သုံးရေများ သွားရောက် လှူဒါန်းသည်။

စဉ့်ကူ နယ်မြေမီးသတ်စခန်းမှ တာဝန်ခံ မီးသတ်ဦးစီးမှူး တပ်ကြပ်ကြီး ရဲမြင့်နှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဘုန်းတော်ကြီးကျောင်းတွင် သောက်သုံးရေဖူလုံစေရေးအတွက် ဌာနပိုင်ရေသယ်ယာဉ်ဖြင့် ရေဂါလန် ၁၆၀၀ ကို ဘုန်းတော်ကြီးကျောင်းရှိ ရေလှောင်ကန်အတွင်း စနစ်တကျ ဖြည့်တင်း လှူဒါန်းပေးသည်။

လှူဒါန်းပေး

ညောင်ဦးမြို့နယ်တွင် ယခုနှစ် မိုးရွာသွန်းမှုအားနည်းခဲ့သည့်အတွက် အညာကျေးလက်ဒေသများတွင် သောက်သုံးရေရှားပါးမှု အခက်အခဲများ ကြုံတွေ့နေရပြီး နွေရာသီကာလ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ အခြေခံပညာစာသင်ကျောင်းများနှင့် ကျေးရွာနေပြည်သူများကို သောက်သုံးရေပြတ်လပ်မှု မဖြစ်စေရေး အတွက် ဌာနဆိုင်ရာများ၊ မီးသတ်ဦးစီးဌာနနှင့် လူမှုကူညီရေးအသင်းအဖွဲ့များက စဉ်ဆက်မပြတ် သွားရောက် လှူဒါန်းပေးနေကြောင်း သိရသည်။

ရဲဝင်းနိုင် (ညောင်ဦး)

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေး နှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

# စစ်ကိုင်းမြို့ သောတာပန်ရပ်ပျံကျဈေးတွင် ရောင်းချနေသည့် ဈေးသည်များအား စနစ်တကျ နေရာပြန်ချထားပေးမည်

စစ်ကိုင်း မတ် ၂၉

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတာပန်ရပ်ကွက်ရှိ သောတာပန်ပျံကျဈေးတွင် ရောင်းချနေသည့် ဈေးသည်များအား စနစ်တကျ နေရာပြန်ချထားပေးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ် စည်ပင်သာယာရေးကော်မတီမှ သိရသည်။

စစ်ကိုင်းတောင်ရိုးရှိ သောတာပန်ဈေး အတွင်းလမ်းနှင့် ပျံကျဈေး နေရာကို စနစ်တကျ သာယာလှပရေးအတွက် ကွန်ကရစ်လမ်းခင်းကျင်းလုပ်ငန်းကို မတ် ၂၃ ရက်မှ စတင် ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် ပြီးစီးခဲ့ပြီဖြစ်၍ ပျံကျဈေးနေရာအား ရောင်းချနေသည့် ဈေးသည်များကို စနစ်တကျ နေရာပြန်ချထားပေးမည်ဖြစ်ကြောင်း စစ်ကိုင်းမြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်က ပြောသည်။

"မူလက ပျံကျဈေးတစ်ဆိုင်ကို မြေနေရာအကျယ်အဝန်းလေးပေပတ်လည် ရှိတယ်။ အခုက လေးပေ ခြောက်ပေ နေရာချထားပေး လို့ရမလား။ လေးပေပတ်လည်ပဲ ပြန်ပြီးနေရာချထား ပေးလို့ရမလား။ ဒါလေးကို ညှိနှိုင်းနေတာ။ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ နေရာဘယ်လောက်ရနိုင်မလဲ လျာထားနိုင်းထားပါတယ်။ လျာထားလို့ လေးပေခြောက်ပေ ပေးနိုင်ရင် လေးပေခြောက်ပေ ပေးမယ်။ ညဈေးရောင်းလို့ရအောင်လည်း နှစ်ဖက်လှ လျှပ်စစ်မီးတိုင်ပါ စိုက်ထူမယ်။ ရောင်းချမယ့် ခုံလေးတွေလည်း စနစ်တကျရှိအောင် ဆင်တူလုပ်ပေးဖို့ စီစဉ်ထားပါတယ်"ဟု ၎င်းက ပြောသည်။

ပျံကျဈေးသည် ၄၀ ခန့်ရှိ

စစ်ကိုင်းမြို့ စစ်ကိုင်းတောင်ရိုး သောတာပန်ဈေးတွင် ဈေးဆိုင်ခန်း ပေါင်း ၂၀ ကျော်နှင့် ပျံကျဈေးသည် ၄၀ ခန့်ရှိပြီး စစ်ကိုင်းတောင်ရိုးတွင် မှီတင်းနေထိုင်သော ရဟန်းသံဃာ၊ သီလရှင် ဆရာကြီး၊ ဆရာလေးနှင့် လူပုဂ္ဂိုလ်များက အဆိုပါဈေးမှ အမှီကဝယ်ယူကြကြောင်း သိရသည်။

နိုင်ဇေယျ

# နိုင်ငံ့ဝန်ထမ်းများအား Social Bullying ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှု ပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social Bullying ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၃၅၀၂၅၁<br>၀၆၇-၃၅၀၂၅၂<br>၀၆၇-၃၅၀၂၅၃<br>၀၆၇-၃၅၀၂၅၄<br>၀၆၇-၃၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၄၃၁၅<br>၀၈၃-၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

## ကျောက်ပန်းတောင်းမြို့နယ်ထွက် အိန္ဒိယဒန့်သလွန်သီးများ ဈေးနှုန်းကျဆင်း

ကျောက်ပန်းတောင်း မတ် ၂၉

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် စိုက်ပျိုးထားသော အိန္ဒိယဒန့်သလွန်(PK1)မျိုးများ အောင်မြင်ဖြစ်ထွန်းပြီး အသီးသီးနှုန်း ကောင်းမွန်ကာ ရောင်းပန်းလှသော်လည်း ဈေးနှုန်းကျဆင်းနေကြောင်း ဒန့်သလွန်စိုက်ပျိုးတောင်သူ ဦးတင်ထွန်းအောင်ထံမှ သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် အိန္ဒိယဒန့်သလွန်စိုက်ပျိုးမှုကို စတင်စိုက်ပျိုးချိန်က မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် သံပြာချောင်းကျေးရွာမှ အိန္ဒိယဒန့်သလွန်စိုက်ပျိုး တောင်သူ ဦးမြသင်းထံမှ မျိုးစေ့ဝယ်ယူပျိုးထောင်စိုက်ပျိုးခဲ့ရာ စိုက်ပျိုးပြီး ၅စ်လအကြာတွင် ဒန့်သလွန်အဖူးအပွင့်များ စတင်ဖူးပွင့်လာပြီး အသီးစတင် သီးလာကြောင်း သိရသည်။ ဒန့်သလွန်စိုက်ပျိုးရန် စတင်ပျိုး(မျိုး)ထောင်ချိန်က အစေ့တစ်စေ့ချင်းကို တစ်အိတ်စီထည့်ကာ ပျိုးထောင်ရကြောင်း၊ ပျိုးစေ့ကို စပါးလုံးတစ်ထောက်စာသာထည့်ပျိုးထောင်ရပြီး သုံးလေးရက်ခန့်ရှိလျှင် အပင်ပေါက်လာကာ ပျိုးသက် ၁၈ ရက်ခန့်ရှိလျှင် စိုက်မည့် စိုက်ခင်းအတွင်းသို့ ရွှေ့ပြောင်းစိုက်ရကြောင်း သိရသည်။

အိန္ဒိယဒန့်သလွန်စိုက်မည့် စိုက်ခင်းအတွင်း ကိုးပေပတ်လည် ပန္နက်ရိုက်ပြီး တစ်ပင် စိုက်ပျိုးရန် တစ်ပေပတ်လည်ကျင်းတူးထားကာ သစ်ရွက်ဆွေး မြေဩဇာ သို့မဟုတ် နွားချေး နို့ဆီဘူး နှစ်ဘူးခန့်ထည့်ပြီး ရေနှပ်ထားရကြောင်း၊ မြေဆွေးနှပ်ပြီး ငါးရက်ခန့်ရှိလျှင် ဒန့်သလွန်ပင်ကို ရွှေ့ပြောင်းစိုက်ပျိုးရကြောင်း သိရသည်။ အိန္ဒိယဒန့်သလွန်စိုက်ပျိုးရာတွင် ရေပေးစိုက်ပျိုးရာ ရေအစက်ချစနစ်ဖြင့် စိုက်ပျိုးခြင်းက အပင် ပိုမိုဖြစ်ထွန်းမှုကောင်းကာ ဒန့်သလွန်ပင် တစ်ပေခွဲခန့်ရှိလျှင် ခေါင်ဖြတ်ပေးရကြောင်း၊ သို့မှသာ အပင်အထက်သို့ မျှော်မတက်ဘဲ အပင်ဝေဆာနေကြောင်း ဒန့်သလွန်စိုက်ပျိုးသူများက ရှင်းပြသည်။ ကိုဗစ်-၁၉ မဖြစ်ခင်ကာလက အိန္ဒိယဒန့်သလွန်သီးတစ်တောင့်လျှင် ငွေကျပ် ၂၀၀၊ ကိုဗစ်-၁၉ ရောဂါကာလတွင် ငွေကျပ် ၇၀ မှ ယခုအခါ ဒန့်သလွန်သီး တစ်တောင့်လျှင် ၂၅ ကျပ်သာ ဈေးရှိတော့ကြောင်း သိရသည်။ အိန္ဒိယဒန့်သလွန်သီး ဈေးနှုန်းကျဆင်းလာသော်လည်း ဒန့်သလွန်ပွဲစားများ လမ်းခရီးအခက်အခဲကြောင့် လာရောက်ဝယ်ယူမှု မရှိခြင်း၊ ကားတင်ပို့ရန် အခက်အခဲများကြောင့် ဒန့်သလွန်သီးများ ရောင်းချရမှုမရှိဘဲ ဒန့်သလွန်စိုက်ပျိုးတောင်သူများ အခက်အခဲနှင့် တွေ့ကြုံနေရကြောင်း၊ စိုက်ခင်းများအတွင်း အသီးများရင့်မှည့်ခြင်းများကလည်း ဆုံးရှုံးမှုဖြစ်စေကြောင်း ဒန့်သလွန်စိုက် တောင်သူများက ပြောသည်။

မောင်မောင်ထိန် (ကျောက်ပန်းတောင်း)

## ရှမ်းရွာသစ်မြို့တိုက်နယ်ဆေးရုံအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

ရှမ်းရွာသစ် မတ် ၂၉

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ တိုက်နယ်ဆေးရုံတွင် ဆေးရုံပတ်ဝန်းကျင်သန့်ရှင်း သာယာရေးအတွက် ယမန်နေ့က ရှမ်းရွာသစ်မြို့ ဌာနဆိုင်ရာဝန်ထမ်းများက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်သည်။

အဆိုပါသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ရာတွင် ရှမ်းရွာသစ်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းအောင်နှင့် ဝန်ထမ်းများ၊ နယ်မြေရဲစခန်းမှ စခန်းမှူး ရဲအုပ်မင်းအောင်ဇော်နှင့် တပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အခြေချနည်းဗျူဟာမှ တပ်မတော်သားများက ဆေးရုံဝင်းအတွင်းရှိ ချုံနွယ်များနှင့် သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ မီးရှို့ခြင်း စသည့်သန့်ရှင်းရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# ယခင်၊ ယခု၊ နောင်

**သိုက်စိုးထွန်း(နတ်ရွာ)**

ကိုယ့်ဘဝခရီးလမ်းကို လျှောက်လှမ်းရင်းနဲ့ တစ်ခါတစ်ခါကျတော့ ကိုယ်ဘာမှပြန်ပြင်လို့မရတော့တဲ့ အရာတွေအတွက် တွေးတော ပူပန်နေမိတတ်ပါတယ်။ ကိုယ်ပြုပြင်ဖန်တီးနိုင်တဲ့ လက်ရှိအခြေအနေတွေကိုတော့ မျက်ကွယ်ပြုလိုက်သလိုဖြစ်နေတတ်ပါတယ်။

**ကိုယ်ဘာလုပ်ပေးနိုင်မလဲ**

ဘယ်လိုအခြေအနေမျိုးမှာပဲဖြစ်ဖြစ် ကြုံတွေ့နေရတဲ့ပြဿနာတစ်ရပ်နဲ့ ပတ်သက်ပြီးတော့ ဒီပြဿနာပြေလည်သွားအောင်ကိုယ်ဘာလုပ်ပေးနိုင်မလဲ၊လက်ရှိအခြေအနေထက်ပိုကောင်းသွားအောင် ဘာလုပ်ပေးနိုင်မလဲ ဆိုတာတွေကိုပဲ စဉ်းစားသင့်ပါတယ်။ မလုပ်နိုင်တာတွေကို စဉ်းစားရတာက ကိုယ်ရောစိတ်ရော ပင်ပန်းလွန်းပါတယ်။ ဖြေရှင်းရမယ့်ကိစ္စ၊ ကျော်လွှားရမယ့်ကိစ္စတွေနဲ့ ပတ်သက်လာရင် ကိုယ်ဖြေရှင်းနိုင်တဲ့ ကိစ္စလား၊ ကိုယ်မဖြေရှင်းနိုင်တဲ့ကိစ္စလား ဆိုတာကို အရင်ဆုံးစိစစ်ကြည့်ရမှာပါ။

**အနာဂတ်မှာ ဖြေရှင်းရမယ့်ကိစ္စ**

ဖြေရှင်းနိုင်ခြင်း၊ မဖြေရှင်းနိုင်ခြင်း ဆိုတာကလည်း အချိန်ကာလတစ်ခုအပေါ် မူတည်ပြီးတော့ ပြောင်းလဲသွားတတ်ပါသေးတယ်။ စွမ်းဆောင်ရည်တွေဟာ အချိန်နဲ့အမျှ ပြောင်းလဲနေတတ်ပါတယ်။ တစ်နှစ်သား ကလေးတစ်ယောက်က သူ့ကိုယ်သူ မတ်တပ်ရပ်နိုင်ဖို့မှ အနိုင်နိုင်ဖြစ်ပေမယ့် နှစ်နှစ်၊ သုံးနှစ်ကျတော့ လွှားခနဲလွှားခနဲပြေးနိုင်နေပြီ။ မတ်တပ်ရပ်ဖို့လောက်ကိုတော့ စာမဖွဲ့တော့ပါဘူး။ ဒီလိုပါပဲ၊ အခု မဖြေရှင်းနိုင်သေးပေမယ့် နောင်အနာဂတ်မှာ ဖြေရှင်းနိုင်မယ့်အရာမျိုးတွေ အများကြီး ရှိနေပါလိမ့်မယ်။ ဒီအနာဂတ်ဟာ တစ်ချိန်မှာ ကိုယ့်ရှေ့မှောက်ကို မလွဲမသွေ ရောက်ရှိလာမှာပါပဲ။ ရောက်လာမယ့် အချိန်မှာ အဆင်သင့်ဖြစ်နေဖို့အတွက် ကိုယ့်ဘက်က ဘာတွေ ကြိုတင်ပြင်ဆင်ထားဖို့လိုမလဲဆိုတာတွေကို စဉ်းစားပြီး ပြင်ဆင်သင့်တာ ပြင်ဆင်ထားဖို့တော့ လိုပါလိမ့်မယ်။

အကောင်းဆုံးအခြေအနေအဖြစ် ဖြစ်လာအောင် ဘယ်လို ဖန်တီးတည်ဆောက်ယူရမလဲဆိုတဲ့ ချဉ်းကပ်တွေးတောမှုမျိုးနဲ့သာ ဖြေရှင်းသင့်ပါတယ်။ ကိုယ်စွမ်းနိုင်သလောက် ရှေ့ဆက်ကြရုံ ရှိတာပါပဲ။ ကိုယ်ရှင်သန်ရာ ဘဝခရီးတစ်လျှောက်မှာ ကိုယ့်ရဲ့ ဖြစ်တည်မှုပြီးတဲ့နောက် ဘာတွေကျန်ခဲ့မလဲ၊ ဘာတွေ ချန်ထားခဲ့နိုင်မလဲ ဆိုတာတွေကိုပဲ စဉ်းစားရမှာပါ။

**လုပ်နိုင်တဲ့အရာ မလုပ်နိုင်တဲ့အရာ**

ဒီနေရာမှာ ဘယ်အရာက ကိုယ်မလုပ်နိုင်တဲ့ အရာလဲ၊ ဘယ်အရာက ကိုယ်လုပ်နိုင်တဲ့အရာလဲ ဆိုတာကိုတော့ ကွဲကွဲပြားပြား သိထားဖို့လိုမှာပါ။

သေသေချာချာ ကွဲကွဲပြားပြား သိပြီဆိုပါတော့။ ဒါဆိုရင် မလုပ်နိုင်တဲ့အရာတွေအတွက်က ဘယ်လို အရင်းအမြစ်တွေ လိုအပ်နေသလဲ၊ ဘယ်လိုအတားအဆီးတွေ ခံနေလို့လဲဆိုတာကို ကြည့်ရပါဦးမယ်။ လိုအပ်တဲ့ အရင်းအမြစ်တွေကို ကြိုးစားရှာဖွေရင် ရနိုင်သလား၊ ရှိနေတဲ့ အတားအဆီးတွေကိုရော ကြိုးစားဖယ်ရှားရင် ရနိုင်သလား။ ရနိုင်တယ်ဆိုရင်တော့ ဆက်ကြိုးစားရုံပေါ့။ ကြိုးစားရင်း ကြိုးစားရင်းနဲ့ မစွမ်းဆောင်နိုင်တဲ့ အခြေအနေကနေ စွမ်းဆောင်နိုင်တဲ့ အခြေအနေတစ်ရပ်အဖြစ် ပြောင်းလဲသွားနိုင်ပါသေးတယ်။ ဒီလိုမဟုတ်ဘဲ ဘယ်လိုမှကို ကြိုးစားအားထုတ်လို့ မဖြစ်နိုင်သေးဘူး၊ မအောင်မြင်နိုင်သေးဘူးဆိုရင်တော့ အဲဒီကိစ္စကို အချိန်အတိုင်းအတာတစ်ရပ်အထိ လုံးဝ လျစ်လျူရှုထားလိုက်တာ ကောင်းပါတယ်။ ကိုယ့်မှာတခြား လုပ်စရာတွေ အများကြီးကျန်နေသေးတာကို သတိမူသင့်တယ်လေ။

တကယ်ဆို ကိုယ်လုပ်နိုင်တာတွေ အများကြီး။ အဲဒီ အများကြီးထဲကမှ ကိုယ့်စိတ်တိုင်းကျ ဆောင်ရွက်နိုင်လောက်မယ်လို့ ထင်မြင်ယူဆတဲ့ အရာ၊ ကိုယ်သေချာပေါက် စွမ်းဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်တဲ့အရာကို ရွေးပြီးတော့ အကောင်းဆုံး၊ အပြောင်မြောက်ဆုံး ဖြစ်ရပ်ကလေးတွေ ဖန်တီးပေးခဲ့ရမှာဖြစ်ပါတယ်။

**လမ်းမှန်ကိုပြပေးဖို့လို**

တချို့ပြဿနာတွေက လမ်းမှန်ကို ပြပေးလိုက်ရုံနဲ့ တော်တော်အဆင်ပြေသွားတတ်ပါတယ်။ လမ်းကြောင်းမှားပြီး ကိုယ့်ဆီချဉ်းကပ်လာတဲ့သူကို ဟိုတစ်ဖက်ကိုသွားပါ၊ ဒီဘက်မှာတော့ သူလိုချင်နေတဲ့အကူအညီမျိုး ရနိုင်မှာမဟုတ်ဘူးဆိုတာကို ရှင်းအောင် ပြောပြလိုက်နိုင်ရမှာပါ။

ကိုယ်ဟာ အရာရာကို စွမ်းဆောင်နိုင်သူ တစ်ယောက် မဟုတ်ဘူးဆိုတာကို သိပြီးတော့ မလုပ်နိုင်တဲ့ဟာတွေကို ရိုးရိုးသားသားနဲ့ စွန့်လွှတ်ထားခဲ့လိုက်ရုံပါပဲ။ ကိုယ့်အတွက် လုပ်စရာ ရှိတာလုပ်၊ အများအတွက်လည်း လုပ်နိုင်သလောက်လုပ်။ ဒါပါပဲ။ ဘဝကို ရိုးရိုးရှင်းရှင်းကလေး ဖြတ်သန်းကြရုံရှိတာပါပဲ။ ဘာမှ ထွေထွေထူးထူး မလိုပါဘူး။ လုပ်နိုင်တာလေး လုပ်နေရုံပဲ။ ဒီထက်ပိုပြီးတော့လည်း မလိုအပ်ပါဘူး။

တစ်ခါတစ်ခါကျတော့လည်း အများအတွက်၊ အများအတွက်ဆိုပြီး အများခေါင်းစဉ်ကြီးတပ်ပြီး အလုပ်လုပ်နေမှ မဟုတ်ပါဘူး။ ကိုယ့်အလုပ်ကို လုပ်နေရင်းကလည်း အများကို အကျိုးပြုပြီးသားဖြစ်နေပါတယ်။ ကြီးပွားချင်တဲ့သူတစ်ယောက်က သူ့စီးပွား သူရှာတယ်၊ စက်ရုံ အလုပ်ရုံကြီးတွေ တည်ထောင်တယ်၊ ပတ်ဝန်းကျင်ကလူတွေကို စည်းနဲ့ စနစ်နဲ့ အလုပ်တွေပေးပြီး သူနဲ့သင့်ရာသင့်ရာ လုပ်အားခတွေ ပေးနေမယ်ဆိုရင်လည်း သူ့ပတ်ဝန်းကျင်ကလူတွေ အသက်မွေးဝမ်းကျောင်း အဆင်ပြေအောင် အလုပ်အကိုင်အခွင့်အလမ်းတွေ ဖန်တီးပေးရာ ရောက်နေပါတယ်။ တစ်နည်းအားဖြင့် သူဟာ သူ့ပတ်ဝန်းကျင်ကို၊ သူ့ဘေးနားက သူ့လောကလေးကို အကျိုးပြုနေပါတယ်။ သူ့အလုပ်သူလုပ်နေရင်းက အများကောင်းကျိုးကို သယ်ပိုးပြီးသားဖြစ်နေတယ်။

**ဦးတည်ရာလမ်းကြောင်း**

အရေးကြီးတာကတော့ ကိုယ်ဘာလဲဆိုတာကို သိရမယ်။ ကိုယ့်ရည်ရွယ်ချက်က ဘာလဲဆိုတာကို သိရမယ်။ ကိုယ် ဘာတွေလုပ်နေမိသလဲဆိုတာကို သတိထားရမယ်။ ကိုယ်လုပ်နေတဲ့ အရာတွေနဲ့ ကိုယ်ရည်ရွယ်ထားတဲ့ ဦးတည်ရာလမ်းကြောင်းနဲ့ ကိုက်မကိုက်ကိုလည်း ချိန်ညှိတတ်ရမယ်။ ဒါမှသာ လိုရာခရီးကို ရောက်မှာဖြစ်ပါတယ်။

ကိုယ်ဘာလဲဆိုတာကို သိရင်ကိုပဲ တော်တော်ခရီးရောက်နေပါပြီ။ ကိုယ့်ရည်ရွယ်ချက်ကို သိရင်တော့ နောက်တစ်ဆင့် တက်သွားပါပြီ။ ဒါကလည်း ခက်တော့ အခက်သား။ တစ်ခါတစ်ခါကျတော့ ရည်ရွယ်ချက်ဆိုတာမျိုးက ပါးစပ်ကပြောလိုက်တာတို့၊ စာနဲ့ရေးလိုက်တာတို့ ဖြစ်ချင်ဖြစ်နိုင်ပေမယ့် ဒါက တကယ့်ရည်ရွယ်ချက် အစစ်အမှန် ဟုတ်ရဲ့လားဆိုတဲ့ အပိုင်းကလည်း ရှိသေးတယ်။ အချိန်ကာလအားလျော်စွာ ဦးတည်ချက်ပြောင်းရ ပြင်ရတာမျိုးရော မဖြစ်နိုင်ဘူးလားဆိုတာလည်း စဉ်းစားစရာ ရှိလာပြန်တယ်။ တစ်ခါတစ်ခါမှာ "လှေနံဓားထစ်" ထစ်လို့မရတာတွေက တစ်ပုံကြီး မဟုတ်လား။

**ရည်ရွယ်ချက်နဲ့လုပ်ရပ် ကိုက်ညီမှု**

ကိုယ့်ရည်ရွယ်ချက်ကို သိပြီဆိုရင်လည်း လက်ရှိကိုယ်လုပ်နေတဲ့လုပ်ရပ်တွေနဲ့ ကိုယ့်ရည်ရွယ်ချက်နဲ့ ကိုက်မကိုက်တော့ သေသေချာချာ ပြန်ညှိရမှာပါ။ လက်ထဲမှာရေဒီယိုရှိနေတာချင်းအတူတူ သူ့လိုင်းနဲ့သူ ကိုက်အောင် ချိန်မဖမ်းနိုင်ရင်တော့ ကိုယ်မကြားချင်တဲ့လိုင်းတွေက ထုတ်လွှင့်နေတဲ့အသံတွေကို နားသောတဆင်နေရဦးမှာပါပဲ။ အဓိကကတော့ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက် ကိုက်အောင် ညှိဖို့လိုတဲ့အကြောင်းသာ ဆိုလိုရင်းပါ။

ကိုယ်ဘယ်အတိုင်းအတာအထိ စွမ်းဆောင်နိုင်မှုရယ်လို့ မဟုတ်ပါဘူး။ အလှမ်းကွာဟနေတဲ့ ပန်းတိုင်ကြီးကို လက်ဆုပ်လက်ကိုင်ပြခဲ့နိုင်မှုရယ်လို့ မဟုတ်ပါဘူး။ အဓိကကတော့ ကိုယ့်ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီးတော့ ကိုယ်မကြိုးစားမီမှာ ဘယ်အခြေအနေ ရှိခဲ့သလဲ၊ ကိုယ်ကြိုးစားပြီးချိန်မှာ ဘယ်အရွေ့အထိ ရွေ့ခဲ့ပြီလဲ။ ဒါကိုပဲ သုံးသပ်ရမှာပါ။ ရွေ့နေတယ်ဆိုရင်ကိုပဲ ကျေနပ်စရာကြီးပါ။ လမ်းဆုံးတဲ့အထိလျှောက်ပြီးမှ မဟုတ်ပါဘူး။ ခရီးတစ်ဝက် ကျိုးခဲ့တယ်ဆိုရင်ကိုပဲ တော်လှပါပြီ။ အရောက်လှမ်းနိုင်ရင်တော့ အတိုင်းထက်အလွန်ပေါ့လေ။

ယခင်အခြေအနေ၊ ယခုအခြေအနေ၊ နောင်ဖြစ်လာနိုင်မယ့် အခြေအနေတွေ၊ ဒီသုံးခုကိုတော့ အမြဲ ချိန်ထိုးသုံးသပ်နေရမှာပါ။ ဒီသုံးခုကို ကောင်းကောင်း မသုံးသပ်နိုင်ရင်တော့ ကိုယ်လိုချင်တာနဲ့ ကိုယ်လုပ်နေတာနဲ့ အံမဝင် ခွင်မကျဖြစ်ပြီး ကမောက်ကမတွေ ဖြစ်ကုန်နိုင်ပါတယ်။ ဒါကို သတိထားရမှာပါ။ ဒါအရေးကြီးပါတယ်။

**ယခင်၊ ယခု၊ နောင်**

ကိုယ့်ဘဝနဲ့ ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ်၊ ကိုယ့်အဖွဲ့အစည်းနဲ့၊ ကိုယ့်အလုပ်နဲ့ ပတ်သက်ပြီးတော့ပဲဖြစ်ဖြစ် အရင်က ဘာတွေဖြစ်ခဲ့သလဲ၊ ဘယ်လို အားနည်းချက်တွေ ရှိခဲ့သလဲ၊ ဘယ်လို အားသာချက်တွေ ရှိခဲ့သလဲ။ ယခုလက်ရှိ ပစ္စုပ္ပန်မှာရော ကိုယ်ဘာတွေလုပ်နေသလဲ၊ ကိုယ့်အဖွဲ့အစည်းက လူတွေ ဘာတွေလုပ်နေသလဲ၊ ရည်ရွယ်ချက်နဲ့ လုပ်ဆောင်ချက် ကိုက်ညီမှုရှိကြရဲ့လား။ ပြဒါးတစ်လမ်း သံတစ်လမ်း ဖြစ်နေပြီလား၊ ဒါမှမဟုတ် အံဝင်ခွင်ကျဖြစ်နေပြီလား။ စာမေးပွဲမှာ အမှတ်ကောင်းကောင်းနဲ့ အောင်ချင်တယ်ဆိုပြီး စာတစ်ပုဒ်မှ မဖတ်ဘဲ နေခဲ့မိပြီလား။ နောင်ရော ဖတ်ဖို့ အစီအစဉ်ရှိသေးရဲ့လား။

ဘယ်သူမဆို၊ ဘယ်အဖွဲ့အစည်းမဆို "ယခင်၊ ယခု၊ နောင်"၊ "ယခင်၊ ယခု၊ နောင်" ဒီစကားလုံးလေးသုံးလုံးကိုတော့ အမြဲ နှလုံးသွင်းနေမှ အဆင်ပြေမှာပါ။ အတိတ်ကိုတော့ ပြန်ပြင်လို့မရတော့ဘူး။ ပြန်ပြန်လို့မရနိုင်တာတွေအတွက် ထိုင်ပြီး ပူဆွေးသောကရောက်နေလည်း မောရုံပဲရှိမှာပါ။ အတိတ်ကို ကိုယ်မပိုင်တော့ဘူး။ ကိုယ်ပိုင်တာက ပစ္စုပ္ပန်နဲ့ အနာဂတ်ပါပဲ။ မပိုင်တော့ပေမယ့် မေ့လိုက်လို့တော့ မရဘူးပေါ့။ သူ့ဆီကနေ သင်ခန်းစာယူစရာ၊ အပြန်ပြန်အလှန်လှန် ပြန်လည်သုံးသပ်စရာတွေ အများကြီးရှိနေမှာပါ။ အောင်မြင်ခဲ့တာတွေ ရှိမှာပေါ့၊ ဆုံးရှုံးခဲ့တာတွေလည်း ရှိမှာပေါ့။ ဘာပဲ ဖြစ်ခဲ့ဖြစ်ခဲ့၊ ပြန်ပြင်ဖို့တော့ မဖြစ်နိုင်တော့ဘူးပေါ့လေ။ အနာဂတ်ကိုတော့ ကိုယ်ပိုင်တယ်။ အနာဂတ်ကို လင်းလက်စေမလား၊ မှောင်မိုက်စေမလားဆိုတာ ပစ္စုပ္ပန်လုပ်ရပ်တွေအပေါ် မူတည်နေမှာပါ။ ယခင်သမိုင်းကို နားလည်မှ ယခု ဘာတွေလုပ်ရမလဲ ဆိုတာကို ဆုံးဖြတ်နိုင်ပြီး နောင်ဘာတွေဖြစ်လာနိုင်မလဲဆိုတာကို ခန့်မှန်းနိုင်မှာပါ။ ယခင်အကြောင်းကောင်းကောင်းမသိရင် ယခုနဲ့ နောင်အတွက် ဆောင်ရွက်စရာတွေကိုလည်း ဝေဝေဝါးဝါးသာ သိမြင်နိုင်တော့မှာပါ။

"ယခင်၊ ယခု၊ နောင်"။ စကားလေးသုံးခွန်း ဆိုပေမယ့် သုံးတတ်ရင်တော့ တကယ်ကို အကျိုးများစေနိုင်ပါတယ်။ ။

**"ကိုယ်ဘယ်အတိုင်းအတာအထိ စွမ်းဆောင်နိုင်မှုရယ်လို့ မဟုတ်ပါဘူး။ အလှမ်းကွာဟနေတဲ့ ပန်းတိုင်ကြီးကို လက်ဆုပ်လက်ကိုင် ပြခဲ့နိုင်မှုရယ်လို့ မဟုတ်ပါဘူး။ အဓိကကတော့ ကိုယ့်ရည်ရွယ်ချက်နဲ့ ပတ်သက်ပြီးတော့ ကိုယ်မကြိုးစားမီမှာ ဘယ်အခြေအနေ ရှိခဲ့သလဲ၊ ကိုယ်ကြိုးစားပြီးချိန်မှာ ဘယ်အရွေ့အထိ ရွေ့ခဲ့ပြီလဲ။ ဒါကိုပဲ သုံးသပ်ရမှာပါ။"**

# ဆူပူအကြမ်းဖက်မှုများဆောင်ရွက်ရာတွင်အသုံးပြုသည့် လက်နက်များနှင့် ဆက်စပ်ပစ္စည်းများ ထပ်မံဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၉

ဆူပူအကြမ်းဖက်သူများ အသုံးပြုလျက်ရှိသည့် လက်နက်များနှင့် ပစ္စည်းများ သိုဝှက်ထားမှုနှင့် ကိုင်ဆောင်မှုများကို လုံခြုံရေးတပ်ဖွဲ့ဝင်များ စစ်ဆေးရှာဖွေ သတင်းဖော်ထုတ်ဖမ်းဆီးထိန်းသိမ်းခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၂၈ ရက်တွင် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၂၀) ကချင်ကုန်းရှိ ဒေါ်ကျုန်းလောင်(ခ)ဦးခေါ်ကျုန်းအား နေအိမ်ခြံဝင်းအတွင်း၌ လက်လုပ်သေနတ်တစ်လက်၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ တောင်ကြီးမြို့ အနောက်မြို့ပတ်လမ်း ညောင်ဖြူစခန်းရပ်ကွက် မြင့်မိုရ်လမ်း၌ ဆူပူအကြမ်းဖက်သူ ၁၅၀ ခန့်က အတားအဆီးများပြုလုပ်ပြီး လက်လုပ်ဗုံးများ၊ လေးခွများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ ဒဏ်ရာရသူ ငါးဦးအပါအဝင် အမျိုးသား ၁၅ ဦးကို လက်လုပ်မိုင်း ၁၁ လုံး၊ လျှော့တိုက်ဗုံး ၁ လုံး၊ မီးစာတပ်ဓာတ်ဆီပုလင်း ၅၅ လုံး၊ အခြားဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ကျိုက်ထိုမြို့ ဖက္ကလိပ်ကျေးရွာ သုံးအိမ်စုပိုင်းရှိ ဦးသောင်းညွန့်နေအိမ်၌ ၎င်းနှင့်အတူ စောနိုင်(ခ) ဦးကျော်ဌေး၊ စောချစ်ပိုင်(ခ)ဦးစိန်မင်းတင် တို့အား ဂျင်ကလိ အချောင်း ၇၀၊ အခြားဆက်စပ်ပစ္စည်းများနှင့်လည်းကောင်း၊ ကလေးမြို့ တာဟန်းရပ်ကွက် တာဟန်းမီးပွိုင့်အနီး၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက အတားအဆီးများ ဖယ်ရှားရှင်းလင်းစဉ် ဆူပူအကြမ်းဖက်သူ ၁၅၀ ခန့်က လေးခွ၊ ဂျင်ကလိ၊ ခဲ၊ ဓာတ်ဆီပုလင်း၊ တူမီးသေနတ်တို့ဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ ၎င်းတို့အနက်မှ အမျိုးသားငါးဦးကို လက်လုပ်မိုင်းတစ်လုံး ဂျင်ကလိတစ်ချောင်းတို့ဖြင့်လည်းကောင်း၊ တာဟန်းရပ်ကွက် ဒိုင်းပိုင်းချောင်းလမ်းဆုံ၌ ဆူပူအကြမ်းဖက်သူ ၂၀၀ ခန့်က တာယာကွင်းများမီးရှို့ အတားအဆီးပြုလုပ်ပြီး တူမီးသေနတ်၊ လက်လုပ်သေနတ်၊ တုတ်၊ ဂျင်ကလိ၊ ခဲများဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်ပြုတိုက်ခိုက်လာသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ အဆိုပါနေရာ၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်လေးလက်၊ လက်လုပ်မိုင်း ၁၄ လုံး၊ ယမ်းတောင့်၁၉တောင့်နှင့် အခြားဆက်စပ်ပစ္စည်းများ



တောင်ကြီးမြို့နယ်၌ ဆူပူအကြမ်းဖက်ဆန္ဒပြသူများထံမှ သိမ်းဆည်းရမိသည့် ပစ္စည်းများ။



ကျိုက်ထိုမြို့နယ်၌ ဆူပူအကြမ်းဖက်ရာတွင်အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိသူများအား တွေ့ရစဉ်။

ကိုလည်းကောင်း၊ ရေကြည်မြို့ ကွာလေးကျေးရွာအုပ်စု ကုလားကုန်းကျေးရွာနေ ကျော်ကျော်(ခ)ဦးအောင်သိန်းကို ၎င်းနေအိမ်၌ လက်လုပ်သေနတ် နှစ်လက်၊ ဒူးလေးတစ်လက်နှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

အလားတူ ယနေ့တွင် ဟားခါးမြို့ ဈေးသစ်ရပ်ကွက် ချယ်ရီလမ်း၌ ဆူပူအကြမ်းဖက်သူ ၂၀ ခန့်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် အကြိမ်ကြိမ်သတိပေးခဲ့ရာ လူစုခွဲခြင်းမရှိသဖြင့် အဓိကရုဏ်းနှိမ်နင်းရေးလက်နက်ဖြင့် ခြောက်လှန့်ပစ်ခတ်ခဲ့ရာ လူစုကွဲသွားပြီး ၎င်းတို့အနက်မှ အမျိုးသားလေးဦးနှင့် အမျိုးသမီးတစ်ဦးတို့အား လက်လုပ်မိုင်းသုံးလုံး၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း၊ ပြင်ဦးလွင်မြို့အဝင် မန္တလေး- လားရှိုးလမ်းနှင့် ပြင်ဦးလွင်မြို့ရှောင်လမ်းဆုံရာ Mobile X-Ray ရိုက်စက်နေရာ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များက ယာဉ်ဝင်/ ထွက်မှုများစစ်ဆေးစဉ် ဖင်မျိုးထွန်း (ခ) ဦးစိန်ထွန်း မောင်းနှင်လာသည့် မော်တော်ယာဉ်အမှတ်၊ MDY 8 D/ -------၊ စူပါကာစတန် အမျိုးအစားမော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်နောက်ဖုံးအတွင်းရှိ ပီနံအိတ်အတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများနှင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး(၁၇) နွယ်နင်းသုသာန်အနီး ရေထိန်းဂနိုင်တောအတွင်း၌ လက်လုပ်သေနတ်မျိုးစုံ လေးလက်၊ အခြားဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ ကျောက်ပန်းတောင်းမြို့ စံပြရပ်ကွက် စိတ္တသုခလမ်းနေ သိန်းဌေးဝင်း(ခ) သိန်းဌေးမြင့်(ခ)ဦးမာခင်အား မီးစာတပ်ထားသည့် ဓာတ်ဆီ ပုလင်းငါးလုံး၊ လှံတစ်ချောင်း၊ ခက်ရင်းခွတစ်ချောင်း၊ ဓားနှစ်ချောင်း၊ အခြားဆက်စပ်ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးထိန်းသိမ်းရမိခဲ့သည်။

ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးထိန်းသိမ်းရမိသူများကို ဥပဒေအရထိရောက်စွာ အရေးယူနိုင်ရန် အမှုဖွင့်လှစ် ဆောင်ရွက်လျက်ရှိကြောင်းနှင့် စစ်ဆေးရှာဖွေသတင်းဖော်ထုတ်မှုများကို ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မိုးမောက်မြို့နယ်အတွင်း၌ ကေအိုင်အေအဖွဲ့က နိုင်ငံ့ဝန်ထမ်းများနှင့် မိသားစုဝင်များ စီးနင်းလာသည့် မော်တော်ယာဉ်ကို ရီမုမိုင်းဖြင့် ဖောက်ခွဲ၊ လက်နက်ငယ်များဖြင့်ပစ်ခတ်မှုများကြောင့် အသက် ခုနစ်နှစ်အရွယ်ကလေးငယ်အပါအဝင် သုံးဦး သေဆုံး

နေပြည်တော် မတ် ၂၉

ကချင်ပြည်နယ် မိုးမောက်မြို့မှ တာပိန်ရေအားလျှပ်စစ်စက်ရုံသို့ ထွက်ခွာလာသည့် မော်တော်ယာဉ်ကို မတ် ၂၆ ရက်တွင် KIA အဖွဲ့က လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ပစ်ခတ်ခဲ့သဖြင့် ခုနစ်နှစ်အရွယ်ကလေးငယ်တစ်ဦးအပါအဝင် သုံးဦးသေဆုံးခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ကချင်ပြည်နယ် မိုးမောက်မြို့နယ် တာပိန်ရေအားလျှပ်စစ်စက်ရုံမှ မြန်မာအင်ဂျင်နီယာတာဝန်ခံ ဦးဝင်းထွန်းနိုင်(ဒုတိယညွှန်ကြားရေးမှူး)သည် စက်ရုံသို့ အလည်အပတ်လိုက်ပါလာသည့် ဦးသန့်ဇင် မြန်မာ့သစ်လုပ်ငန်း (မိုးမောက်မြို့နယ် ပြည်တွင်းထုတ်မန်နေဂျာ)နှင့် ၎င်း၏ မိသားစုဝင်များဖြစ်ကြသည့် ဇနီးဖြစ်သူ ဒေါ်ရွှေဇင်ထွေး၊ သမီးဖြစ်သူ မဒိုးပွင့်ဖြူစင်သန့် အသက်(၁၈)နှစ်၊ မလင်းလက်ကြည်စင်သန့် အသက်(၉)နှစ်၊ သားဖြစ်သူ မောင်ဘုန်းပြည့်သန့် အသက်(၇)နှစ်တို့နှင့်အတူ မိုးမောက်မြို့မှ ပရိုဘောက်အမျိုးအစား မော်တော်ယာဉ်ဖြင့် မတ် ၂၆ ရက် ညနေ ၄ နာရီခန့်တွင် ထွက်ခွာလာခဲ့ကြောင်း၊ ထိုသို့ထွက်ခွာလာစဉ် ၎င်းတို့စီးနင်းလာသည့် မော်တော်ယာဉ်မှာ ညနေ ၅ နာရီ ၁၅ မိနစ်ခန့်အထိ ရောက်ရှိမှုမရှိသေးသဖြင့် မြန်မာအင်ဂျင်နီယာအဖွဲ့မှ ဆိုင်ကယ်သုံးစီးဖြင့် လိုက်လံရှာဖွေခဲ့ရာ မိုးမောက်မြို့၏ အရှေ့မြောက်ဘက် ၁၃ မိုင်ခန့်အကွာတွင် ဦးသန့်ဇင်၊ ဒေါ်ရွှေဇင်ထွေး၊ မလင်းလက်ကြယ်စင်သန့် နှင့် မောင်ဘုန်းပြည့်သန့်တို့ ၄ ဦးအားတွေ့ရှိရပြီး စက်ရုံသို့ခေါ်ဆောင်လာခဲ့ရာ မောင်ဘုန်းပြည့်သန့်တွင် ကားမှန်စများ ဝမ်းဗိုက်နှင့် လက်တို့တွင် စိုက်မှန်ဒဏ်ရာများဖြင့်



မိုင်းခွဲ၊ ပစ်ခတ်တိုက်ခိုက်ခံခဲ့ရသည့် မော်တော်ယာဉ်ကို တွေ့ရစဉ်။

ည ၇ နာရီ ၄၅ မိနစ်ခန့်တွင် သေဆုံးခဲ့ကြောင်း။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး ဦးသန့်ဇင်အား မေးမြန်းခဲ့ရာ ၎င်းတို့စီးနင်းမောင်းနှင်လာသည့် မော်တော်ယာဉ်သည် မိုးမောက်မြို့၏ အရှေ့မြောက်ဘက် ၁၂ မိုင်ခန့် အကွာသို့အရောက်၌ KIA အဖွဲ့မှ ၎င်းတို့မောင်းနှင်လာသော မော်တော်ယာဉ်အား လက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီး ဦးဝင်းထွန်းနိုင်မှ မော်တော်ယာဉ်ပေါ်မှဆင်း၍ "ကျွန်တော်တို့ ဝန်ထမ်းတွေပါ" ဟုပြောသော်လည်း ဆက်လက်ပစ်ခတ်ခဲ့သဖြင့် ကားပေါ်မှဆင်း၍ ထွက်ပြေးခဲ့ရာ လူစုကွဲ၍ ဦးဝင်းထွန်းနိုင်နှင့် မဒိုးပွင့်ဖြူစင်သန့်တို့နှစ်ဦး ပျောက်ဆုံးလျက်ရှိကြောင်း။

အဆိုပါနေရာတစ်ဝိုက်ကို မတ် ၂၇ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှင်းလင်း ဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၂ နာရီခွဲခန့်တွင် ဖြစ်စဉ်ဖြစ်ပွားရာ နေရာသို့အရောက်၌ မော်တော်ယာဉ်အနီးတွင် ဦးဝင်းထွန်းနိုင်သည် ဝဲဘက်ညှပ်ရိုးမှ ယာဘက်လက်ပြင်ရိုးအထိ ပေါက်ထွက်ဒဏ်ရာနှင့် ဝဲတင်ပါးအောက် မိုင်းစထိမှန်ဒဏ်ရာဖြင့်လည်းကောင်း၊ မော်တော်ယာဉ်၏ အရှေ့ ပေ ၂၀ ခန့်အကွာတွင် မဒိုးပွင့်ဖြူစင်သန့်သည် နောက်စေ့မှ နဖူးဖောက်ထွက်ဒဏ်ရာဖြင့်လည်းကောင်း သေဆုံးနေသည်ကို တွေ့ရှိခဲ့ကြောင်း။

ဆက်လက်၍ စစ်ဆေးရှာဖွေမှုများပြုလုပ်ရာ ၎င်းတို့စီးနင်းလိုက်ပါလာသည့် မော်တော်ယာဉ်တွင် လက်နက်ငယ်ကျည်ထိမှန် ၁၀ ချက်ခန့်၊ မိုင်းစထိမှန် ၁၂ ချက်ခန့်၊ ရှေ့လေကာမှန်ကျည်ထိမှန် သုံးချက်၊ မော်တော်ယာဉ်၏ ရှေ့ လေးပေခန့်အကွာတွင် ရီမုမိုင်းဖောက်ခွဲထားရှိသည့် အနက် ခြောက်ပေခန့်ရှိ ကျင်းနှစ်ကျင်း၊ ရီမုမိုင်းထောင်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုတွေ့ရှိခဲ့ပြီး အဆိုပါနေရာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ကျွန်တော့်အမြင်ပြောရရင် CDM လှုပ်ရှားမှုကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်ပြီး ကုန်သွယ်စီးဆင်းမှုလည်း မကောင်း၊ စီးပွားရေး၊ ပညာရေးနဲ့ ကျန်းမာရေးကအစ ဘက်ပေါင်းစုံ ဆုတ်ယုတ်ရပါတယ်

**ကိုမင်းထွန်း**

## —— အင်တာဗျူး – ကောင်းကင်မေ ——

ဒီမိုကရေစီလမ်းစဉ်ကို ဆန့်ကျင်နေပြီး အဖျက်အမှောင့် လုပ်ရပ်များကိုသာ ဦးတည်နေသည့် CDM လှုပ်ရှားမှုသည် တိုင်းပြည်အေးချမ်းတည်ငြိမ်မှုကို မလိုလားသောလူတချို့က နိုင်ငံရေးအမြတ်ထုတ်ကာ နိုင်ငံ့ဝန်ထမ်းများအား မက်လုံးပေး သွေးထိုးပေးနေခြင်းဖြစ်သည်။ ယင်းလုပ်ရပ်များကြောင့် နိုင်ငံတစ်ဝန်း အလုပ်လက်မဲ့နှုန်း ပိုမိုများလာသည်။ ယခုအခါ CDM လှုပ်ရှားမှုကို အကြောင်းပြုကာ အဖျက်အမှောင့်များအပြင် ဝန်ထမ်းထုများအကြား ဖြစ်ပေါ်ကြုံတွေ့နေမှုများအား ပြန်လည်မျှဝေ ရေးသားဖော်ပြလိုက်ပါသည်။

**CDM လှုပ်ရှားမှုရယ်လို့ အဓိကအားပေးလှုံ့ဆော်နေတာလည်း အလုပ်မရှိသေးတဲ့ လူငယ်တွေနဲ့ မှိုခိုတွေ များကြပါတယ်။ ရပ်ကွက်ထဲမှာလည်း ရုံးသွားရင် သူတို့ကိုပဲ ရှောင်နေရတာ။ သူတို့နဲ့တွေ့ရင် အဆင်ပြေသလိုပဲ ပြောဆိုဆက်ဆံနေရတယ်။ အဲဒီလိုမဟုတ်ရင် သူတို့ပြောတဲ့ ဒလန်(သူလျှို) ဆိုပြီး လူကို အမျိုးမျိုးဝေဖန်ပြောဆိုဦးမယ်။ ပြောတာကတော်သေး တော်ကြာ ရုံးသွား / ရုံးပြန် အန္တရာယ်ပေးမှာ စိုးရသေးတယ်လေ။ ဟိုနေ့ညကဆို တောင်ဒဂုံက သူငယ်ချင်းတောင် ဒီဗဟန်းကို လာအိပ်သေးတယ်။ သူတို့ဘက်မှာ ညဘက်ဆို ကောင်းကောင်းအိပ်မရတဲ့ ညတွေများတော့ အိပ်ရေးတွေပျက်လို့ အိမ်လာအိပ်တာ။ တကယ်တော့ ဘာမှမလုပ်ရင် ခေါင်းပြားအောင် အိပ်ရပါတယ်။ ဘယ်သူမှဘာမှ လာမလုပ်ပါဘူးဆိုပေမယ့် ပတ်ဝန်းကျင်မကောင်းပြန်ရင်လည်း သောကတစ်မျိုးရောက်ရတာပဲ။ အဲဒါကြောင့် တိုင်းပြည်မငြိမ်မသက် ဖြစ်နေတာကို အမြန်ဆုံး အဆုံးသတ်စေချင်ပြီ။ အခုလိုတွေ မငြိမ်းမချမ်းဖြစ်တာတွေက တစ်စုတစ်ဝိုက်တည်း အခက်အခဲဖြစ်ကြရတာ မဟုတ်ဘူး။ ပြည်သူအားလုံး ဒုက္ခရောက်ကြရတာ**

### သက်ဆိုင်ရာ မိဘတွေထံ ပြန်လည်အပ်နှံနေ

" CDM လှုပ်ရှားမှုရယ်လို့ ပါဝင်နေတဲ့သူတချို့ကို ကျွန်တော် တကယ်နားမလည်နိုင်တော့ဘူး။ သူတို့တွေက ဆင်ခြင်တုံတရားမရှိတဲ့ လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ် လုပ်နေကြတာ တွေ့ရတယ်။ ဟိုနေ့ကဆို ကျွန်တော်တို့က ရပ်ကွက်အေးချမ်း လုံခြုံရေးအတွက် လှည့်ကင်းလှည့်ကြတယ်။ ကျွန်တော်တို့ရဲ့အဖွဲ့ရော၊ စစ်ဘက်ဆိုင်ရာ အဖွဲ့နဲ့ အခြားသက်ဆိုင်ရာ အဖွဲ့အစည်းတွေလည်း ပါကြတယ်။ ကျွန်တော်တို့က တွေ့တဲ့သူတိုင်း၊ CDM လှုပ်ရှားမှုထဲပါတဲ့သူတိုင်းကို လိုက်ပြီးဖမ်းနေတာ မဟုတ်ပါဘူး။ တကယ်ပဲ ပြည်သူလူထုအထဲ ဆူပူအုံကြွမှုကို ဦးဆောင်လုပ်နေတဲ့သူ၊ တိုင်းပြည်မငြိမ်မသက်ဖြစ်အောင်လုပ်နေတဲ့သူတွေ၊ နောက်ကွယ်ကနေ ပြည်သူကို မြှောက်ပင့်သွေးထိုးနေတဲ့သူတွေပြောရရင် နိုင်ငံနဲ့ပြည်သူအပေါ် အဖျက်အမှောင့် လုပ်ရပ်တွေကိုပဲ တစိုက်မတ်မတ် လုပ်ဆောင်နေတဲ့သူတွေကို ဥပဒေနဲ့အညီ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆူပူအကြမ်းဖက်မှုတွေကို နှိမ်နင်းတဲ့အခါမှာလည်း ကိုယ့်ပြည်သူတွေဖြစ်တာနဲ့အညီ အတတ်နိုင်ဆုံး သက်ညှာစွာ ဆောင်ရွက်ပါတယ်။ အဲဒီအပေါ်မှာ အခွင့်ကောင်းယူတဲ့သူတွေလည်းရှိတယ်။ အခုဆိုရင်လည်း ဆူပူအကြမ်းဖက်မှုမှာ ပါဝင်ခဲ့တဲ့ ယာယီထိန်းသိမ်းခံ ထားရတဲ့သူတွေကို သက်ဆိုင်ရာမိဘတွေထံ ပြန်လည်အပ်နှံနေတာ တွေ ရှိပါတယ်။ အဲဒီအပေါ်မှာ ပြည်သူအများစု ကတော့ နားလည်ကြ တယ်။

### ပြည်သူအများစုက အယုံလွယ်ကြတဲ့အထဲမှာပါတယ်

" တစ်ခုဆိုးတာက ကျွန်တော်တို့ မြန်မာလူမျိုးအများစုက တခြားသူပြောရင် အယုံလွယ်ကြတာပဲ။ ပတ်ဝန်းကျင်က မဟုတ်တာတွေရော၊ ဟုတ်တာတွေရော ပြောတာကို အယုံလွယ်ကြလို့လည်း တိုင်းပြည်က အခုလို မဖြစ်သင့်ဘဲ ဖြစ်သွားတယ်လို့မြင်တယ်။ ဖြစ်နိုင်၏၊ မဖြစ်နိုင်၏ စူးစမ်းလေ့လာမှုလည်း မရှိကြသလို တစ်ဖက်သားကို အယုံလွယ်တော့ အများစုက လမ်းမှားရောက်သွားကြတာပဲ။ ပြောရရင် မြန်မာပြည်သူအများစုက အယုံလွယ်ကြတဲ့အထဲမှာပါတယ်။အများစုက ရိုးသားကြတာကို။ ရိုးသားပြီး ရှေ့/နောက်မစဉ်းစားဘဲ တစ်ယူသန်ဆန်ကြတော့ အစွန်းရောက်ပြီး သူ့ဘက်/ ကိုယ့်ဘက် မတွေးကြတော့ဘူး။ အခုပြည်သူတွေ အများစုပြောနေကြတဲ့ တစ်ဖက်ပိတ်လို ဖြစ်ကုန်ရော၊ လေ့လာမှုကလည်းနည်း၊ သူများပြောတာလည်း အယုံလွယ်၊ ပြောရရင် ကျွန်တော်တို့လူမျိုးတွေက တစ်ပါးသူ အမှောင်တိုက်သွင်းလို့ လွယ်တာပေ့ါ။ အယုံလွယ်တဲ့ပြည်သူတချို့က တကယ်ထင်ကြတာ။ ဒါကြောင့် နိုင်ငံခြားသားတစ်ဦးနဲ့ စကားပြောတော့ မင်းတို့ မြန်မာတွေက ရိုးသားလွန်းကြတယ်နော်တဲ့။

"သူပြောချင်တာက မြန်မာနိုင်ငံသားအများစုက တစ်ပါးသူပြောတာကို အယုံလွယ်ကြပြီး ကိုယ်ကိုယ်တိုင် စူးစမ်းလေ့လာမှုအားနည်းတယ်၊ အသိဉာဏ်နဲ့ စဉ်းစားဆင်ခြင်နိုင်မှု အားနည်းတယ်လို့ ဆိုလိုတာကို သဘောပေါက်လိုက်ပါတယ်။ ပြောရရင် အခု CDM လှုပ်ရှားမှုကလည်း ဒီလိုပါပဲ။ အခုဆို ဖြစ်နိုင်/ မဖြစ်နိုင် မစဉ်းစားဘဲ CDM လှုပ်ရှားမှုထဲ အယုံလွယ်ပြီး ပါသွားကြတဲ့ ဝန်ထမ်းတချို့ အခက်တွေ့နေရတယ်။ တချို့ဆို ဝန်ထမ်းဥပဒေနဲ့အညီ အရေးယူခံနေရလို့ အယူခံဝင်ဖို့တောင် လုပ်နေကြရတယ်လို့ ကြားတယ်။ ဒါတွေက အစကတည်းက စဉ်းစားသုံးသပ်လုပ်ဆောင်ရင် ဘယ်လိုမှ ဒီအခြေအနေအထိ ဖြစ်လာစရာ အကြောင်းမရှိဘူးလေ။ ဝန်ထမ်းအများစုကတော့ အမှား/ အမှန် ခွဲခြားသိမြင်ကြပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ရပ်ကွက်အေးချမ်းသာယာဖို့ လိုက်ပြီးလှည့်ကင်းတွေ ပတ်ပေးနေရတာ အသားကျပြီးသားမထူးဆန်းတော့ပါဘူး။ ဒါတွေက ကျွန်တော်တို့ရဲ့အလုပ်၊ တာဝန်တွေလေ။ အဲဒါကြောင့် ပြည်သူတွေကို အမြင်မှန်ရပြီး အယုံမလွယ်စေချင်ဘူး။ သေချာတာတစ်ခုကတော့ ဘာတစ်ခုမှ ဥပဒေမဲ့ ကျူးလွန်ထားတာမရှိရင် ယခင်လိုဘဲ အေးအေးချမ်းချမ်း ပြန်ဖြစ်သွားမှာပါ" ဟု ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်း ညစဉ်ပြည်သူများ အေးချမ်းစွာ အိပ်စက်အနားယူနိုင်ရေး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ကင်းလှည့်ဆောင်ရွက်ပေးနေသော ရဲတပ်ဖွဲ့ဝင်တစ်ဦးက လတ်တလောကြုံတွေ့နေရမှုများနှင့်ပတ်သက်၍ ရှင်းပြသည်။

### အေးအေးချမ်းချမ်းနဲ့ အသက်မွေးဝမ်းကျောင်းပြုချင်

ရန်ကုန်မြို့ မြို့နယ်လျှပ်စစ်ရုံးတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော မမိုးပွင့်ဖြူ( အမည်လွှဲ)က CDM လှုပ်ရှားမှု နောက်ဆက်တွဲအခြေအနေများနှင့် ပတ်သက်၍ "ယူနီဖောင်းနဲ့ ရုံးမတက်ရတာ နှစ်လပြည့်တော့မယ်။ အရင်ကတည်းက အဝတ်အစား အများကြီး အပိုဝယ်ထားတာ မကြိုက်တော့ မဝယ်ထားဘူး။ အဝတ်အစားဆိုလို့ ရုံးတက်ယူနီဖောင်းနဲ့ ထသွားထလာ သွားဖို့လောက်ပဲရှိတာ။ အခု ယူနီဖောင်း မဝတ်ရတော့ ဒါတွေပဲ ထပ်တလဲလဲ ဖြစ်နေပြီ။ ရုံးတက်ရတာလည်း ခိုးကြောင်ခိုးဝှက်နဲ့ တကယ်မလုံခြုံသလိုပဲ။ အခု CDM နိုင်ငံရေး လှုပ်ရှားမှုက ကျွန်မတို့လို ဝန်ထမ်းတွေအတွက် တကယ်ပဲ မလွယ်ဘူး။ ဆုပ်လည်းစူး စားလည်းရူးဆိုတာ ဒါမျိုးထင်ပါတယ်။ CDM လှုပ်ရှားမှုထဲပါရင်လည်း အလုပ်ပြုတ်၊ ဒါမှမဟုတ်ရင် ဝန်ထမ်းဥပဒေနဲ့အညီ အရေးယူတာခံရမယ်။ CDM လှုပ်ရှားမှုထဲ မပါပြန်တော့လည်း ရုံးကို ကောင်းကောင်းနဲ့ အေးအေးချမ်းချမ်း မတက်ရဘူး။ ရုံးသွားရင်လည်း ဟိုနားသွားမှာပါ၊ ဒီနားသွားမှာပါနဲ့ ရပ်ကွက်ထဲ လိမ်ပြောရတာ အမော။ ထမင်းချိုင့်ဆိုလည်းမယူဘဲ ရုံးနားကဆိုင်မှာ ဝယ်စားနေရတာ ပိုက်ဆံကကုန်သေး။ အရင်ကထက် ငွေလည်းကုန်၊ ပတ်ဝန်းကျင်ကိုလည်း ကြောက်နေရတယ်။ ပြော် အေးအေးချမ်းချမ်းနဲ့ အသက်မွေးဝမ်းကျောင်းပြုချင်လို့ ဝန်ထမ်းလုပ်ပါတယ်ဆိုမှ ခုတော့ အားလုံးကို ကြောက်နေရတယ်။

### မငြိမ်မသက်ဖြစ်နေတာကို အမြန်ဆုံး အဆုံးသတ်စေချင်ပြီ

"တော်သေးတာက ကျွန်မတို့နေတဲ့ ရပ်ကွက်က သူများရပ်ကွက်တွေလို ဆူဆူပူပူမရှိလို့။ ရပ်ကွက်အတွင်း လမ်းတွေပိတ်တာလည်း မရှိဘူး။ ကိုယ့်လမ်းကိုယ်သွား၊ ကိုယ့်အလုပ်ကိုယ်လုပ်နေကြတဲ့သူတွေများလို့ပေ့ါ။ CDM လှုပ်ရှားမှုရယ်လို့ အဓိကအားပေးလှုံ့ဆော်နေတာလည်း အလုပ်မရှိသေးတဲ့ လူငယ်တွေနဲ့ မှိုခိုတွေ များကြပါတယ်။ ရပ်ကွက်ထဲမှာလည်း ရုံးသွားရင် သူတို့ကိုပဲ ရှောင်နေရတာ။ သူတို့နဲ့တွေ့ရင် အဆင်ပြေသလိုပဲ ပြောဆိုဆက်ဆံနေရတယ်။ အဲဒီလို မဟုတ်ရင် သူတို့ပြောတဲ့ ဒလန်(သူလျှို)ဆိုပြီး လူကို အမျိုးမျိုး ဝေဖန်ပြောဆိုဦးမယ်။ ပြောတာကတော်သေး တော်ကြာ ရုံးသွား/ ရုံးပြန် အန္တရာယ်ပေးမှာ စိုးရသေးတယ်လေ။ ဟိုနေ့ညကဆို တောင်ဒဂုံက သူငယ်ချင်းတောင် ဒီဗဟန်းကို လာအိပ်သေးတယ်။ သူတို့ဘက်မှာ ညဘက်ဆို ကောင်းကောင်းအိပ်မရတဲ့ ညတွေများတော့ အိပ်ရေးတွေပျက်လို့ အိမ်လာအိပ်တာ။ တကယ်တော့ ဘာမှမလုပ်ရင် ခေါင်းပြားအောင် အိပ်ရပါတယ်။ ဘယ်သူမှ ဘာမှလာမလုပ်ပါဘူး ဆိုပေမယ့် ပတ်ဝန်းကျင်မကောင်းပြန်ရင်လည်း သောကတစ်မျိုး ရောက်ရတာပဲ။ အဲဒါကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်နေတာကို အမြန်ဆုံး အဆုံးသတ်စေချင်ပြီ။ အခုလိုတွေ မငြိမ်းမချမ်းဖြစ်တာတွေက တစ်စုတစ်ဝိုက်တည်း အခက်အခဲဖြစ်ကြရတာမဟုတ်ဘူး။ ပြည်သူအားလုံး ဒုက္ခရောက်ကြရတာ" ဟု သူမအမြင်ကို ပြောကြားခဲ့သည်။

"ဒီမှာက နယ်ဆိုတော့ မြို့ကြီးတွေပေါ်လို ရုတ်ရုတ်သဲသဲတော့ သိပ်မရှိပါဘူး။ အများစုက လက်လုပ်လက်စားနဲ့ တောင်သူ တွေ၊ စပျစ်ခြံနဲ့ အသက်မွေးဝမ်းကျောင်းပြုတဲ့သူတွေ များကြတယ်လေ။ ဒီနှစ်ဆို စပျစ်သီးဈေးက အတော်လေးကို မကောင်းတာ။ မနှစ်က ဒီလိုလမျိုးဆို ခူးရတဲ့စပျစ်ခြံတွေ ဈေးကောင်းရကြတယ်။ ဒီနှစ်တော့ ရောင်းထွက်အောင်ကို မနည်းကြိုးပမ်းနေကြရတာ။ ကျွန်တော့်အမြင်ပြောရရင် CDM လှုပ်ရှားမှုကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်ပြီး ကုန်သွယ်စီးဆင်းမှုလည်း မကောင်း၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကအစ ဘက်ပေါင်းစုံ ဆုတ်ယုတ်ရပါတယ်။ အဲဒါတွေကို ပြည်သူတွေအနေနဲ့ အမြန်ဆုံးအမြင်မှန်ရစေချင်ပြီ။ အခုဆို ဆေးရုံ၊ ဆေးပေးခန်း တွေလည်း ပိတ်ထားတော့ တကယ့်ကျန်းမာရေး အခက်အခဲကြုံရ တာက ပြည်သူတွေပဲ။ ဒီ CDM လှုပ်ရှားမှုကြောင့် ပြည်သူတွေမှာ အခက်အခဲအမျိုးမျိုး ကြုံနေကြရတယ်။ ဒါတွေကို ပြည်သူအများစု မသိကြတာလည်း မဟုတ်ဘူး။ သိသိကြီးနဲ့ လုပ်နေကြတာတွေ၊ နောက်ကွယ်က မြှောက်ပေးနေကြတာတွေဟာ လူ့ဝန်းကျင် အသိတရားနဲ့ယှဉ်ကာ အဲဒီလုပ်ဆောင်မှုတွေကို ရပ်သင့်နေပြီလို့ မြင်ပါ တယ်" ဟု ရမည်းသင်းမြို့နယ် ရွာတန်းကျေးရွာအုပ်စုနေ စပျစ်သီး ရောင်းဝယ်သူ ကိုမင်းထွန်း (အမည်လွှဲ)က သူ၏အမြင်ကို ပြောသည်။

# မြိတ်မြို့နယ်တွင် ငွေကျပ်သိန်း ၂၉၄၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ရပ်စောက်မြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၉

လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၇ ရက် ညနေ ၆ နာရီခွဲခန့်တွင် မြိတ်မြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာ ကျွဲကူး-ကျောက်ဖျာတံတားထိပ်၌ သက်နိုင်ဦး မောင်းနှင်ပြီး အောင်နိုင်လတ်၊ သိန်းစိုးလင်း၊ မြတ်သူဟိန်းတို့လိုက်ပါလာသည့် ခရီးသည်တင်မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၀၀၀ သိမ်းဆည်းရမိခဲ့သည်။

အလားတူ မတ် ၂၈ ရက် နံနက် ၈ နာရီ မိနစ် ၄၀ က ပူးပေါင်းအဖွဲ့မှ မြိတ်မြို့ အဝေးပြေးကားဝင်းရှိ ခရီးသည်တင်မော်တော်ယာဉ်ဂိတ်၌ သတင်းအရ စောင့်ဆိုင်းနေစဉ် လူမဲ့တန်ဆာကတ်ထုပ်ပုံး လာရောက်ရွေးယူနေသူ ကျော်ကျော်(ခ) အာကာအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀၀ စုစုပေါင်း ငွေကျပ်သိန်း ၂၉၄၀ တန်ဖိုး သိမ်းဆည်းရမိခဲ့ကြောင်း၊ အလားတူ မတ် ၂၆ ရက် ည ၇ နာရီတွင် ပင်ဖြစ်ရဲကင်းစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် ယမ်းတွင်းငါးကြောင်ကျေးရွာအုပ်စု ပင်ဖြစ်-ဆပ်သေ ကျေးရွာသွား ကားလမ်းတွင် မသင်္ကာဖွယ်တွေ့ရှိသူ ကျော်လွင်ဦးအား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၅၇၀ ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား



# မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက် ဥက္ကလာပဘူတာ ဝန်ထမ်းလိုင်းခန်း နှစ်ခန်းတွဲ မသမာသူများ၏ လက်ချက်ကြောင့် မီးလောင်ကျွမ်းမှုဖြစ်ပွား

နေပြည်တော် မတ် ၂၉

မြောက်ဥက္ကလာပမြို့နယ် ပုရွက်ဆိတ်ကုန်းရပ်ကွက်၌ ယနေ့ နံနက် ၂ နာရီခန့်တွင် မသမာသူများက မီးရှို့ထားသော ဓာတ်ဆီပုလင်းဖြင့် ပစ်ပေါက်ခဲ့ရာ အုပ်ချုပ်ရေးမှူးရုံးနှင့် ဥက္ကလာပဘူတာ ဝန်ထမ်း လိုင်းခန်းကြားသို့ ကျရောက်၍ မီးလောင်ကျွမ်းမှု ဖြစ်ပွားခဲ့ပြီး နံနက် ၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့ကြောင်း သိရသည်။ (ယာပုံ)



မီးလောင်မှု ဖြစ်စဉ်တွင် ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးမှာ အနည်းငယ်သာ မီးလောင်ခဲ့ပြီး မြန်မာ့မီးရထားဝန်ထမ်း လိုင်းခန်း နှစ်ခန်းတွဲ သွပ်မိုးပျဉ်ထောင် တစ်လုံး (၄၀၅-စတုရန်းပေ)နှင့် နှစ်ခန်းတွဲအိမ်သာ တစ်လုံး (၃၆-စတုရန်းပေ) ကာလတန်ဖိုး ငွေကျပ် ၁၅ သိန်းခန့် ဆုံးရှုံးခဲ့ကာ လိုင်းခန်းတွင် နေထိုင်သော ဦးဆန်းရွှင် ဘူတာစာရေး (တာဝန်ခံ) ဥက္ကလာပဘူတာ၊ ဦးဇော်ထွန်းအောင် ဘူတာစာရေး ရန်ကုန်ဘူတာတို့မှာ ဖေဖော်ဝါရီ ၁၉ ရက်မှ စ၍ အကြောင်းမဲ့ ပျက်ကွက်လျက်ရှိပြီး နေအိမ်တွင်နေထိုင်ခြင်းမရှိသဖြင့် အိမ်ထောင်သုံးပစ္စည်းများအားလုံး မီးလောင်ဆုံးရှုံးခဲ့သည်။

ထိုကဲ့သို့သော မသမာသူ အကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေ ရဲစခန်းသို့ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ကန့်ဘလူမြို့ရှိ စုပေါင်းရုံး မီးလောင်မှုဖြစ်

ကန့်ဘလူ မတ် ၂၉

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့ အမှတ်(၂) ရပ်ကွက်တွင် မတ် ၂၈ ရက် ည ၈ နာရီ ၁၅ မိနစ်ခန့်က မြို့နယ်စုပေါင်းရုံး အစည်းအဝေးခန်းမ၏ ခေါင်မိုးနှင့်မျက်နှာကြက်ကြားမီးလောင်နေသည်ကိုတွေ့ရ၍ မြို့နယ်မီးသတ်ဦးစီးဌာနသို့ အကြောင်းကြားခဲ့သည်။

အဆိုပါ မီးလောင်ရာသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတင့်ဇော်ထက်နှင့်အဖွဲ့ဝင်များ၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးမှူးနှင့် တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မီးငြိမ်းသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ ည ၈ နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် အစည်းအဝေးခန်းမ ပျက်စီးဆုံးရှုံးခဲ့ပြီး ယင်းမီးလောင်ရာအနီး၌ ပုလင်းအဝတွင် မီးလောင်ထားသည့် မီးစတပ်ထားသော ပုလင်းပြားအတွင်း ဒီဇယ်အနည်းငယ်ကို လည်းကောင်း၊ တံဆိပ်မပါ ဒီဇယ်ထည့်ထားသည့် တစ်လီတာဆံ့ ရေသန့်ဘူးတစ်ဘူးကို လည်းကောင်း တွေ့ရှိရသဖြင့် ကန့်ဘလူမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောင်ဝင်းငြိမ်း(ကန့်ဘလူ)

# တာချီလိတ်မြို့နယ် တာလေမြို့တွင် ငွေကျပ်သိန်း ၂၆၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းများဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၉

တာချီလိတ်မြို့နယ် တာလေမြို့တွင် ငွေကျပ်သိန်း ၂၆၀၀ ကျော် တန်ဖိုးရှိ ထိန်းချုပ်ဓာတုပစ္စည်းများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နယ်မြေလုံခြုံရေးဆောင်ရွက်နေစဉ် မတ် ၂၆ ရက် ည ၉ နာရီခွဲတွင် တာချီလိတ်မြို့နယ် တာလေမြို့ နိမ့်ပိန်းကျေးရွာနေ ဝင်းထွေး (၃၄ နှစ်)၏ နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်ခြံဝင်းအတွင်း ရပ်ထားသည့် Hilux မော်တော်ယာဉ် နှစ်စီးပေါ်မှ ငွေကျပ်သိန်း ၂၆၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ထုတ်လုပ်ရာတွင် အဓိကကုန်ကြမ်းအဖြစ် အသုံးပြုသည့် ထိန်းချုပ်ဓာတုပစ္စည်း ကဖင်းအလေးချိန် ၃ ဒဿမ ၂၇၅ တန် သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိသော ကဖင်းများမှာ တာချီလိတ်မြို့နယ် တာလေမြို့ မဲခေါင်မြစ်ဘေးရှိ ကျက ကျေးရွာမှတရားမဝင်သယ်ဆောင်လာခြင်းဖြစ်ပြီး မိုင်းဆတ်ခရိုင်အတွင်းသို့ သယ်ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအားစစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။ သတင်းစဉ်

သိမ်းဆည်းရမိသည့် ကဖင်းများနှင့်အတူ တွေ့ရစဉ်။



## ကျိုက်ထိုမြို့နယ်တွင် တရားမဝင် ကျွန်းသစ်တံခါးရွက်များ တင်ဆောင်လာသော မော်တော်ယာဉ် ဖမ်းဆီးရမိ

ကျိုက်ထို မတ် ၂၉

ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာ စစ်တောင်းတံတား (မုပ္ပလင်)အနီးတွင် မတ် ၂၉ ရက် နံနက် ၁၁ နာရီက ပဲခူးတိုင်းဒေသကြီးဘက်မှ မွန်ပြည်နယ်သို့အဝင် စစ်ဆေးရေးစခန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် နယ်မြေခံတပ်မှ ဗိုလ်ကြီးထက်မြတ်မင်းနှင့် တပ်ဖွဲ့ဝင်များ၊ ဒုမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးအောင်ကျော်စိုးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဇော်လွင်ဦးနှင့် ဝန်ထမ်းများပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့သည် ဝေါဘက်မှ ကျိုက်ထိုဘက်သို့ ဝေလင်းဟန် (ဘ)ဦးကြင်ဟန် ရွှေပြည်စိုး-၁လမ်း လှိုင်ရပ်ကွက် မော်လမြိုင်မြို့နေသူ မောင်းနှင်ပြီး ၎င်း၏ ဇနီးဖြစ်သူ မသဲမူချို (ဘ)ဦးဝင်းကြည် လိုက်ပါလာသော Light Truck အမျိုးအစား အဖြူရောင် ယာဉ်အမှတ် 2N/---- အား သတင်းအရ ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင် ကျွန်းသစ်တံခါးရွက် (အရွယ်အစားမျိုးစုံ) အချပ်၅၀၊ ခန့်မှန်း တန်ဝက်ခန့်ကို အပေါ်မှဖွဲအိတ်များ ဖြင့် ဖုံးအုပ်သယ်ဆောင်လာသည်ကို တွေ့ရှိခဲ့ရသည်။

စစ်ဆေးလျက်ရှိ

ဖြစ်စဉ်နှင့် ပတ်သက်၍ တရားမဝင် ကျွန်းသစ်တံခါးရွက်များကို သယ်ဆောင်လာသူ ယာဉ်မောင်း ဝေလင်းဟန်အား သစ်တောဥပဒေအရ အရေးယူနိုင်ရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

# သတင်းစာဖတ်ပြည်သူများအနေဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The Global New Light of Myanmar ရောင်စုံသတင်းစာများ မှာယူဖတ်ရှုလိုခြင်းနှင့် သတင်းစာများရောက်ရှိမှု မရှိခြင်းတို့ကြောင့် အခက်အခဲများဖြစ်ပေါ်ပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်နိုင်ပါသည်-

- သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော်။
  ဖုန်း-၀၆၇-၃၄၁၂၁၁၈၊ ၀၉-၄၃၀၁၉၁၆၂
- နေပြည်တော်သတင်းစာတိုက်(ဇေယျာသီရိမြို့နယ်)
  ဖုန်း-၀၆၇-၃၆၁၀၇၊ ၀၉-၄၂၀၇၀၆၈၆၇
- မြန်မာ့အလင်းသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၉၅၄၄၃၁၇၊ ၀၉-၄၄၈၀၄၂၂၁၄
- ကြေးမုံသတင်းစာတိုက်(ရန်ကုန်)
  ဖုန်း-၀၁-၈၂၉၂၈၃၀၊ ၀၉-၄၅၀၀၂၅၅၇၀
- The Global New Light of Myanmar (ရန်ကုန်)
  ဖုန်း-၀၁-၈၆၀၄၅၃၂၊ ၀၉-၉၈၃၉၂၄၉၉၁
- ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)
  ဖုန်း-၀၂-၄၀၃၂၇၂၉၊ ၀၂-၄၀၃၂၅၅၀
- ကိုယ်ပွားသတင်းစာတိုက်(မုံရွာ)
  ဖုန်း-၀၇၁-၂၀၂၆၅၃၅၊ ၀၇၁-၂၀၂၆၅၃၃
- ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)
  ဖုန်း-၀၅၇-၂၀၂၇၅၂၅၊ ၀၅၇-၂၀၂၇၅၂၆
- ကိုယ်ပွားသတင်းစာတိုက်(စစ်တွေ)
  ဖုန်း-၀၄၃-၂၀၂၄၀၉၁၊ ၀၄၃-၂၀၂၃၀၆၈
- ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)
  ဖုန်း-၀၈၁-၂၁၂၁၁၆၄
- ကိုယ်ပွားသတင်းစာတိုက်(မကွေး)
  ဖုန်း-၀၆၃-၂၀၂၃၇၁၂
- ကိုယ်ပွားသတင်းစာတိုက်(ကျိုင်းတုံ)
  ဖုန်း-၀၈၄-၂၀၂၂၄၉၂
- ကိုယ်ပွားသတင်းစာတိုက်(ကလေး)
  ဖုန်း-၀၇၃-၂၀၂၂၁၃၃
- ကိုယ်ပွားသတင်းစာတိုက်(မြစ်ကြီးနား)
  ဖုန်း-၀၇၄-၂၅၂၂၄၆၂
- ကိုယ်ပွားသတင်းစာတိုက်(လားရှိုး)
  ဖုန်း-၀၈၂-၂၂၀၄၀၆၇
- ကိုယ်ပွားသတင်းစာတိုက်(မြိတ်)
  ဖုန်း-၀၅၉-၂၀၄၂၁၈၃

သင့်လုပ်ငန်းများအောင်မြင်ဖို့
အမြို့မြို့အနယ်နယ်ပျံ့သည့် မြန်မာ့အလင်း
ကြေးမုံ
GLOBAL NEW LIGHT OF MYANMAR
သတင်းစာတွင် ကြော်ငြာထည့်ကြစို့

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံးမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအား သီးခြားစီတွေ့ဆုံအားပေး

နေပြည်တော် မတ် ၂၉

နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေး ဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ယနေ့ မွန်းလွဲပိုင်း တွင် မန္တလေးတပ်နယ်မှ အရာရှိ၊ စစ်သည်၊ မိသားစုများအား ရန်အောင်မြင်ခန်းမ၌ လည်း ကောင်း၊ မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများ အား ရဲသူရိန်ခန်းမ၌ လည်း ကောင်း သီးခြားစီတွေ့ဆုံ၍ အားပေး အမှာစကားပြောကြား သည်။

အဆိုပါ တွေ့ဆုံပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော် ကာကွယ်ရေးဦးစီး ချုပ်ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ၏ ဇနီး ဒေါ်သန်းသန်းနွယ်၊

စာမျက်နှာ ၇ ကော်လံ ၁ ❑




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုများအား တွေ့ဆုံ အမှာစကားပြောကြားစဉ်။

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြေစီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုများ မတ်လ ၃၀ ရက်တွင် ပြန်လည်ဖွင့်လှစ်မည်

ရန်ကုန် မတ် ၂၉

ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ မြေစီမံခန့်ခွဲ မှုပေးနေသည့် ကိစ္စရပ်များကို အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ Coronavirus Disease (COVID-19) ကြိုတင်ကာကွယ် နိုင်ရေးအတွက် မြေစီမံခန့်ခွဲမှု ဆိုင်ရာ ဝန်ဆောင်မှုပေးနေသည့် ကိစ္စရပ်များကို ဖေဖော်ဝါရီ ၁ ရက် မှစ၍ ခေတ္တရပ်ဆိုင်းခဲ့မှုအပေါ် မတ် ၃၀ ရက်တွင် ပြန်လည် ဖွင့်လှစ်၍ ဝန်ဆောင်မှုလုပ်ငန်း များ ဆောင်ရွက်ပေးမည်ဖြစ် ကြောင်းသိရသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ခရိုင်/မြို့နယ်အလိုက် ရက် သတ်မှတ်၍ တစ်ပတ်လျှင်ရုံး ဖွင့်ရက် သုံးရက် (တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာ) နေ့များတွင် ဗိုလ်တထောင်မြို့နယ် ကုန်သည် လမ်း ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ (၁၂) ထပ် ခွဲရုံး မြေညီထပ် ကားပါကင် ဧရိယာတွင် ဝန်ဆောင်မှုပေးသွား

စာမျက်နှာ ၈ ကော်လံ ၁ ❁

# ရန်ကုန်-မန္တလေး-ဟဲဟိုးလေကြောင်းခရီးစဉ်များ ပျံသန်းပြေးဆွဲ

ရန်ကုန် မတ် ၂၉

ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေး ကာလ အတွင်း ယာယီရပ်နားထားခဲ့ရသည့် ပြည်တွင်း လေကြောင်းခရီးစဉ်များကို ကိုဗစ်-၁၉ ရောဂါပိုး တွေ့ရှိမှု လျော့နည်းကျဆင်းသွားသဖြင့် ပို့ဆောင် ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်း ပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၏ ခွင့်ပြုချက် ဖြင့် ပြန်လည်ပြေးဆွဲခွင့်ပြုခဲ့သည်။

ကိုဗစ်-၁၉ ကာလ ကျဆင်းခဲ့ရသည့် ပြည်တွင်းခရီးသွားလုပ်ငန်းများ ပြန်လည်ဖွံ့ဖြိုး ရေးနှင့် ကုန်စည်ပို့ဆောင်မှု မြန်ဆန်စေရေး အတွက် မြန်မာနိုင်ငံအတွင်း အဓိကနေရာဒေသ နှစ်ခု ခရီးစဉ်တစ်ကြောင်းတည်းဖြင့် ရောက်ရှိနိုင် ရန် ၂၀၂၂ ခုနှစ် မတ် ၂၆ ရက်မှစတင်ပြီး Air KBZ လေကြောင်းလိုင်းမှ ရန်ကုန်-မန္တလေး- ဟဲဟိုး- ရန်ကုန် ခရီးစဉ်ကို စတင်ပြေးဆွဲပေးခဲ့သည်။ ရန်ကုန်မြို့မှ နံနက် ၇ နာရီတွင် ထွက်ခွာပြီး မန္တလေးသို့ နံနက် ၈ နာရီ ၃၅ မိနစ်တွင် ရောက်ရှိ သည်။ ၎င်းမန္တလေးလေဆိပ်မှ နံနက် ၉ နာရီ ၅ မိနစ်တွင် ထွက်ခွာပြီး ဟဲဟိုးသို့ နံနက် ၉ နာရီ မိနစ် ၄၀ တွင် ရောက်ရှိကြောင်း သိရသည်။

မောင်ပြည်သူ (မန္တလေး)

## ရန်ကုန်မြို့ပတ်ရထား နေ့စဉ်ပြေးဆွဲ

စာ » ၈

## ဇာတ်နာအောင် မလုပ်ကြပါနဲ့ မောင်တို့

စာ » ၉

# ဒဏ်ရာကြောင့် အင်္ဂလန်အသင်းနှင့်ပွဲစဉ်ကို လွဲချော်မည့် ပိုလန်တိုက်စစ်မှူး လီဝမ်ဒေါ်စကီး

ပိုလန်တိုက်စစ်မှူး ရေဘတ် လီဝမ်ဒေါ်စကီးသည် မတ် ၂၉ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ခဲ့သည့်ပိုလန်အသင်းက အန်ဒိုရာအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင် ရရှိခဲ့သောပွဲစဉ်၌ ပိုလန်အသင်းအတွက် နှစ်ဂိုးသွင်းယူနိုင်ခဲ့သော်လည်း ဒူးဒဏ်ရာကြောင့် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ် (၃)အဖြစ် နာမည်ကြီး အင်္ဂလန် အသင်းနှင့် ပွဲစဉ်ကို လွဲချော် ဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထား သည်။ လီဝမ်ဒေါ်စကီးသည် အဆိုပါပွဲစဉ်တွင် အသင်းအတွက် ပွဲချိန် မိနစ် ၃၀ နှင့် ၅၅ မိနစ်တို့တွင် နှစ်ဂိုး သွင်းယူပေးနိုင်ခဲ့သည်။

လီဝမ်ဒေါ်စကီးသည် ပိုလန်အသင်းအတွက် နှစ်ဂိုးသွင်းယူပေးပြီးနောက် ပွဲချိန် ၆၃ မိနစ်တွင် ဆိုဒါစကီးနှင့် လူစားလဲခဲ့ရသည်။ အဆိုပါ ကစားသမား၏ ဒဏ်ရာနှင့်ပတ်သက်ပြီး ပိုလန်ဘောလုံးအဖွဲ့ချုပ်က ၁၀ ရက်ခန့်အထိ အနားယူရဖွယ်ရှိကြောင်း ထုတ်ဖော်ပြောကြားလိုက်သည်။ ထို့ကြောင့် လီဝမ် ဒေါ်စကီးသည် ကမ္ဘာ့ဖလားခြေစစ်ပွဲ ပွဲစဉ် (၃) အဖြစ် အင်္ဂလန်အသင်းနှင့် ယှဉ်ပြိုင်ကစားမည့်ပွဲစဉ်ကို လွဲချော်ဖွယ်ရှိနေခြင်းဖြစ်သည်။ ထို့အပြင် လီဝမ်ဒေါ်စကီးသည် ဘိုင်ယန်မြူးနစ်အသင်းနှင့် ပီအက်စ်ဂျီအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ကွာတားဖိုင်နယ် ပထမအကျော့ပွဲစဉ်ကို ပါဝင်ကစားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ လက်ရှိတွင် ၎င်းသည် နောက်ထပ်ကုသမှုများခံယူရန်အတွက် ဂျာမနီသို့ ပြန်လည်ထွက်ခွာသွားပြီ ဖြစ်ကြောင်း သိရသည်။ ကမ္ဘာ့ဖလားခြေစစ်ပွဲ အုပ်စု (I) တွင် အင်္ဂလန်အသင်းက နှစ်ပွဲကစား နှစ်ပွဲနိုင် ရမှတ်ခြောက်မှတ်ဖြင့် အမှတ်ပေးဇယားကို ဦးဆောင် ထားသည်။ ပိုလန်အသင်းက နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲသရေကျထားသဖြင့် ရမှတ်လေးမှတ်ဖြင့် အဆင့် (၂) နေရာတွင် ရပ်တည်နေသည်။

လီဝမ်ဒေါ်စကီးသည် ယခုနှစ်ရာသီတွင် ဘိုင်ယန်မြူးနစ်အသင်းတွင်လည်း ခြေစွမ်းပြကစားထားနိုင်သူ တစ်ဦးဖြစ်ပြီး ပြိုင်ပွဲအရပ်ရပ် ၃၆ ပွဲတွင် ၄၂ ဂိုး အထိ သွင်းယူပေးထားနိုင်သူဖြစ်သည်။ ၎င်းသည် မတ် ၂၆ ရက်က ယှဉ်ပြိုင် ကစားခဲ့သည့် ဟန်ဂေရီအသင်းနှင့် ပိုလန်အသင်းတို့ တစ်ဖက်သုံးဂိုးစီ သရေကျ ခဲ့သော ပွဲစဉ်တွင်လည်း အသင်းအတွက် တစ်ဂိုးသွင်းယူပေးထားနိုင်သည်။ ထို့ကြောင့် လီဝမ်ဒေါ်စကီးသည် ပိုလန်အသင်းအတွက် နှစ်ပွဲကစားပြီး သုံးဂိုးသွင်းယူပေးထားနိုင်ခြင်းဖြစ်သည်။

အောင်ဇော်